# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၀၃)





ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

## မူးယစ်ဆေးဝါးသုံးစွဲမှုကို ကျန်းမာရေးနှင့်လူမှုရေးပြဿနာ တစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ပြီး လူမှုရေးပြစ်ဒဏ်အဖြစ်သာ ချမှတ်နိုင်ရန် ဖြည့်စွက်ပြဋ္ဌာန်းခဲ့

**နေပြည်တော် ဇူလိုင် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ **"ပြည်ထဲရေးဝန်ကြီးဌာနက သိမ်းယူထားသော ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု လက္ခဏကျေးရွာ ဝါဂွမ်းလှိုင်ထိပ်ကွင်း ကွင်းအမှတ် (၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈) ရှိ အမည်ပေါက် လယ်မြေများအား ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အကျဉ်းဦးစီးဌာနအနေဖြင့် လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို အကျဉ်းသားများလုပ်အားဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းအဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံ ဦးစောခင်လှမြိုင်ပါ တောင်သူ ၈၄ ဦး အနေဖြင့် အကျဉ်းဦးစီးဌာနမှ စွန့်လွှတ်အပ်နှံထားသော လယ်ယာမြေ ၉၁ ဒသမ ၁၀ ဧကကိုသာ လျှင် လယ်ယာမြေပိုင်ဆိုင်ခွင့် လျှောက်ထားရန်နှင့် အကျဉ်းဦးစီးဌာနမှ လက်ရှိလုပ်ကိုင်နေသော ၈၁၁ ဒသမ ၉၉ ဧကမှ ထပ်မံစွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **"မူးယစ်ဆေးဝါး သုံးစွဲသူများအတွက် လူမှုရေးပြစ်ဒဏ်အဖြစ် ချမှတ်သည့် ပြစ်ဒဏ်ပေးခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်တွင်းသတင်း စာ» ၈၊ ၉

## တိုးမြှင့်ပင်စင် ငွေပေးမိန့်များကို စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ နေ့စဉ်ပေးပို့လျက်ရှိ

ပြည်တွင်းသတင်း စာ » ၁၀

## တရုတ်နိုင်ငံမှ လက်နက်အမြောက်အမြား ဝယ်ယူခဲ့ကြောင်း ကမ္ဘောဒီးယား ပြော

နိုင်ငံတကာသတင်း စာ » ၁၄

## နယ်စပ်တံတိုင်း တည်ဆောက်ဖို့ ရန်ပုံငွေသုံးစွဲခွင့် ရရှိသွားတဲ့ သမ္မတ ထရမ့်

နိုင်ငံတကာရေးရာ စာ » ၁၅


FREE ADMISSION TO EXHIBITION ဝင်ကြေးအခမဲ့

INVITATION ဖိတ်ကြားစာ
1-3 AUGUST 2019
Novotel Yangon Max Hotel (Yangon Ballroom) Yangon, Myanmar.

The 4th Edition of BUILDERS MYANMAR 2019
An International Exhibition on Building & Construction.

The 5th Edition of POWEREx MYANMAR 2019
An International Exhibition on Power, Power Generation and Power Transmission Equipment, Technologies & Supplies.

Highlights of PowerEx and Builders Myanmar 2019 Exhibition:
- Myanmar Power Award 2019 & Builders Myanmar Award 2019
- Power Generation, Building & Construction Technology Seminars
- PowerEx & Electric Myanmar Conference

Electric Myanmar 2019 | Myanmar LED & Lighting Expo 2019 | HVAC Expo | Renewable Energy Expo 2019 | Hardware & Tools 2019 | WaterTech Myanmar 2019

Tel: (+95)1 860 5200, (+95)1 860 5201 Sales Hotline: (+95)9 2501 75661
Email: myanmar@asiafireworks.com www.buildmyanmar.com, www.myanmar-power.com

မြန်မာ့အလင်း

## မဖြစ်မီကပင် ဆင်ခြင်ကာကွယ်ပါ အသည်းရောင်အသားဝါ(ဘီ)နှင့် (စီ)ရောဂါ

စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံတွင်အသည်းရောင်အသားဝါ (ဘီ)နှင့် (စီ)ရောဂါတို့ ဖြစ်ပွားမှုမြင့်တက်လျက်ရှိသည်ဟု သိရသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ ဦးစီးကောက်ယူခဲ့သော အဆိုပါစစ်တမ်းတွင် လူဦးရေ၏ ၆ ဒသမ ၅ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ(ဘီ)ရောဂါဖြစ်ပွားနေပြီး လူဦးရေ၏ ၂ ဒသမ ၇ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ(စီ)ရောဂါ ဖြစ်ပွားနေသည်ဟုဆိုထားသည်။ အဆိုပါ စစ်တမ်းကို ၂၀၁၅ ခုနှစ်အတွင်းကကောက်ယူခဲ့ခြင်းဖြစ်သည့်အတွက် ကိန်းဂဏန်းများမှာ လေးနှစ်တာကာလအတွင်း ပြောင်းလဲမှုများ ရှိနေလိမ့်ဦးမည်။

အသည်းရောင်ရောဂါဖြစ်ပွားသူများ၏ ၁၀ ဦးတွင် တစ်ဦးခန့်သည် ရောဂါဖြစ်ပွားနေကြသည်ကို မသိရှိကြသဖြင့် ကုသမှုများကို အချိန်မီမခံယူနိုင်ကြသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်။ အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးတို့က ရောဂါလက္ခဏာမပြဘဲ နှစ်ပေါင်းများစွာ ငုပ်လျှိုးနေနိုင်သည်။ ဘီပိုးကနှစ်ပေါင်းများစွာကြာပြီးမှ ရောဂါဖြစ်လာနိုင်သည်။ စီပိုးသည် ၅ နှစ် - ၁၀ နှစ်မှ ၁၅ နှစ် - နှစ် ၂၀ အတွင်း အသည်းခြောက်ရောဂါဖြစ်လာနိုင်သည်ဟု ဆိုသည်။ အသည်းခြောက်ရောဂါမှ တစ်ဆင့် အသည်းကင်ဆာဖြစ်လာနိုင်ခြင်းကြောင့် အသည်းမခြောက်မီ ကုသနိုင်ကြဖို့ လိုသည်။ ဘီပိုးက ကာကွယ်ဆေးရှိသည်။ ကုသရန်အတွက်မူ အောင်မြင်မှုကောင်းကောင်းမရသေး။ စီပိုးကမူ ကာကွယ်ဆေးမရှိ။ သို့ရာတွင် အောင်မြင်စွာကုသနိုင်ပြီဟု မှတ်သားရဖူးသည်။

အသည်းရောင်အသားဝါ(ဘီ)နှင့်(စီ)တို့ ဖြစ်ပွားမှုမြင့်တက်ရခြင်းမှာ ကူးစက်ရသည့်နည်းလမ်းကို သတိမပြုကြခြင်းတို့ကြောင့် ဖြစ်မည်ဟု ယူဆမိသည်။ ရောဂါပိုးသည်သွေး၊ ခန္ဓာကိုယ်မှထွက်သောအရည်များ၊ တံတွေးများတွင်ပါဝင်ပြီး ယင်းတို့မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည့်အတွက် ရောဂါပိုးရှိသော မိခင်မှမွေးဖွားသည့်ကလေးသို့လည်းကောင်း၊ ရောဂါပိုးပါဝင်သည့်သွေး၊ အရည်တို့ကို ထိတွေ့ကိုင်တွယ်မိခြင်းကြောင့် လည်းကောင်း၊ ရောဂါပိုးပါနေသည့်ဆေးထိုးအပ်၊ သွေးဖောက်အပ်၊ နားဖောက်အပ်၊ ဆေးမင်ကြောင်အပ်နှင့်အပ်စိုက်ကုသည့်အပ်တို့မှလည်းကောင်း၊ ရောဂါပိုးပါသော ကိုယ်ခန္ဓာအစိတ်အပိုင်း၊ သွေးတို့ကိုအစားထိုးကုသမိခြင်းမှလည်းကောင်း၊ ရောဂါရှိသူနှင့် လိင်ဆက်ဆံမိခြင်းမှလည်းကောင်း ကူးစက်ခြင်းဖြစ်သည့်အတွက် ယင်းအပြုအမူများကို ဂရုတစိုက်ပြုလုပ်ကြရမည်ဖြစ်သည်။ မလိုအပ်ဘဲဆေးထိုးခြင်းကို ရှောင်ကြဉ်သင့်ပြီး တစ်ခါသုံးအပ်များကိုသာသုံးစွဲရန်၊ လက်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရန်၊ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓားတို့ကိုမျှဝေသုံးစွဲမှုမပြုရန်တို့ကို အသည်းရောင်(ဘီ)ပိုး၊ (စီ)ပိုးကူးစက်မှုကာကွယ်ရန် နည်းလမ်းများအဖြစ် ဂရုပြုကြရမည်ဖြစ်သည်။

ဘီပိုးသည်ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်နိုင်သည့်အလျောက် ကြိုတင်ကာကွယ်ဆေး(၃)ကြိမ်ထိုးပြီး ကာကွယ်ထားနိုင်သည်။ မွေးဖွားပြီး ကလေးကို ၂၄ နာရီအတွင်း ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကာကွယ်နိုင်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ တိုးချဲ့ကာကွယ်ဆေးလုပ်ငန်းက ကလေးငယ်များအတွက် အသည်းရောင်(ဘီ)ရောဂါကာကွယ်ဆေးများကို မွေးကင်းစ၊ အသက်(၂)လ၊ အသက်(၄)လ၊ အသက်(၆)လတို့တွင် အခမဲ့ထိုးနှံပေးလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ရှိဆေးရုံကြီး(၇)ရုံ၊ ၂၀၁၈ ခုနှစ်တွင် မြစ်ကြီးနားနှင့် မော်လမြိုင်ရှိဆေးရုံကြီးများ၌ အသည်းရောင်အသားဝါ(စီ)ကုသမှုဌာနများဖွင့်လှစ်၍ အခမဲ့ကုသပေးလျက်ရှိရာ ယခုနှစ်မေလအထိ စီပိုးဝေဒနာရှင် ၅၀၀၀ ခန့်ကို ကုသပေးနိုင်ခဲ့ကြောင်း၊ လာမည့်ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် စီပိုးကုသမှုဌာနများထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့အသည်းဖောင်ဒေးရှင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အသင်းခွဲ ၂၃ ခုဖြင့် အသည်းရောင်ရောဂါ(ဘီ)နှင့် (စီ)ရှိမရှိစစ်ဆေးခြင်း၊ (ဘီ)ပိုး ကာကွယ်ဆေးထိုးနှံခြင်း၊ (စီ)ပိုးရောဂါဖြစ်ပွားသူများကုသခြင်းများ ဆောင်ရွက်နေခြင်းတို့မှာ အားတက်ဖွယ်ရာ သတင်းကောင်းများပင် ဖြစ်သည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက်အရင်းခံကျသည့်အလျောက် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် မိမိတို့၏ အပြုအမူအနေထိုင်များကို ဆင်ခြင်ကာကွယ်နေထိုင်နိုင်ကြဖို့ကိုသာ တိုက်တွန်းနှိုးဆော်လိုသည်။ မိမိတို့၏ကျန်းမာရေးကို မိမိကိုယ်တိုင်ဂရုစိုက်ခြင်းဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်နေသော အသည်းရောင်အသားဝါ တိုက်ဖျက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ကြစေလိုပါကြောင်း။ ။

# မြန်မာနိုင်ငံရှိ အနည်းဆုံးကျားကောင်ရေ ခန့်မှန်းချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံအတွင်း ကျားများကျင်လည်ကျက်စားနေသည့် နယ်မြေသည် နိုင်ငံဧရိယာ၏ ခုနစ်ရာခိုင်နှုန်းခန့် ကေအားဖြင့် ၁၂ သန်းကျော်ရှိပြီး လေ့လာမှုများအရ ကျင်လည်ကျက်စားသည့် နယ်မြေ ရှစ်ရာခိုင်နှုန်းအတွင်း အနည်းဆုံးကျား ၂၂ ကောင် ရှင်သန်ကျက်စားနေကြောင်း သစ်တောဦးစီးဌာနက ယနေ့ကျရောက်သည့် ကမ္ဘာ့ကျားများနေ့တွင် ထုတ်ပြန်သည်။

အဆိုပါ အရေအတွက်သည် ကျားကျက်စားနယ်မြေ စုစုပေါင်း ရှစ်ရာခိုင်နှုန်းခန့်အတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တပ်ဆင်ခဲ့သည့် ကင်မရာထောင်ချောက်များမှ ရရှိသည့် ကျားမှတ်တမ်းဓာတ်ပုံများကို တစ်ကောင်ချင်း စိစစ်ခွဲခြားရာမှရရှိသည့် အရေအတွက်ဖြစ်ကြောင်း သိရသည်။

" ကမ္ဘာပေါ်က ကျားရှိတဲ့ နိုင်ငံ ၁၃ နိုင်ငံသာရှိတဲ့အထဲမှာ မြန်မာနိုင်ငံက တစ်နိုင်ငံအပါအဝင် ဖြစ်တဲ့အတွက် ဂုဏ်ယူပါတယ်။ နိုင်ငံထဲမှာ အရည်အသွေးကောင်းမွန်တဲ့ သစ်တောတွေ ရှိနေဆဲဖြစ်ပြီး ကျားတွေပေါက်ပွားနိုင်နေသေးတယ်ဆိုတဲ့အချက်က အနာဂတ်မှာ ကျားကောင်ရေတိုးပွားလာဖို့ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ကို ပိုမိုခိုင်မာစေပါတယ်။ မြန်မာ့အနာဂတ်မျိုးဆက်တွေက အာရှရဲ့ အထင်ကရမျိုးစိတ်ဖြစ်တဲ့ ကျားတွေနဲ့အတူ ယှဉ်တွဲနေထိုင်ရင်း ဂုဏ်ယူနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ကျားတွေကို ကာကွယ်ပေးဖို့နဲ့ သူတို့ပေါက်ပွားရှင်သန်နိုင်ဖို့ လုံလောက်တဲ့ ကျက်စားနယ်မြေတွေရှိနေစေဖို့ အားလုံးပူးပေါင်းပြီး အထူးကြိုးစားလုပ်ဆောင်သွားကြရမှာပါ" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။



မြန်မာနိုင်ငံအတွင်း ကျင်လည်ကျက်စားနေဆဲ ကျားများကို တန်ဖိုးထားထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ မြန်မာအနုပညာရှင်များကလည်း အနုပညာလှုပ်ရှားမှုတစ်ခုကို ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

"အဖိုးတန် အနုပညာလက်ရာတွေလိုပါပဲ၊ ကျားတစ်ကောင်ချင်းစီဟာ မြန်မာနိုင်ငံရဲ့ဂုဏ်ယူစရာ အမွေအနှစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ဆက်စပ်ဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရဲ့ ကျားတွေကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။ ကျားအပါအဝင်တောရိုင်းတိရစ္ဆာန်တွေကို အမဲလိုက်သတ်ဖြတ်တာတွေ အားမပေးဖို့၊ ကိုယ်တိုင်လည်း မကျူးလွန်ကြဖို့နဲ့ ကျားတွေ ပိုင်ဆိုင်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်တံ့နေစေရေးအတွက် ပြည်သူတွေအနေနဲ့လည်း အတူတကွကြိုးပမ်းကြဖို့ တိုက်တွန်းလိုပါတယ်" ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က ပြောကြားသည်။

IUCN မှ ထုတ်ပြန်ထားသည့် ခြိမ်းခြောက်မှုခံနေရသော မျိုးစိတ်များစာရင်းတွင် ကျားကိုမျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် ထည့်သွင်းသတ်မှတ်ထားပြီး IUCN ၏ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော နောက်ဆုံးစစ်တမ်းအရ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျားများမျိုးသုဉ်းသွားနိုင်ခြေရှိကြောင်း သိရသည်။

ထို့ပြင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝကျားကောင်ရေ ၄၀၀၀ အောက်သာရှိကာ အများစုမှာ အိန္ဒိယတွင်ဖြစ်ပြီး အရှေ့တောင်အာရှအနေဖြင့် မကြာသေးမီ ဆယ်စုနှစ်များအတွင်းက သဘာဝကျားကောင်ရေ တစ်ရှိန်ထိုးကျဆင်းမှုနှင့်အတူ ကျားများမျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမားရေးရာကိစ္စရပ်များ ထိရောက်စွာကူညီဖြေရှင်းနိုင်ရန် ရည်ရွယ်၍ အလုပ်ရှင်အဖွဲ့အစည်းဌာနမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၂၉**

နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်သမားရေးရာ ကိစ္စရပ်များတွင် ထိရောက်စွာ ကူညီဖြေရှင်းနိုင်စေရန် ရည်ရွယ်၍ အလုပ်ရှင်အဖွဲ့အစည်းဌာန (EOD)ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအများစုအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများအပေါ် လိုက်နာမှုနှင့် အကောင်းဆုံးသောလုပ်သားထုပုံစံရှိနိုင်သည့် လုပ်ငန်းခွင်များ ဖန်တီးနိုင်စေရန်အတွက် သင်တန်းများပို့ချပေးခြင်း၊ အကြံပေးခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းလုပ်ငန်းများ လိုအပ်လာမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်တွေထဲမှာ မပြေလည်မှုတွေ၊ အငြင်းပွားမှုတွေ ဖြစ်လာတဲ့အခါကျရင် ကျွန်မတို့ လုပ်ငန်းရှင်တွေဟာ လုပ်ရိုးလုပ်စဉ်၊ လုပ်ငန်းစဉ်တွေအတိုင်းပဲနေလို့ မရတော့ဘူး။ ကျွန်မတို့နိုင်ငံမှာရှိတဲ့ ဥပဒေတွေကို အခုထက်ပိုပြီးတော့ နားလည်ဖို့ လိုလာပြီ။ နောက်ပြီးတော့ အပြည်ပြည်ဆိုင်ရာ ကျင့်သုံးမှုကိုလည်း ပိုပြီး နားလည်လာအောင်ILOအလုပ်ရှင်အဖွဲ့အစည်းအကူအညီနဲ့ ကျွန်မတို့ရဲ့ EOD ဌာနကို ပြန်လည်မွမ်းမံပြင်ဆင်တာပါ။ အခုဆိုရင် EOD ဌာနမှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပညာရှင်တွေ၊ ဥပဒေကျွမ်းကျင်တဲ့ ပညာရှင်တွေလည်း ပါဝင်ဖွဲ့စည်းထားပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

ယင်းအပြင် ခိုင်မာသည့်စက်မှုဆက်ဆံရေးစနစ်များ ရရှိစေရန်၊ စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေ၍ နိုင်ငံတကာ အလေ့အကျင့်များနှင့် လိုက်ဖက်သည့် အလုပ်သမားဥပဒေများ ဖြစ်ပေါ်စေရန်နှင့် မြန်မာနိုင်ငံကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စိတ်ဝင်စားသည့် ဈေးကွက်တစ်ခု ဖြစ်ပေါ်လာစေရန် ဖြစ်သည်။

EOD အား ဖွဲ့စည်းနိုင်ရန်နှင့် လုပ်ငန်းရှင်များ၏ လိုအပ်နေမှုများကို ထိရောက်စွာ ကူညီပံ့ပိုးနိုင်ရန်အတွက် စီးပွားရေး လုပ်ငန်းရှင်များအကြား သုတေသနပြု ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ထို့အပြင် အလုပ်ရှင်အဖွဲ့အစည်းဌာနမှ ပေးအပ်မည့်ဝန်ဆောင်မှုများကို ရယူလိုပါက တစ်နှစ်အတွက်ဝန်ဆောင်ခအဖြစ် အလုပ်သမား ၅၀ အထိရှိသော စက်ရုံကိုငွေကျပ် ၅၀၀၀၀၊ အလုပ်သမား ၅၁ ယောက်မှ ၂၀၀အထိရှိသော စက်ရုံကို ငွေကျပ် ၁၀၀၀၀၀၊ အလုပ်သမား ၂၀၁ ယောက်မှ အယောက် ၅၀၀ ထိရှိသော စက်ရုံကိုငွေကျပ် ၁၅၀၀၀၀၊ အလုပ်သမား ၅၀၀ အထက်ရှိသော စက်ရုံလျှင်ငွေကျပ် ၂၀၀၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယင်းအလုပ်ရှင် အဖွဲ့အစည်းဌာနကို ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ၎င်း၏အဖွဲ့ဝင်ညီနောင်အသင်းများနှင့် ကုမ္ပဏီများ လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီ ထောက်ပံ့နိုင်ရန် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူရိန်ကျော်**

## ဘိုကလေး - စက်ဆန်းလမ်းပိုင်း ပြုပြင်မည်ဖြစ်သောကြောင့် မော်တော်ယာဉ်သွားလာခွင့် ခေတ္တကန့်သတ်မည်

**ဘိုကလေး ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး- စက်ဆန်းလမ်းပိုင်းရှိ သကံတံတားမှ စက်ဆန်းအထိ လမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်လုပ်ငန်းများမှ ခွဲကျောက်ခင်း၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကျောက်ခင်းခြင်း လုပ်ငန်းများအား ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သောကြောင့် မော်တော်ယာဉ်သွားလာခွင့် ခေတ္တကန့်သတ်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းအောင်မြင်ရေးနှင့် အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ခရီးသည်မော်တော်ယာဉ်ကြီးများ၊ ကုန်တင်ကားများ၊ ဒိုင်နာ၊ ကန်တာနှင့် လိုက်ထရပ်ကားများ သွားလာမှုကန့်သတ်ထားမည် ဖြစ်ကြောင်း၊ ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ် လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်ရေးကော်မတီမှ သိရသည်။ **မိုးစက်(ဘိုကလေး)**

## အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (City FM) မြို့တော်အသံလွှင့်ဌာနမှထုတ်လွှင့်လျက်ရှိသော အသံလွှင့်လှိုင်းနှုန်း 89.0 $MH_z$ အစား Standard Channel Plan နှင့် ကိုက်ညီစေရန်အတွက် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ လှိုင်းနှုန်းအသစ် 88.9 $MH_z$ သို့ ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ**

*ထင်သာမြင်သာပြုပြင်စရာ*

## ကျောက်တန်းမြို့နယ်ရှိ ချောင်းကူးတံတားအမြန်ပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ချောင်းဝစံပြကျေးရွာမှ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ကျောင်းသူ ကျောင်းသားများသည် ကျောက်တန်းမြို့မှ ရန်ကုန်မြို့သို့ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကျေးရွာအဝင်ရိုးချောင်းကူးတံတားမှာ ပျက်စီးနေ၍ မော်တော်ယာဉ်များသွားလာရန် အခက်အခဲဖြစ်နေရသည်။

အဆိုပါ တံတားပျက်ကို ဒေသခံပြည်သူများက အုန်းတုံး များဖြင့် အစားထိုးထောက်ခုပြုပြင်၍ (**အောက်ပုံ**) သွားလာနေကြရသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြင်ဆင်ပေးရန် ပြည်သူများက မျှော်လင့်လျက်ရှိသည်။

၀၂၀



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ လေတပ်ဦးစီးချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန South Block Lawn ၌ Air Chief Marshal Birender Singh Dhanoa က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် လေတပ် ဦးစီးချုပ်တို့သည် South Block ရှိ အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌက ချစ်ကြည်ရေးခရီးစဉ်လာရောက်လည်ပတ်မှုသည် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေသည့် ပြယုဂ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတည်ဆောက်မှုဆိုင်ရာများတွင် ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စွမ်းရည်မြင့်မားမှုကိုပါ ဖော်ပြနေ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ပြောကြားရာတွင် မကြာသေးမီက အိန္ဒိယနိုင်ငံအနေဖြင့် လကိုစူးစမ်းလေ့လာမည့် ချန်ဒရာဒန် - ၂ အာကာသယာဉ်ကို ရှရီဟာရီကိုတာကျွန်းရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် ယခုကဲ့သို့အောင်မြင်စွာလွှတ်တင်နိုင်မှုသည် အိန္ဒိယနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှုအပြင် အိန္ဒိယလေတပ်၏ စွမ်းရည်မြင့်မားမှုကိုပါ ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ အိန္ဒိယတပ်မတော်မှ မြန်မာ့တပ်မတော် စွမ်းရည်မြင့်မားရေးတည်ဆောက်မှုများတွင် ကူညီဆောင်ရွက်ပေးနေမှုများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူတစ်ဦးက အိန္ဒိယနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်နှင့် Counter Insurgency and Jungle Warfare School သင်တန်းကျောင်းဆိုင်ရာတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

နံနက်ပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် India Gate ရှိ National War Memorial သို့ရောက်ရှိကြပြီး ဂုဏ်ပြုပန်းခွေချ အလေးပြုကာ National War Memorial အတွင်း ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အဂ္ဂရာမြို့ရှိ တာ့ဂျ်မဟာ ဂူဗိမာန်(Taj Mahal) ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တာ့ဂျ်မဟာဂူဗိမာန်၏ အနောက်မြောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာအကွာရှိ အဂ္ဂရာခံတပ် (Agra Fort) သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဂ္ဂရာလေတပ်စခန်း Air Force Station (Agra) သို့ ရောက်ရှိပြီး Air Force Station အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ အိန္ဒိယလေတပ်မှ လေထီးသင်တန်းသားများ၏ မြေပြင်လေထီးခုန်လေ့ကျင့်ခန်း လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် အဂ္ဂရာမြို့မှ နယူးဒေလီမြို့သို့ ထွက်ခွာကြသည်။

**တွေ့ဆုံအမှာစကားပြောကြား**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇူလိုင် ၂၈ ရက် ညနေပိုင်းက နယူးဒေလီမြို့ရှိ မြန်မာသံရုံးနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာစစ်သံရုံးတို့မှ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအား မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများအားပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားအရာရှိများက လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံး၊ စစ်သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ လေတပ် ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa တို့ တွေ့ဆုံဆွေးနွေးစဉ်။**
ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးအုန်းမောင် တက်ရောက်

ထားဝယ် ဇူလိုင် ၂၉

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ ဦးဆောင်သောအဖွဲ့သည် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မြန်မာလေကြောင်းဖြင့် ရောက်ရှိကြသည်။** (အောက်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သူဌေးကျွန်းရှိ Marina Bay ပြုလုပ်မည့်နေရာကို မော်တော်ဘုတ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

**ထိန်းသိမ်းစောင့်ရှောက်**

မွန်းလွဲပိုင်းတွင် သူဌေးကျွန်းဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) အစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသသည် ကျွန်းပေါင်းများစွာ၊ ကမ်းခြေပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး ပင်လယ်ပြင်ကျွန်း ခရီးသွားလုပ်ငန်းများ၊ နေ့ချင်းပြန်ခရီးသွားလုပ်ငန်းများ၊ အပျော်စီးသင်္ဘော ခရီးစဉ်များ စသည့် ပင်လယ်ပြင်ကို အခြေပြုသော ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် နှစ်စဉ် ခရီးသွားရောက်ရှိမှုတွင်လည်း တိုးတက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်း (Sustainable Tourism) အဖြစ် ဖော်ဆောင်သွားရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သယံဇာတအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ကျွန်းများပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ သဘာဝကို မပျက်စီးစေသော Ecolodge ပုံစံ အဆောက်အအုံများကို ဆောက်လုပ်သင့်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေများထဲမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်နုတ်သုံးစွဲသွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ သဘာဝလှပပုံများအကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ လူ့သက်တမ်းအတွင်း လှည့်လည်လည်ပတ်သင့်သည့်နေရာများတွင် မြန်မာနိုင်ငံသည် အပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းကဏ္ဍပါဝင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ အကျိုးရှိမည့် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှုအနည်းဆုံးဖြစ်မည့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရန်လိုအပ်ကြောင်း၊ သင်္ဘောများကို ခရီးသွားရာသီတွင် အသုံးပြုပြီး ရာသီပိတ်သိမ်းချိန်တွင် လုံခြုံစွာ သိမ်းဆည်းထားနိုင်ရန် (Marina Bay) ထားရှိခြင်းဖြင့် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာနိုင်ပြီး နိုင်ငံဝင်ငွေ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**လွယ်ကူအောင်ဖြေလျှော့**

ပုလဲမွေးမြူရေးလုပ်ငန်းသည်လည်း မြန်မာ့ရေမြေနှင့် အပူချိန် ကိုက်ညီသည့်အတွက် ဝင်ငွေကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပုလဲလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ငါးလုပ်ငန်းတို့သည် စနစ်တကျ သဟဇာတဖြစ်နေရန် လိုအပ်ကြောင်း၊ ပြည်ဝင်ခွင့်ဗီဇာကို လွယ်ကူအောင်ဖြေလျှော့ပေးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာခြင်း၊ နိုင်ငံခြားငွေ ပိုမိုရရှိလာနိုင်ခြင်းနှင့် လေယာဉ်ကြီးများ တက်ဆင်းနိုင်ရန် လေဆိပ်များပြင်ဆင်ခြင်းဖြင့် Tourism များ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံလိုသူများသည် ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျွန်းများကို အာရုံစိုက်လာကြကြောင်း၊ တနင်္သာရီ တိုင်းဒေသကြီးအတွင်း၌ ကော့သောင်းဒေသ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှုသည် ပိုမိုများပြားကြောင်း၊ ထို့အတူ ပုလဲလုပ်ငန်းဇုန်၊ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဇုန်၊ ငါးလုပ်ငန်းဇုန်ဟူ၍ ဇုန်များခွဲခြားသတ်မှတ်ပေးရန်လိုအပ်ကြောင်း၊ အခြားနိုင်ငံမှခိုးဝင် Speed Boat များ ဝင်ရောက်မှုကို ပူးပေါင်းတားဆီး၍ ဒေသခံများ၏လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) နှင့် ခရီးသွားရင်းနှီးမြှုပ်နှံတိုးတက်မှုသည် ပင်လယ်ပြင်မှာသာမက မြို့ပေါ်၌ပါ ရင်းနှီးမြှုပ်နှံလာစေရန် တိုက်တွန်းပံ့ပိုးပေးစေခြင်းဖြင့် ဒေသခံလူထုအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာစေလိုကြောင်းနှင့် လိုင်စင်သက်တမ်းတိုး၊ ဟိုတယ်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ယခင်ကလို နေပြည်တော်ရုံးများအထိ သွားရောက်ရန်မလိုတော့ဘဲ တိုင်းဒေသကြီးအတွင်း၌ပင် ပြီးမြောက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက (၁/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်မှုများအကြောင်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အသစ် လျှောက်ထားမှုများ၊ ဟိုတယ်အခန်းတိုးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုး၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်သက်တမ်းတိုး လျှောက်ထားမှုများ၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်သက်တမ်းတိုး လျှောက်ထားမှုများ၊ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ Logo အား အတည်ပြုရန်ကိစ္စ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင် သုံးဦးတို့အား ဗီယက်နမ်နိုင်ငံ Can Tho မြို့၌ကျင်းပမည့် Southern Tourism Corridor Cooperation အစည်းအဝေးသို့ တက်ရောက်ရန် ရွေးချယ်ထားမှုအား အတည်ပြုရန်ကိစ္စရပ်များကိုတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပုဂံ-ညောင်ဦး လေဆိပ်နှင့် ပခုက္ကူလေဆိပ်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး လေဆိပ်သို့ ရောက်ရှိလာရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၏ လက်ရှိ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံအခြေအနေ၊ လေယာဉ်များ အဆင်းအတက်နှင့် ခရီးသည်ဝင်/ထွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အောင်မြင်စွာသတ်မှတ်ခဲ့ပြီးဖြစ်သည့်အတွက် ဤဒေသသို့ နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း၊ အထူးသဖြင့် လာမည့်ခရီးသွားရာသီတွင် ပုဂံသို့ လေယာဉ်ဖြင့်လာရောက်မည့် ခရီးသည်အရေအတွက် တိုးတက်များပြားလာနိုင်သဖြင့် လေဆိပ်၏ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် အစီအမံများကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ လိုအပ်ပါက လေဆိပ်အဆောက်အအုံကို အကြီးစားမွမ်းမံပြင်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကောင်းသော၊ သန့်ရှင်းသပ်ရပ်သော လေဆိပ်တစ်ခုဖြစ်စေရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားပြီး လေဆိပ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အစီအမံများ ကြိုတင်ရေးဆွဲ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပခုက္ကူလေဆိပ်သို့ရောက်ရှိပြီး လေယာဉ်ပြေးလမ်း၊ လေဆိပ်အဆောက်အအုံနှင့် လေယာဉ် အဆင်း/အတက် အသုံးပြုနိုင်မှုအခြေအနေများကို စစ်ဆေးကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက ပုဂံ-ညောင်ဦးလေဆိပ်သည် ကာကွယ်ထိန်းသိမ်းထားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် နီးကပ်စွာတည်ရှိနေ၍ ရေရှည်တွင် လေဆိပ်အားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ပခုက္ကူလေဆိပ်မှာ ထပ်မံတိုးချဲ့နိုင်မည့် မြေဧရိယာ အလုံအလောက်ရှိသဖြင့် နောင်တွင် လေဆိပ်အား အဆင့်မြှင့်တင်နိုင်ရန်အစီအမံများ ကြိုတင်ရေးဆွဲထားရန်လိုအပ်ကြောင်း ပြောကြားသည်။

**အလုပ်ကိုကြိုးစား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူဘူတာသို့သွားရောက်၍ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်သူ့ဝန်ထမ်းများဖြစ်၍ ပြည်သူကိုချိုသာစွာဆက်ဆံရန်၊ အလုပ်ကိုကြိုးစားကြရန်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး လေဆိပ်အဆောက်အအုံအတွင်း အစီအမံများ ကြိုတင်ပြင်ဆင်ထားရှိမှုကို ရှင်းလင်းပြောကြားစဉ်။

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

**ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ ပေးအပ်စဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါ်မြတ်မြတ်စိုး၊ ဦးဟန်ညွန့်နှင့် ဒေါ်အေးအေးမူ၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ UNODC ရုံးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြုပြင်ပြောင်းလဲမှုတစ်ရပ်**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အသိပညာပေးခြင်းလုပ်ငန်းသည် အထိရောက်ဆုံး၊ အကျယ်ပြန့်ဆုံးနှင့် အကောင်းဆုံး ရေရှည်လုပ်ဆောင်ချက်ဖြစ်သောကြောင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာ၌ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများမှစတင်၍ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လအတွင်း ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၏ အစီရင်ခံစာတစ်ခုတွင် "တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကြီးမားဆုံးသောအဟန့်အတားများအနေဖြင့် ပညာရေးနှင့် အခြား အခြေခံအဆောက်အအုံများ ချို့တဲ့မှုထက် အဂတိလိုက်စားမှု (သို့မဟုတ်) အကျင့်ဖောက်ပြန်မှုက ပို၍ဆိုးရွားစွာ ပျက်စီးစေသည်" ဟု ဆိုပါကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထိထိရောက်ရောက် ဆောင်ရွက်နေခြင်းသည် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် လူမှုကျင့်ဝတ်များကို လေးစားလိုက်နာကျင့်သုံးတတ်စေရန်၊ ခြိုးခြံချွေတာတတ်စေရန်၊ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သော အကျိုးဆက်များ၊ ကိုယ်ကျင့်တရား ပျက်ယွင်းရခြင်း၏ အကြောင်းရင်းများနှင့် အန္တရာယ်များကို သိရှိနားလည်ပြီး ပယ်ခွာတတ်စေရန်၊ နေ့စဉ်ဘဝတွင် အကောင်းအဆိုး အကြောင်းအကျိုးကို မှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်ပြီး ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် လက်တွေ့ကျင့်သုံးလာစေရန် လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များရရှိစေရန်နှင့် တန်ဖိုးထားအပ်သည့် စံနှုန်းများကို နိုင်ငံသူနိုင်ငံသားများအတွင်း ပိုမိုဖြစ်ထွန်းလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း။

**သင်ကြားလေ့ကျင့်ပေး**

မြန်မာတစ်နိုင်ငံလုံးတွင် အဂတိလိုက်စားမှုများ တစ်ပြိုင်နက်တိုက်ဖျက်နိုင်ရန် ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသောအစုအဖွဲ့များ ဖြစ်ပေါ်လာစေရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသကဲ့သို့ အဂတိလိုက်စားမှုကာကွယ်တားဆီးရေးအဖွဲ့ (Corruption Prevention Unit-CPU) များကို ဝန်ကြီးဌာန ၁၈ ခုတို့တွင် CPU ၃၂ ဖွဲ့ ဖွဲ့စည်းပေးခဲ့ရာ ပညာရေးဝန်ကြီးဌာနအတွက်လည်း ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ကျောင်းနေစဉ်ကပင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးကို သင်ကြားလေ့ကျင့်ပေးမှသာလျှင် ၎င်းတို့စိတ်ထဲတွင်စွဲမြဲလာပြီး ဘဝတစ်လျှောက်လုံး မည်သည့်ကိစ္စမဆို ဖြောင့်မတ်တည်ကြည်မှုဖြင့် ဆောင်ရွက်သွားနိုင်သော အလေ့အကျင့်ကောင်းများ၊ အလေ့အထကောင်းများ ရရှိသွားနိုင်မည်ဖြစ်ပြီး နောင်လာမည့်အနာဂတ်အတွက် နိုင်ငံသားကောင်းများ၊ ကမ္ဘာ့သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**လူငယ်များမှ စတင်**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ဖြောင့်မတ်တည်ကြည်မှုအတွက် စာသင်ကျောင်းများတွင် သင်ယူလေ့လာနိုင်ရန်လွယ်ကူမှု အခွင့်အရေးပေးလိုက်ခြင်းသည် အနာဂတ်မျိုးဆက်များကို အဂတိလိုက်စားမှုကင်းဝေးသွားစေရန် အခွင့်အာဏာ ပေးအပ်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူနိုင်ရန် အခွင့်အရေးမရှိခဲ့ခြင်းသည် ယနေ့ နိုင်ငံတစ်ဝန်းလုံး အဂတိလိုက်စားမှုများ ပျံ့နှံ့နေရသည့်အကြောင်းတရားတစ်ခုဖြစ်သည်ဟု ယူဆနိုင်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုသည် လူငယ်တို့၏ ပညာရေး၊ စာသင်ကျောင်းများမှသာ စတင်ရမည်ဖြစ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုသည် နိုင်ငံတော်၏ ကောင်းမွန်သော အနာဂတ်ကို ပုံသွန်းလောင်းနိုင်သကဲ့သို့ ဖြောင့်မတ်တည်ကြည်မှုကို ဖောက်ဖျက်ခြင်းသည် အကျင့်ဖောက်ပြန်မှု သို့မဟုတ် အဂတိလိုက်စားမှုဖြစ်သွားနိုင်သည်ကိုလည်း သိရှိရန်လိုအပ်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုထူထောင်ရာတွင် ကျောင်းသားကျောင်းသူ လူငယ်များမှ စတင်ခြင်းဖြစ်သော်လည်း ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးယန္တရားနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများပါမကျန် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ပါဝင်လာစေရန် အလေးထားအားထုတ်နေရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးထံ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**စာအုပ်များ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများအား ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စာအုပ် ၄၀၀၀၀ ပေးအပ်**

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ် ၄၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ ရှေ့ဖုံးမှ

ဆေးဝါးများဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ခဲ့ပါကြောင်း၊ ပြင်ဆင်ခဲ့သောဥပဒေအရ ယခင်မူလဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါး သုံးစွဲမှုကို ပြစ်မှုအဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ မူးယစ်ဆေးဝါး သုံးစွဲမှုကို ကျန်းမာရေးနှင့်လူမှုရေးပြဿနာ တစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ပြီး လူမှုရေး ပြစ်ဒဏ်အဖြစ်သာ ချမှတ်နိုင်ရန် ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါကြောင်း။

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြင်ဆင်သည့် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်

၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများအား ပြင်ဆင်ရေးဆွဲနိုင်ရေးကော်မတီကို ဒုတိယရဲချုပ်အပါအဝင် ၂၈ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နည်းဥပဒေ(မူကြမ်း) ကို ရေးဆွဲပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားပါကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြင်ဆင်သည့် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ရှင်းလင်း ဖြေကြားစဉ်။



ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် မေးမြန်းစဉ်။

မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ **"မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ကျေးရွာအုပ်စုအတွင်းရှိ စံသမာဓိ၊ မြဲမြံအောင်နှင့် ဂုံညင်းနီရပ်ကွက်များရှိ ပြည်သူများအတွက် နေထိုင်မှုအထောက်အထား အခက်အခဲကြောင့် မှတ်ပုံတင်မရရှိခြင်းအား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

## ကျိုင်းတုံခရိုင် မိုင်းခတ်မြို့ဝမ်နောင်လုံကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ(၄) ရွာသည် အထူး ဒေသ-၄ မိုင်းလား ဒေသအုပ်ချုပ်မှုအောက်တွင် ရှိခြင်း၊ လုံခြုံရေးအရ ကန့်သတ်နယ်မြေ ဖြစ်ခြင်းတို့ကြောင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အထူးဒေသ - ၄ မိုင်းလားဒေသတာဝန်ရှိ သူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၏ **"မိုင်းလားမြို့နယ်၊ ဝမ်နောင်လုံအုပ်စုအတွင်းရှိ ဝမ်နောင်လေးကျေးရွာ၊ ဝမ်လောက်ဖျားကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို မိုင်းခတ်မြို့နယ်အတွင်း ပြန်လည်ထည့်သွင်း ဖွဲ့စည်းပေးနိုင်ရန်နှင့် ၎င်းကျေးရွာသူ၊ ကျေးရွာသားများအတွက် အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကျိုင်းတုံခရိုင် မိုင်းခတ်မြို့ဝမ်နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၄) ရွာသည် အထူးဒေသ-၄ မိုင်းလားဒေသအုပ်ချုပ်မှုအောက်တွင်ရှိခြင်း၊ လုံခြုံရေးအရ ကန့်သတ်နယ်မြေဖြစ်ခြင်းတို့ကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အထူးဒေသ - ၄ မိုင်းလားဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဒလ မဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **"ဒလ-တွံတေးကားလမ်းမကြီးဘေးရှိ အများပြည်သူ ကျန်းမာရေးနှင့် မြို့အင်္ဂါရပ်ကို ထိခိုက်နေသော အမှိုက်ပုံကြီးအား ပြောင်းရွှေ့ရန်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ ပြောင်းရွှေ့ဆောင်ရွက်ရန်အတွက် မြေနေရာ ဧက ၂၀ ဝယ်ယူရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဘဏ္ဍာငွေလျာထားချက်၌ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။




ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **"မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးချစ်ထွန်း လမ်းနှင့် ကျောက်ပြားစက်ရုံလမ်းကြားရှိ အလျားပေ ၁၀၀ ၊ အနံ ၈၅ ပေ ကျယ်ဝန်းသောမြေကွက်အား နိုင်ငံရေးပါတီတစ်ခုအမည်ဖြင့် ဂရန်ထုတ်ပေးထားခြင်းကိုပယ်ဖျက်ပြီး မူလအတိုင်း ကလေးကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက အဆိုပါမြေနေရာအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးမှတစ်ဆင့် အများပြည်သူ အကျိုးအလို့ငှာ အများပိုင် ကလေးကစားကွင်းအဖြစ် ဆောင်ရွက်ရန်ညှိနှိုင်းမှုအရ အဆိုပါမြေကွက်အား ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန (ကလေးကစားကွင်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဟု မြို့မြေစာရင်း (Town Land Roll)တွင် ပြင်ဆင်မှတ်သားဆောင်ရွက်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ကန်ပက်လက်မြို့သောက်သုံးရေ ဖူလုံနိုင်ရေးအတွက် ရဲလောင်းချောင်းမှ ၄ လက်မ PVC ပိုက်ဖြင့် ရေသွယ်ယူခြင်းလုပ်ငန်း ၅ မိုင်အား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် လျာထား

ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **"ရဲလောင်းချောင်း ရေပေးစီမံကိန်းအတွက် လိုအပ်သော ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ "** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကန်ပက်လက်မြို့သောက်သုံးရေ ဖူလုံနိုင်ရေးအတွက် ရဲလောင်းချောင်းမှ ၄ လက်မ PVC ပိုက်ဖြင့် ရေသွယ်ယူခြင်း လုပ်ငန်း ၅ မိုင်အား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် လျာထားတင်ပြထားပါကြောင်း၊ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်က **"ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝရရှိစေရေးနှင့် အခက်အခဲများကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက်ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းသည်။

ယင်းအဆိုတင်သွင်းရာတွင် ဦးမောင်မြင့်က ၂၀၁၄ ခုနှစ် မှ ၂၀၁၉ ခုနှစ်အထိ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ ... ဇန်ကောက်တွင် MoU စနစ်အရ သာမန်နိုင်ငံကူးလက်မှတ်ဖြင့် သွားသူများရှိသော်လည်း အထောက်အထား ခိုင်ခိုင်မာမာရှိသူ ၁ ဒသမ ၅သန်း မပြည့်ပါကြောင်း၊ စုစုပေါင်း ၃ ဒသမ ၅ သန်းရှိသည့်အနက် ၁ ဒသမ ၅ သန်းသာ အထောက်အထားရှိသည့်အတွက် ၂ သန်းကျော်သည် တရားမဝင်အလုပ်သမားအဖြစ်ဖြင့် ရှိနေသည်ဟု တွက်ဆနိုင်ပါကြောင်း၊ တရားဝင်အလုပ်သမားတစ်ယောက်သည်ပင်လျှင် Labour Right ကို အပြည့်အဝရရန် အာမမခံနိုင်သည့်အခြေအနေတွင် ထိုင်းနိုင်ငံ၌ရှိသည့် တရားမဝင် မြန်မာလုပ်သား ၂ သန်းကျော်ကို တရားဝင်ဖြစ်ရန် C of I ထုတ်ပေးရေးလုပ်ငန်းသည် အလွန်အရေးကြီးနေပြီဖြစ်ပါကြောင်း။

မိမိအနေဖြင့် ထိုင်းနိုင်ငံရှိ စက်ရုံ ၁၀၀ ကျော်ကို သွားရောက်လေ့လာခဲ့ဖူးပါကြောင်း၊ များသောအားဖြင့် အဆောင် (Dormitory) ပါပေးသောကြောင့် အလုပ်သမားများ အတွက် နေရေးစိတ်ပူစရာမလိုတော့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် FDI လာပါက Dormitory ကို ထည့်သွင်းပေးရန် မတောင်းဆိုသည့်အတွက် လှိုင်သာယာ၊ ရွှေပြည်သာက အလုပ်သမားများသည် များသောအားဖြင့် ကျူးကျော်များ ဖြစ်ကုန်ပြီး Law Enforcement ကိုပါ ထိခိုက်စေပါကြောင်း၊ Dormitory မရှိ၍ Work Site ကို ကြို/ပို့ စီစဉ်ပေးရသောကြောင့် အလုပ်ချိန်ကို ထိခိုက်စေသည့်အပြင် မလိုလားအပ်သည့် အုပ်ချုပ်မှုကိစ္စများနှင့် ကုန်ကျစရိတ်များ တစ်ဆက်တည်း ဖြစ်ပေါ်လာပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ လုပ်သားထုကြီးမှ ၅ သန်းခန့်သည် ပြည်ပနိုင်ငံများ၌ တရားဝင် အဖြစ်သော်လည်းကောင်း၊ တရားမဝင်အဖြစ် သော်လည်းကောင်း ရောက်ရှိနေပါကြောင်း၊ ၎င်းတို့ ရောက်ရှိနေသော နိုင်ငံများတွင် Labour Right အပြည့်အဝ ခံစားရခြင်းမရှိဘဲ တစ်ခါတစ်ရံအလုပ်ရှင်ကလည်းကောင်း၊ လူမိုက်များကလည်းကောင်း တရားမဲ့ညှဉ်းပန်းနှိပ်စက်မှုခံကြရပါကြောင်း၊ အထက်ပါ အလုပ်သမားများကို သက်ဆိုင်ရာ နိုင်ငံအလိုက် လုံလောက်သည့် စောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်ပရောက် မြန်မာများအတွက် မိမိတို့နိုင်ငံတွင် လုပ်သား အခြေပြု လုပ်ငန်းများ အလုံးအရင်းနှင့် ပေါ်ပေါက်လာရန်အတွက် စီမံဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ထည့်သွင်းဆွေးနွေးသည်။

## မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပသို့ တရားဝင်နှင့် တရားမဝင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားဦးရေ ၂၀၂၁၉၁၀ ရှိသည်ဟု ILO စာရင်းတွင် ဖော်ပြ

ယင်းနောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ယနေ့ကမ္ဘာ့အခြေအနေတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများ တစ်စတစ်စတိုးတက်များပြားလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပသို့ တရားဝင်နှင့် တရားမဝင်သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားဦးရေ ၂၀၂၁၉၁၀ ရှိသည်ဟု ILO စာရင်းတွင် ဖော်ပြထားပါကြောင်း၊ ယခုအချိန်တွင်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းဖြေကြားစဉ်။



မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းစဉ်။

၅ သန်းခန့်ရှိနေပြီဖြစ်ကြောင်း သိရှိရသည့်အတွက် ၎င်းတို့၏ လူမှုဘဝလုံခြုံရေးနှင့် လုပ်ခလစာ အခွင့်အရေးများ မှန်ကန်မျှတစွာ ရရှိခံစားခွင့်ရရှိရေးသည် စိတ်သောက ရောက်စရာဖြစ်ပါကြောင်း။

သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်များနှင့် လေ့လာသူများ၏ ကိန်းဂဏန်းများအရ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသူ တရားဝင်အင်အားစာရင်း၊ ငွေလွှဲပို့သည့်ဦးရေ၊ လက်တွေ့ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် လုပ်သားအင်အားစသည့် မတူညီမှုများအပေါ်တွင် မှန်ကန်စွာ စိစစ်ထိန်းကျောင်းနိုင်သည့် ယန္တရားတစ်ရပ် လိုအပ်နေသည်ဟု သုံးသပ်လိုပါကြောင်း ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **"ပြည်ပရောက် မြန်မာလုပ်သားများ Labour Right အပြည့်အဝရရှိစေရေးနှင့် အခက်အခဲများ ကြုံတွေ့ရသည့်အခါ ကူညီစောင့်ရှောက်ပေးနိုင်ရေးနှင့် ပြည်တွင်းတွင် Labour Intensive Industry များ အလုံးအရင်းနှင့် ပေါ်ပေါက်လာစေရေးအတွက် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူးက **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်း"** ကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားသည်။

## "တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွှေးကြူဇင်**

# ဓမ္မစကူးကျောင်းက ခေါင်းလောင်းသံ

သိုက်စိုးထွန်း (နတ်ရှာ)

**ဟိုအရင်တုန်းကဆိုရင် ကလေးတစ်ယောက် လူလားမြောက်ဖို့အတွက် တစ်ရပ်လုံး တစ်ရွာလုံးက ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြတာ။ ကိုယ့်သားသမီး ရပ်ထဲရွာထဲသွားနေတုန်း အမြင်မတော်တာရှိရင် တွေ့တဲ့သူက ဝင်ပြီး ဆုံးမသွားတာ။ "ဟဲ့ကောင်လေး နင်ဒီလိုလုပ်တာမကောင်းဘူး"။ "ကောင်မလေး ညည်းဒီလိုမလုပ်နဲ့ဆိုတာမျိုး"။ အပြောခံရတဲ့သူကလည်း စိတ်မဆိုးသလို ကလေးရဲ့မိဘကလည်း စိတ်မဆိုးဘူး။ ဘိုးဘွားမိဘတွေမို့၊ ရပ်ဆွေမျိုး၊ ရွာဆွေမျိုးတွေမို့ ကိုယ့်ကလေးကို လိမ္မာရေးခြားရှိစေချင်လို့ သွန်သင်ပေးကြတာပဲရယ်လို့သာ သဘောထားကြတယ်။ ကျေကျေနပ်နပ်ကြီး ခံယူကြပါတယ်။**

**အမြင်မတော်ရင် ဆုံးမတတ်ကြတဲ့ဓလေ့ရှိခဲ့**

တစ်ခါတလေများ အမြင်မတော်လို့ဆိုပြီး ဦးကြီး ဦးလေး၊ ဘကြီးဘဒွေးတွေက ဝင်ရိုက်သွားရင်တောင် အရိုက်ခံကြရသေးတာ။ ရိုက်တဲ့သူကလည်း ဒေါသတကြီးနဲ့ ဝင်ရိုက်တာ မဟုတ်ပါဘူး။ သွန်သင်ဆုံးမ ပေးလိုတဲ့ဆန္ဒနဲ့ အထိမနာမယ့်နေရာကို ရွေးရိုက်ကြတာပါ။ မရိုက်ဘူးဆိုရင်လည်း "ဟကောင်လေး၊ မင့်သားလေးတော့ ရွာထိပ်ကကန်ပေါင်ပေါ်မှာ တောင်ပိုင်းကကလေးတွေနဲ့ ပြေးလွှားနေကြလေရဲ့၊ ဒီအတိုင်းကြီးတော့ ပစ်မထားနဲ့လေဟာ၊ ရွံ့တွေက ချောပါဘိသနဲ့၊ မတော်ခြေချော်လက်ချော်ဖြစ်ကုန်မှဖြင့် ဒုက္ခမရောက်ပေဘူးလား" ဆိုတာမျိုးနဲ့ အိမ်အထိ လာသတိပေးတတ်ကြပါတယ်။ ဒါဆို အိမ်ကလူကြီးတွေက ပြေးရခေါ်ရပြီပေါ့။ ဒါဟာ ရပ်ရွာရဲ့ဓလေ့။ ရပ်ရွာရဲ့အလှတရားပါပဲ။

ရွာဦးကျောင်းဆရာတော်တွေဆိုတာကတော့ မေးမနေနဲ့။ ကလေးတွေအပေါ်သာမက တစ်ရပ်လုံး၊ တစ်ရွာလုံး၊ တစ်နယ်လုံးအပေါ်မှာ ဩဇာညောင်းတယ်။ ဘယ်အသက်အရွယ်ပဲရောက်ရောက် ဆရာတော်က "ဟိုကောင်ကို ငါ့ကျောင်းလွှတ်လိုက်စမ်း" ဆိုတာနဲ့ ကုပ်ကုပ်ကုပ်ကုပ်နဲ့ ခပ်သုတ်သုတ်ပြေးရတာမျိုး။ မိန့်သမျှဩဝါဒကိုလည်း "တင်ပါ့ဘုရား၊ မှန်ပါ့ဘုရား" နဲ့ချည်း အာမဘန္တေခံလာရတော့တာ။ ဆရာတော်တွေကလည်း ဘယ်အရာမဆို သမာသမတ်ကျကျသာ ပြောဆိုဆုံးမတတ်လေတော့ ဆရာတော်တွေရဲ့ စကားဆိုရင် ပယ်ဝံ့သူ မရှိသလောက်ပါပဲ။

နောက်ပိုင်းကာလတွေမှာတော့ ခေတ်အခါတွေ ပြောင်းသွားတာနဲ့အမျှ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်မှာလည်း သဘောထားအမြင်တွေ၊ ပြောဆိုဆက်ဆံပုံတွေလည်း ပြောင်းသွားပါတယ်။ ကိုယ့်သားသမီးကို တခြားသူက ရိုက်ဖို့နေနေသာသာ ဟိုလူက ဟိုလိုပြောသတဲ့၊ ဒီလူက ဒီလိုပြောသတဲ့ ဆိုတဲ့ အသံကြားတာနဲ့တင် "ဒင်းကများ ငါ့သားကို ဒီလိုပြောရသတဲ့လားအေ" ဆိုတာမျိုးတွေ ဖြစ်လာကြတော့တယ်။ ရိုက်များရိုက်လိုက်လို့ကတော့ ရွာလူကြီးအိမ်အထိ ရောက်ကုန်ကြတော့တာပါ။ ဆရာတော့်ကျောင်းကိုလည်း သာရေးနာရေးရှိမှ ရောက်ဖြစ်ကြတော့တာမို့ ဆရာတော့်စကားနားထောင်ရကောင်းမှန်းလည်း သိပ်မသိကြတော့ပါဘူး။ မေးလျှောက်ရကောင်းမှန်းလည်း မသိတော့ဘူး။ ဆရာတော်က ဆိုဆုံးမရင်တောင်မှ "လောကီကိစ္စတွေကို အရှင်ဘုရားတို့ နားမလည်ပါဘူးဘုရား" ဆိုတာမျိုးက ပြန်ပြောလိုက်သေးတယ်။ အဓိကတင်ပြလိုတာကတော့ ဆုံးမပဲ့ပြင်ပေးမယ့်သူ နည်းပါးလာတဲ့အကြောင်းပါ။ ဟိုတုန်းကလို ကလေးတစ်ယောက်ကောင်းဖို့ တစ်ရွာလုံး၊ တစ်ရပ်လုံး ဝိုင်းဝန်းစောင့်ရှောက်တဲ့အခြေအနေတွေ နည်းပါးလာပါပြီ။ ကိုယ့်ကလေး လူတော်လူကောင်းလေးဖြစ်ဖို့အတွက် ကိုယ့်မှာပဲ အဓိကတာဝန်ရှိပါတယ်။

**ကျောင်းက ဆရာများမှာလည်း ဆုံးမကြဖို့ အခက်အခဲရှိနေ**

အိမ်တွေကို ပြန်ကြည့်လိုက်ပြန်တော့ လူကြီးမိဘတွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် သိပ်မအားကြတော့ဘူး။ ကလေးတွေနဲ့ လက်ပွန်းတတီးနေထိုင်ပြီး နားဝင်အောင် ဆိုဆုံးမတဲ့အလေ့အထ သိပ်မရှိကြတော့ဘူး။

တချို့မိဘတွေကျတော့လည်း ကလေးတစ်ယောက် ပညာတတ်ဖို့၊ လိမ္မာရေးခြားရှိဖို့၊ လူတော်လူကောင်း တစ်ယောက်ဖြစ်လာဖို့ဟာ ကျောင်းကဆရာတွေမှာပဲ တာဝန်ရှိတယ်လို့ လုံးလုံးလျားလျား မှတ်ယူထားလိုက်ကြတယ်။ ကျောင်းကိုပို့လိုက်ရင် တာဝန်ကျေပြီလို့ပဲ ခံယူထားလိုက်ကြတယ်။ ကိုယ့်ကလေးက ကျောင်းမှာ စာလိုက်နိုင်ရဲ့လား၊ အိမ်မှာကော စာတွေလေ့လာနေရဲ့လား၊ အားလပ်ချိန်တွေမှာ ဘာတွေလုပ်နေသလဲ၊ သူ့အပေါင်းအသင်းတွေနဲ့ ဆက်ဆံရေးက ဘယ်လိုရှိသလဲဆိုတာမျိုးတွေကို စိတ်ဝင်တစား မရှိတော့ဘူး။

တကယ်တမ်းကျတော့ ကျောင်းကဆရာကိုချည်း အားကိုးနေလို့ မဖြစ်ပါဘူး။ ဆရာတွေမှာလည်း သူ့အခက်အခဲနဲ့သူရှိနေကြပါတယ်။ သတ်မှတ်ကာလအတွင်းမှာ သင်ရိုးကုန်အောင် သင်နိုင်ဖို့ကိုက တော်တော်ကြိုးစားပြီး သင်ကြရတာပါ။ အတန်းထဲမှာ ကျောင်းသားသုံးဆယ်ရှိရင် ဒီသုံးဆယ်လုံး သင်ခန်းစာတွေ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာမှုနဲ့အတူ လိုက်ပါ လာနိုင်အောင် မနည်းဆွဲခေါ်ကြရတာပါ။ ဒီလိုသင်ရင်းနဲ့ လိမ္မာရေးခြားရှိကြဖို့လည်း တတ်နိုင်သလောက်တော့ သွန်သင်နေကြတာပါပဲ။ သင်ခန်းစာတွေထဲမှာလည်း အသိအလိမ္မာ ဉာဏ်ပညာမြင့်မားဖို့အတွက် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ထည့်သွင်းပို့ချနေကြတာပါပဲ။

ဆရာတွေရဲ့ ဆုံးမပဲ့ပြင်ခွင့်မှာ အကန့်အသတ်တွေကလည်း ရှိနေပြန်တယ်။ ဒါက မိဘများဘက်က အပိုင်းပါ။ ဘယ်ဆရာက ကိုယ့်သားသမီးကို ဘယ်လိုပြောလွှတ်လိုက်သတဲ့ ဆိုတာနဲ့ မှားသလား၊ မှန်သလား အရင်မစဉ်းစားဘူး၊ သူကများ ငါ့ကလေးကို ဒီလိုပြောရသတဲ့လားဆိုပြီး ကျောင်းအုပ်ကြီးရုံးခန်း သွားတိုင်တော့တာပါ။ ရိုက်များရိုက်လို့ကတော့ အထက်အဆင့်ဆင့်ကိုပါ တိုင်တော့မှာ။ ဒါကြောင့် ကျောင်းတွေမှာလည်း ဘယ်ကလေးမှ ရိုက်နှက်ဆုံးမခြင်းမလုပ်ဖို့ သတ်မှတ်ချက်တွေ ထားလိုက်ကြတော့တယ်။ ဒီတော့ ကလေးတွေကို ဘယ်ပို့ရရင်ကောင်းမလဲဆိုတဲ့ မေးခွန်း တစ်ခုဖြစ်လာပါတယ်။

**"ရက်သတ္တတစ်ပတ်မှာ တနင်္ဂနွေတစ်ရက်သာ သင်ကြားပေးတာဖြစ်တဲ့အတွက် ကျောင်းနဲ့ကျူရှင် နပန်းလုံးနေရတဲ့ ကလေးတွေရဲ့ ကျောင်းပညာရေးကိုလည်း ထိခိုက်စေမှာမဟုတ်ပါဘူး။ ကလေးအရွယ်နဲ့ လျော်ညီအောင် အထူး အလေးပေး စိစစ်တည်းဖြတ်ထားတဲ့ သင်ရိုးတွေ၊ ကလေးဗဟိုပြု ချဉ်းကပ်နည်းတွေကို သုံးထားတာဖြစ်တဲ့အတွက် တက်ရောက်ရတဲ့ ကလေးတွေမှာလည်း ဓမ္မစကူးကျောင်းတက်ရတာ ပျင်းရိငြီးငွေ့စရာ မဖြစ်တော့ပါဘူး။ တက်ကြတဲ့ကလေးတိုင်း ပျော်ကြတဲ့ ဓမ္မစကူးတွေဖြစ်ပါတယ်"**

**ဓမ္မစကူးကျောင်းများပေါ်ပေါက်လာ**

ကလေးတွေရဲ့ အနာဂတ်ရေး စိတ်အေးနိုင်ဖို့အတွက် ရဟန်းပညာရှိ၊ လူပညာရှိတွေ ပူးပေါင်းတည်ထောင်လိုက်တဲ့ ဓမ္မစကူးကျောင်းတွေ ပေါ်ပေါက်လာပါပြီလို့ ညွှန်းဆိုလိုက်ချင်ပါတယ်။ ဒီဓမ္မစကူးတွေဟာ မိဘနဲ့ ဆရာတွေကိုယ်စား ကလေးတွေကို ကောင်းကောင်းကြီး ပြုစုပျိုးထောင်ပေးနိုင်မယ့် နေရာတစ်ခုအဖြစ် အစားထိုး နေရာယူလာကြပြီ ဖြစ်ပါတယ်။ ဒီကျောင်းတော်တွေဟာ ခေတ်စနစ်ရဲ့လိုအပ်ချက်အရ ပေါ်ပေါက်လာတဲ့ ကျောင်းတော်တွေဖြစ်တယ်လို့လည်း ညွှန်းဆိုနိုင်မှာ ဖြစ်ပါတယ်။

ဘာကြောင့် ကလေးတွေကို ဓမ္မစကူးပို့သင့်တာလဲ။ ဓမ္မစကူးတွေ ဘယ်လိုပေါ်ပေါက်လာတာလဲ။ ဓမ္မစကူးရဲ့ အားသာချက်က ဘာတွေလဲ။ ဓမ္မစကူးက ကလေးတွေကို ဘယ်လိုပြုစုပျိုးထောင်ပေးမှာလဲဆိုတဲ့ မေးခွန်းတွေ မေးစရာ ရှိပါတယ်။ ဒီမေးခွန်းတွေကို သိမြင်နားလည်သမျှ တိုတိုကျဉ်းကျဉ်းနဲ့ ဖြေဆိုပေးပါ့မယ်။

မိဘတိုင်းရဲ့ ကလေးအားလုံးဟာ လိမ္မာရေးခြားရှိတဲ့ ကလေးတွေ၊ ထူးချွန်ထက်မြက်တဲ့ ကလေးတွေအဖြစ် ကြီးပြင်းလာဖို့ လိုအပ်ပါတယ်။ ထူးချွန်ထက်မြက်ဖို့အတွက်ကတော့ မိဘတွေရော ကလေးတွေပါ အားလုံးဝိုင်းဝန်း ကြိုးစားနေကြပြီ ဖြစ်ပါတယ်။ မနက်မိုးလင်းလာတော့ ကျူရှင်၊ ကျူရှင်က ပြန်တော့ ကျောင်းကြီးသွား၊ ကျောင်းကြီးက ပြန်လာတော့ ကျူရှင်ပြန်တက်၊ ကျူရှင်ကပြန်တော့ ညစာကျက်ဝိုင်းပြန်သွား၊ စသည်အားဖြင့် မိုးလင်းကမိုးချုပ် ဘယ်လိုမှကို မအားမလပ်နိုင်အောင် အလုပ်လုပ်နေကြပါတယ်။ ကိုယ်ပိုင်ကျောင်းတွေမှာ ထားတဲ့ကလေးတွေကျတော့လည်း ဤနည်း နှင်နှင်ပါပဲတဲ့။ တင်းကျပ်တဲ့ စည်းကမ်းတစ်ခုရဲ့ အောက်မှာ ခေါင်းထဲကို အကုန်ရိုက်သွင်းပေးလိုက်တာမျိုး။

ကလေးတွေဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်အခြေအနေအရ ကလေးတွေဟာ ထူးချွန်ထက်မြက်တဲ့ ကလေးတွေတော့ ဖြစ်လာကြပါတယ်။ ဒါပေမယ့် အတတ်ပညာပိုင်းမှာ ထူးချွန်ကြပြီး တချို့ကလေးတွေအတွက်ကျတော့ အသိပညာပိုင်းမှာ လိုအပ်ချက်ကလေးတွေ ရှိလာပါတယ်။ ဒီကွက်လပ်ကို မိဘပိုင်းကလည်း သေချာအချိန်ပေးပြီး ဖြည့်မပေးနိုင်ကြဘူး။ ဆရာတွေဘက်ကလည်း ကိုယ့်ကျောင်းသား အမှတ်ကောင်းကောင်းရဖို့ကိုသာ အဓိကလုံးပန်းနေရတာပါ။ ကျောင်းသားတွေလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါကြောင့် အသိအလိမ္မာတိုးစေနိုင်မယ့် နေရာလေးတစ်ခုဆီကို ပို့ပေးဖို့လိုအပ်လာတဲ့အတွက် ဓမ္မစကူးကျောင်းဆီ ပို့သင့်တယ်လို့ ဆိုရတာဖြစ်ပါတယ်။

ဓမ္မစကူးတွေပေါ်ပေါက်လာတာ တိုင်းပြည်အတွက်တော့ အားတက်စရာဖြစ်ပါတယ်။ အနာဂတ်သာသနာရေးအတွက်ရော နောင်ဝယ်လူကြီးဖြစ်ကြမယ့် ယနေ့လူငယ်လေးတွေအတွက်ပါ အားရကျေနပ်ဖွယ်ရာ ဖြစ်ပါတယ်။ သီရိလင်္ကာနိုင်ငံမှာ ၁၉၉၅ ခုနှစ်လောက်ကစလို့ အခြေခိုင်ခိုင်နဲ့ တည်ရှိနေပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချနေတဲ့ ဆန်းဒေးစကူးတွေကို တွေ့ရှိလေ့လာခွင့်ရခဲ့တဲ့ ဆရာလေး ဒေါ်ကေတုမာလာက ကိုယ့်နိုင်ငံမှာလည်း ဒီလိုကျောင်းမျိုးတွေ တည်ထောင်သင်ကြားရရင် ကောင်းမှာပဲ ဆိုတဲ့ အတွေးမျိုးဝင်လာခဲ့ပြီး ဒီအတွေးကို အကောင်အထည်ဖော်ဖို့ သံဃာတော်အရှင်မြတ်တွေ၊ လူပုဂ္ဂိုလ်ဆိုင်ရာ တတ်သိပညာရှင်တွေကို စုစည်းတိုက်တွန်းခဲ့တယ်လို့ ဆိုပါတယ်။ အားလုံးခေါင်းချင်းဆိုင် တိုင်ပင်ဆွေးနွေးမှုတွေ လေးကြိမ်လောက် ပြုလုပ်ပြီးတော့ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှာ ဓမ္မစကူးဖောင်ဒေးရှင်းကြီး စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသတဲ့။

ဒီဖောင်ဒေးရှင်းကြီးရဲ့ အခြေခံမူဝါဒ (၄) ရပ်က-

(က) ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များနှင့်အညီ သင်ကြားပို့ချရေး၊

(ခ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) အခြားသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ မထိခိုက်ရေး၊

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေးတို့ ဖြစ်ကြောင်း သိရပါတယ်။

**ပါတီနိုင်ငံရေးကင်းသောအဖွဲ့အစည်း**

"ပညာပြည့်ဝ နှလုံးလှဖို့ ဓမ္မအမွေဖြန့်ဝေစို့" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ပြုထားတဲ့ ဒီဖောင်ဒေးရှင်းကြီးက သူ့ရဲ့ အခြေခံမူဝါဒမှာ ဖော်ပြထားတဲ့အတိုင်း ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းကိုမှ မထိခိုက်ရအောင် အထူးဂရုပြုဆောင်ရွက်နေသလိုပဲ ပါတီနိုင်ငံရေးကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအပါအဝင် သံဃဦးသျှောင် ဆရာတော်ကြီးများရဲ့ ဩဝါဒကိုခံယူပြီး ကျမ်းတတ်အကျော် ဆရာတော်များ၊ သီလရှင်ဆရာလေးများ၊ လူပုဂ္ဂိုလ်ပညာရှင်များ စုံစုံညီညီ ပါဝင်ဖွဲ့စည်းထားတဲ့ ဖောင်ဒေးရှင်းကြီးတစ်ခု ဖြစ်ပါတယ်။

ဒီဖောင်ဒေးရှင်းကြီးရဲ့အားသာချက်ကတော့ ပညာရေးစနစ်လို့ ညွှန်းဆိုနိုင်မှာဖြစ်ပါတယ်။ ပရိယတ္တိနဲ့ ပတ်သက်လို့ သင်ကြားရေးစနစ်တွေ၊ ပြန်လည်ဆန်းစစ်မှုစနစ်တွေ အများကြီးရှိတဲ့အထဲကမှ ဒီဖောင်ဒေးရှင်းကြီးက ဖွင့်လှစ်ထားတဲ့ ဓမ္မစကူးကျောင်းတွေကတော့ ပညာရှင်တွေနဲ့ စနစ်တကျပြုစုထားတဲ့ သင်ရိုး၊ ကလေးဗဟိုပြု ချဉ်းကပ်နည်း၊ ခေတ်နဲ့လျော်ညီတဲ့ သင်ကြားနည်း၊ ကလေးရဲ့ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ရင့်ကျက်မှုနဲ့ လိုက်လျောညီထွေဖြစ်မယ့် အကြောင်းအရာ၊ သင်ကြားနည်းတွေကို ရွေးချယ်အသုံးပြုထားတဲ့အတွက် အားသာချက်တွေ ရှိနေတာဖြစ်ပါတယ်။

ရက်သတ္တတစ်ပတ်မှာ တနင်္ဂနွေတစ်ရက်သာ သင်ကြားပေးတာဖြစ်တဲ့အတွက် ကျောင်းနဲ့ ကျူရှင် နပန်းလုံးနေရတဲ့ ကလေးတွေရဲ့ ကျောင်းပညာရေးကိုလည်း ထိခိုက်စေမှာမဟုတ်ပါဘူး။ ကလေးအရွယ်နဲ့ လျော်ညီအောင် အထူးအလေးပေး စိစစ်တည်းဖြတ်ထားတဲ့ သင်ရိုးတွေ၊ ကလေးဗဟိုပြု ချဉ်းကပ်နည်းတွေကို သုံးထားတာဖြစ်တဲ့အတွက် တက်ရောက်ရတဲ့ ကလေးတွေမှာလည်း ဓမ္မစကူးကျောင်းတက်ရတာ ပျင်းရိငြီးငွေ့စရာ မဖြစ်တော့ပါဘူး။ တက်ကြတဲ့ ကလေးတိုင်းပျော်ကြတဲ့ ဓမ္မစကူးတွေ ဖြစ်ပါတယ်။

အတန်းတစ်တန်းချင်းစီအတွက် သင်ကြားမယ့်အကြောင်းအရာတွေကို အဓိကနယ်ပယ်ကြီး ကိုးရပ်အပေါ် အခြေခံပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ နယ်ပယ်ကြီးတွေကတော့ (၁) ရတနာသုံးပါး၊ (၂) ဗုဒ္ဓဝင်၊ မင်္ဂလာတရားတော်များ၊ (၄) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များ၊ (၅) ဗုဒ္ဓဘာသာ ပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များ၊ သာသနာ့ဝင်၊ သမိုင်းဝင်ပုဂ္ဂိုလ်ထူးများနှင့် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားကျင်းပပြုလုပ်သည့် နေ့ထူးနေ့မြတ်များ၊ ပွဲတော်များ၊ (၆) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များ၊ (၇) ဗုဒ္ဓဝါဒ၊ (၈) အဘိဓမ္မာ၊ (၉) ရွတ်ဖတ်ပူဇော်ဖွယ်ရာ ဓမ္မရတနာ ဆိုပြီးတော့ နယ်ပယ်ကိုးရပ် ခွဲထားတာဖြစ်ပါတယ်။ ဒီနယ်ပယ်ကြီးတွေထဲကမှ ကလေးရဲ့ အရွယ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် ပမာဏလောက်ကိုသာ သင်ကြားပေးကြတာ ဖြစ်ပါတယ်။

ဓမ္မစကူးကျောင်းတွေရဲ့ သင်ရိုးပြဋ္ဌာန်းစာအုပ်တွေကို လေ့လာချင်တယ်ဆိုရင်တော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်ရဲ့ website ဖြစ်တဲ့ www.kbrl.gov.mm က လူငယ်ကဏ္ဍ ဗုဒ္ဓဘာသာသင်ခန်းစာ ဆိုတဲ့အထဲမှာ ဝင်ရောက်ကြည့်ရှုပြီး အခမဲ့ download ဆွဲယူဖတ်ရှုနိုင်သလို ကလေးတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ ပြုစုပျိုးထောင်နေတယ်ဆိုတာကို ရုပ်သံအနေနဲ့ ကြည့်ရှုလေ့လာချင်တယ်ဆိုရင်တော့ MNTV Channel နှင့် Channel 9 မှာ ပုံမှန်ထုတ်လွှင့်ပြသနေတာကို စောင့်မျှော်ကြည့်ရှုလေ့လာနိုင်ပါတယ်။ ဓမ္မစကူးအကြောင်းကို ထဲထဲဝင်ဝင်လေ့လာမိလေလေ၊ ကိုယ့်သားသမီး ကိုယ့်ရင်သွေးကို ဘာကြောင့် ဒီကျောင်းကို ပို့ပေးသင့်တယ်ဆိုတဲ့အချက်ကို သဘောပေါက်လေလေ ဖြစ်လာပါလိမ့်မယ်။ ဗုဒ္ဓသာသနာပြုအဖွဲ့အစည်းဖြစ်တယ် ဆိုသော်လည်းပဲ ဒီကျောင်းတွေက သင်ကြားပေးလိုက်တဲ့ ပုံစံတွေဟာ အဓိကအားဖြင့် ဗုဒ္ဓသာသနာတော်နဲ့ နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာရန်ဆိုတဲ့ ရည်မှန်းချက်နဲ့အညီ လူတော်လူကောင်းကလေးများဖြစ်ကြဖို့သာ ရည်မှန်းပြီး လေ့ကျင့်ပျိုးထောင်ပေးနေကြတာ ဖြစ်ပါတယ်။ ဆောင်းပါးအစမှာ တင်ပြခဲ့တဲ့အတိုင်း ကလေးတွေအတွက် လိုအပ်နေတဲ့ ကွက်လပ်ကလေးကို ဖြည့်ဆည်း ပေးလိုက်တာ ဖြစ်ပါတယ်။ ပြောဆိုဆုံးမ သွန်သင်ပေးနိုင်မယ့်နေရာလေးကို တစ်ပတ် တစ်ခါ ပို့ပေးလိုက်ခြင်းအားဖြင့် ကိုယ့်ကလေးဟာ သိသိသာသာ လိမ္မာယဉ်ကျေးလာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**ခေါင်းလောင်းသံဆီအရောက်ပို့ကြပါစို့**

ဗုဒ္ဓဘာသာအများစု ကိုးကွယ်ကြတဲ့ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားရာ နိုင်ငံဖြစ်တဲ့အတွက် ရင်သွေးငယ်တွေကို ဗုဒ္ဓဓမ္မအမွေဖြန့်ဝေပေးနေတဲ့ နေရာဌာနပေါင်း မြောက်မြားစွာရှိကြပါတယ်။ ဒီမြောက်မြားစွာထဲကမှ ဘာဖြစ်လို့ ဓမ္မစကူးတွေကို အထူးပြုဖော်ပြညွှန်းဆိုနေရသလဲလို့ မေးရင် ကလေးတွေနဲ့ အံဝင်ခွင်ကျဖြစ်မယ့် ဗုဒ္ဓပညာရေးစနစ်တစ်ခုကို ဖော်ထုတ်ကျင့်သုံးနေတဲ့ နေရာဌာနတစ်ခုဖြစ်တဲ့အပြင် ဘာသာရေး၊ သာသနာရေးအတွက်သာမက လူမှုနယ်ပယ်ထဲမှာပါ အကောင်းဆုံး ကျင်လည်ဖြတ်သန်းနိုင်ကြအောင် ပြုစုပျိုးထောင်ပေးတဲ့ နေရာတစ်ခုဖြစ်တဲ့အတွက် အခုလို ညွှန်းဆိုတိုက်တွန်းရတာ ဖြစ်ပါတယ်။

လာပါသူငယ်ချင်း၊ ဓမ္မစကူးသွားကြမယ်၊
ဘုန်းဘုန်းတွေ့မယ်၊ ဆရာလေးတွေ့မယ်၊
ကုသိုလ်တွေရမယ်။
လာပါသူငယ်ချင်း၊ ဓမ္မစကူးသွားကြမယ်၊
ယဉ်ကျေးရမယ်၊ သိမ်မွေ့ရမယ်၊ ပျော်ရွှင်သွားရမယ်။
လာပါသူငယ်ချင်း၊ ဓမ္မစကူးသွားကြမယ်၊
ဆေးရောင်ခြယ်မယ်၊ ပုံပြောပြမယ်၊ သီချင်းတွေ
ဆိုကြမယ်။
လာပါသူငယ်ချင်း၊ ဓမ္မစကူးသွားကြမယ်၊

ယဉ်ကျေးရမယ်၊ သိမ်မွေ့ရမယ်၊ ပျော်ရွှင်သွားရမယ် ဆိုတဲ့ ဓမ္မစကူးကဗျာလေးကို ကလေးတွေ သံပြိုင်သီဆိုလိုက်တဲ့ အသံလေးတွေက ရုပ်မြင်သံကြားကနေတစ်ဆင့် မကြာမကြာ ပျံ့လွင့်လို့ လာနေပါတယ်။ ချစ်စရာဒီအသံလေးတွေနဲ့အတူ ဓမ္မစကူးကျောင်းရဲ့ ခေါင်းလောင်းသံ ချိုချိုလွင်လွင်လေးကလည်း သာယာကြည်နူးဖွယ်ရာ မြည်ဟီးလာတတ်ပါသေးတယ်။ ဒီခေါင်းလောင်းသံလေးဟာ ကြားရသမျှကလေးတွေကို "လာပါ၊ သင်ပါ၊ ပျော်ရွှင်ပါ" လို့ ဖိတ်ခေါ်နေသယောင် ဖြစ်နေပါတယ်။

အနာဂတ်ရဲ့ ရင်သွေးငယ်လေးတွေအတွက် ဓမ္မစကူးကျောင်းက ခေါင်းလောင်းသံလေးတွေကတော့ ချိုကြည်အေးမြစွာနဲ့ မြည်သံသာနေပြီ ဖြစ်ပါတယ်။ ပညာပြည့်ဝ နှလုံးလှတဲ့ လူတော်လူကောင်းလေးတွေ ဖြစ်လာနိုင်ကြစေဖို့အတွက် ကိုယ့်သားသမီးလေးတွေကို ခေါင်းလောင်းသံကြားရာ အရပ်ဆီ အရောက်ပို့ပေးကြပါလို့ အနာဂတ်အရေးကို အကျိုးမျှော်ရင်း နှိုးဆော်တိုက်တွန်းလိုက်ရပါတယ်။ ။

❒ *ကျော်ဖုံးမှ*

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ်၌ နွေရာသီသောက်သုံးရေရှားပါးမှုအတွက် မည်သို့ဆောင်ရွက်ထားသည်နှင့် ရေရှားပါးသော မြို့နယ်များအတွက် ရေဘောက်ဆာကားတစ်စီးစီ ချထားပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအနေဖြင့် နွေရာသီသောက်သုံးရေရှားပါးမှုအား ဖြေရှင်းနိုင်ရန် နှစ်စဉ်ရေတိုရေရှည် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

## ရေရှားပါးပြတ်လပ်သည်နှင့် ဆက်သွယ်ရမည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ် ကျေးလက်ရုံးများနှင့် ဝန်ထမ်းများ၏ ဖုန်းနံပါတ်များကို ကြိုတင်ဖြန့်ဝေထား

နွေရာသီ သောက်သုံးရေရှားပါးနိုင်သော ကျေးရွာများကို ကြိုတင်ခန့်မှန်းကာ အနီးဆုံးရေအရင်းအမြစ်မှ သောက်သုံးရေဖြန့်ပေးနိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊ ရေရှားပါးပြတ်လပ်သည်နှင့် ဆက်သွယ်ရမည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ် ကျေးလက်ရုံးများနှင့် ဝန်ထမ်းများ၏ ဖုန်းနံပါတ်များကို ကြိုတင်ဖြန့်ဝေထားခြင်း၊ မြို့နယ်အားလုံးတွင်ရှိသော Mobile ရေသန့်စင်စက်များဖြင့် ကျေးရွာအရောက် သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် Mobile ရေသန့်စင်ကားဖြင့် သွား၍ရနိုင်သော ရေရှားပါးသည့် ကျေးရွာများသို့ သွားရောက်ကာ ရေသန့်များ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ရေရှည်စီမံချက်အနေဖြင့် ရေရှားပါးပြတ်လပ်သော ကျေးရွာများစာရင်းပြုစုကာ ပြည်ထောင်စု/ ပြည်နယ် အစိုးရရန်ပုံငွေများဖြင့် အဆိုပါကျေးရွာများတွင် ဒေသအခြေအနေအလိုက် တုံကင်တွင်း၊ လက်တူးတွင်းနှင့် မြေသားရေကန် တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးသည့် လျှိုပိတ်ဆည် ၁၉ ခုမှ ကျေးရွာများသို့ ရေသွယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျှိုပိတ်ဆည် ၁၉ ခုမှ ရေပိုက်သွယ်ယူခြင်းလုပ်ငန်းကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် UNICEF ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေရှားပါးသည့် ကျေးရွာများတွင် မြေသားရေကန်များ တူးဖော်ပေးခြင်းနှင့် အိမ်တိုင်ရာရောက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်တွေမြို့နှင့် မင်းပြားမြို့တို့တွင် ရေဘောက်ဆာများရှိသော်လည်း ကျန်မြို့များတွင် ရေဘောက်ဆာများဝယ်ယူရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရေရှားပါးပြတ်လပ်သည့် ကျေးရွာ၊ ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနိုင်ရန် ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျူးကျော်သူများနှင့် ဝင်ငွေနည်းပါးပြီး နေထိုင်စရာအခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများကို တန်ဖိုးနည်းပါးသည့်နှုန်းထား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေး လျှောက်ထားခဲ့

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျူးကျော်နေသူများအား အောင်ချမ်းသာ အိမ်ရာနေရာနှင့် ဆက်စပ်နေရာများတွင်သာထားရှိရန်နှင့် အခြားလယ်ယာမြေနေရာများတွင် အကွက်ရိုက်ရောင်းချနေသည့် တာဝန်ရှိသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မင်းဘောကျေးရွာနေတောင်သူ ဦးကျော်ဝင်းသန်းမှ ၎င်းပိုင်ဆိုင်သည့် လယ်မြေ ၁၁ ဒသမ ၄၃ ဧက အနက်မှ ၄ ဒသမ ၇၇ ဧကကို ဆင်းရဲနွမ်းပါးပြီး နေထိုင်စရာမရှိသည့် မအူပင်- ဖျာပုံကားလမ်းဘေးရှိ ကျူးကျော်နေထိုင်သူများ၊ မအူပင်မြို့နှင့် ပတ်ဝန်းကျင်မြို့များသို့ ဆက်စပ်သော ကားလမ်းဘေးရှိ ကျူးကျော်သူများနှင့် ဝင်ငွေနည်းပါးပြီး နေထိုင်စရာအခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများကို တန်ဖိုးနည်းပါးသည့်နှုန်းထား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေး လျှောက်ထားခဲ့ပါကြောင်း။

၎င်းလယ်မြေ ၄ ဒသမ ၇၇ ဧကကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုသည် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ကျူးကျော်နေအိမ်များ ရှင်းလင်းရေးတွင် အကူအညီ အထောက်အပံ့ဖြစ်ခြင်း၊ မအူပင်မြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း တည်ရှိနေခြင်း၊ မအူပင်စက်မှုဇုန်နှင့် နီးကပ်ပြီး Town Plan ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်နိုင်ခြင်းကြောင့် လျှောက်ထားရမည့် နည်းလမ်းအတိုင်း ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ လျှောက်ထားသူကိုလည်း အခြားနည်းအသုံးပြုခွင့်မရရှိမီ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် ညွှန်ကြားထားပါကြောင်း၊ လက်ရှိမြေပြင်တွင် အကွက်ရိုက်ခြင်း၊ လူနေထိုင်ခြင်းများ မရှိသေးပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အောင်ချမ်းသာအိမ်ရာသည် မအူပင်မြို့နယ်၊ ကွန့်စုကျေးရွာအုပ်စု၊ တမံလေးကျေးရွာရှိ ဧရိယာ (၂၃)ဧကအတွင်း တည်ရှိပါကြောင်း၊ မအူပင်မြို့နယ်၊ အိုင်ဝိုင်း၊ သိုက်ကုန်းကျေးရွာချင်းဆက်လမ်းဘေးတွင်တည်ရှိပြီး ယခင်အစိုးရအဖွဲ့လက်ထက်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြို့နှင့် (၃)မိုင်ခန့်ကွာဝေးပြီး ပတ်ဝန်းကျင်နှင့် နီးစပ်ရာ ကျေးရွာများမှသာ အများစုလာရောက်နေထိုင်ကြပါကြောင်း၊ ၎င်းနေရာသည် လယ်မြေမျိုးဖြစ်သော်လည်း အခြားနည်းအသုံးပြုခွင့်ကို လျှောက်ထားခဲ့ခြင်းမရှိပါကြောင်း၊ ယင်းကို လယ်ယာမြေဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ကို ကျယ်ဝန်းသည့် နေရာသို့ဖြစ်စေ၊ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၏ **ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဖွင့်လှစ်ပေးရန်နှင့် ရုံးအဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြ

ထို့နောက် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်တို့က ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

## မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြ

ဆက်လက်၍ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဝင်းလွင်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း။


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျော်သောင်း။


ဒုတိယဝန်ကြီး ဦးလှကျော်။


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ ဦးခင်မောင်လတ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားသည့် **ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွား လုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများဖော်ဆောင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေး ရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

## အမျိုးသမီးများအတွက်ဆောင်ရွက်သည့် သီးသန့်အစီအစဉ်နှင့် သီးသန့်ရန်ပုံငွေများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်က စီးပွားရေးနှင့်လူမှုရေးတွင် အမျိုးသမီးများကိုယ်တိုင်ပါဝင်နိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝမြှင့်တင်ရန်အတွက် အမျိုးသမီးများအတွက် ဆောင်ရွက်သည့် သီးသန့်အစီအစဉ်နှင့် သီးသန့်ရန်ပုံငွေများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ချေးငွေအပိုင်းတွင်လည်း အမျိုးသမီးများလက်လှမ်းမီသည့် ချေးငွေများဖြစ်ရန် လိုအပ်ပါကြောင်း၊ အမျိုးသမီးများ တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေရရှိအောင် ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ကျေးလက်နေ အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေကြပါကြောင်း၊ မိမိတို့နိုင်ငံသည် တစ်ဖက်တွင် ပြဿနာဖြေရှင်းနေရပြီး တစ်ဖက်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေရသည့်အတွက် လိုအပ်ချက်များစွာ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်ချမှတ်ရန်လိုအပ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရမည့် အဆင့်ဆင့်သော တာဝန်ရှိသူများ၏ အမြော်အမြင်ရှိမှု၊ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ဖော်ဆောင်နိုင်စွမ်းများရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ အဆိုနှင့်စပ်လျဉ်းပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်တို့က အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပူးပေါင်းဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆဋ္ဌမနေ့ အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လှကျော်(သတင်းစဉ်)**

# ADB ၏ ချေးငွေအထောက်အပံ့ဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းသည် ADB မှ Mr. Newin Sinsiri နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကူးစက်ရောဂါမဟုတ်သည့် ရောဂါများတားဆီးကာကွယ်ခြင်းနှင့် ကုသခြင်းတိုးတက်မှုဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ADB ၏ ချေးငွေအထောက်အပံ့ဖြင့် မကူးစက်တတ်သောရောဂါများတွင်ပါဝင်သည့် ကင်ဆာရောဂါအမျိုးမျိုးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများ၏အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများ၊ လိုအပ်သည့် ကုသရေးဆိုင်ရာ စက်ကိရိယာများဝယ်ယူခြင်းများနှင့် အဆင့်မြှင့်တင်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၈ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်နေ ရဲနိုင်သူ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ရတနာပုံလမ်းနေ ရဲနိုင်သူ(၃၄)နှစ်၊ (ဘ)ဦးရဲထွဋ်တင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ (ပ)၃၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၀)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၁)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၇-၇-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ ထီတိမ်ဘုတာလမ်းနေ ကယ်ဇင်(၄၁)နှစ်၊ (ဘ)ဦးမျိုးညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျောင်းကြီးစုရပ်ကွက်၊ စမ်းရေတွင်းလမ်းနေ ဇော်မိုးနိုင် (၃၁)နှစ်၊ (ဘ)ဦးကျော်ဆွေတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၆၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ(၄)၊ မန်မိုင်ကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၉-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ (၄)၊ မန်မိုင်ကျေးရွာ တောင်ယာသွားလမ်းနှင့် နတ်စင်သွားလမ်းပေါ်၌ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၁)၊ ကြာဖြူလမ်းနေ အားဇမ်း(၃၀)နှစ်၊ (ဘ)ဦးမျိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၈၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာနေ ဖိုးသား (ခ) နိုင်လင်းထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၁၉ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာအနီး နေပြည်တော်ကောင်စီလမ်း၊ ရေမြောင်းအုတ်ခုံဘေး၌ ၎င်းကျေးရွာနေ ဖိုးသား(ခ)နိုင်လင်းထက် (၃၀)နှစ်၊ (ဘ)ဦးကျော်ဆွေအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဧည့်ဂေဟာ)မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာနေ တင်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၇-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာ အနောက်တောင်ဘက်ရှိ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းကျေးရွာနေ တင်လင်း(၃၃)နှစ်၊ (ဘ) ဦးကျော်ရင် အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား) မယ(ပ)၂၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ သက်နိုင်ဦး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ သက်နိုင်ဦး(၃၃)နှစ်၊ (ဘ)ဦးမောင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဂျီကျေးရွာနေ အောင်ကျော်ဇော(၄၁)နှစ်၊ (ဘ) ဦးကျော်မင်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၉၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မြနှစ်ကျေးရွာနေ ထွန်းနိုင်ဦး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ မြနှစ်ကျေးရွာနေ ထွန်းနိုင်ဦး (၄၀)နှစ်၊ (ဘ)ဦးမြင့်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည့် ခပေါင်းရုံကျေးရွာနေ မြင့်သောင်းဦး(၄၇)နှစ်၊ (ဘ)ဦးပေါ်ဘ ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား နမစ(သဖန်းဆိပ်) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာနေ ဘိုဆည် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာ၊ ဟင်္သာချောင်းတံတားအနီး၌ ၎င်းကျေးရွာနေ ဘိုဆည် (၄၄)နှစ်၊ (ဘ)ဦးဘိုသိန်းနှင့် ဆပ်ကျကျေးရွာနေ မျိုးထက် (၃၇)နှစ်၊ (ဘ)ဦးတင်အောင်တို့(၂)ဦးအား ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၃၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရှိုင်းကိုဦး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဝင်းနိုင်(၃၉)နှစ်၊ (ဘ)ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ရှာဖွေရေးအဖွဲ့ မရောက်မီ ပြတင်းပေါက်မှ ထွက်ပြေးသွားခဲ့ပြီး နေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲ/ရောင်းချရန်ရောက်ရှိနေသူ တစ်ရပ်ကွက်တည်းနေ ရှိုင်းကိုဦး(၂၆)နှစ်၊ (ဘ) ဦးဆန်းဟို အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များ၊ ဘိန်းစာမှုန့်များ၊ Gas ဖြင့် ပစ်ခတ်ရသော ပစ္စတိုသေနတ် (၁) လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ဘုတ်ပြင်း)မယ(ပ)၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၂(ခ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ် (၁၁)ရပ်ကွက်နေ ဖိုးခိုင်နှင့်ဇနီး ယောသူမ တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၉ ရက်နေ့တွင် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက်၊ (၁၇)လမ်းနေ ဖိုးခိုင်(ခ)ခိုင်ဝင်း(၄၂)နှစ်၊ (ဘ) ဦးရန်ရှင်းနှင့် ဇနီး ယောသူမ(ခ) မဝင်းမင်းစိုး(၄၂)နှစ်၊ (ဘ) ဦးသောင်းလှတို့ (၂)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပခုက္ကူ)မယ(ပ)၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချ သုံးစွဲမှုများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၃-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်း (ကွက်သစ်)နေ ဇော်မျိုး(၃၇) နှစ်၊ (ဘ)ဦးအောင်ဝင်းနှင့်ဇနီး မရီ(၄၃) နှစ်၊ (ဘ) ဦးကျား တို့(၂)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း)မယ(ပ)၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်းနေ မြင့်ဆွေ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၉ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်းနှင့် ရွာလယ်လမ်းထောင့်နေ မြင့်ဆွေ (၆၂)နှစ်၊ (ဘ)ဦးသန်းခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ)မယ(ပ)၂၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၂)ရပ်ကွက်နေ အငယ်လေး(ခ) သီဟငယ် သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၁၉ ရက်နေ့တွင် လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ သာယာအေးလမ်းနေ အငယ်လေး(ခ) သီဟငယ်(ခ) သီဟစစ်နိုင်(၂၀)နှစ်၊ (ဘ) ဦးသန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်)မယ(ပ)၂၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မြို့ဦး(ဟိုပင်)ရပ်ကွက်နေ တင်ကြွေနှင့် သားဖိုးတရုတ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့ ရပ်စောက်မြို့၊ မြို့ဦး(ဟိုပင်) ရပ်ကွက်နေ တင်ကြွေ(၅၄)နှစ်၊ (ဘ)ဦးထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သားဖြစ်သူ ဖိုးတရုတ်(ခ) ထွန်းထွန်းဦး(၂၅)နှစ်တို့(၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းနှစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၇-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၇၀၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၉၂၄)ဦး၊ မ(၁၇၅)ဦး၊ ပေါင်း(၁၀၉၉)ဦး ဖမ်းဆီးရမိခဲ့၍ဘိန်းဖြူ (၆၄၉၅.၆၁၈၄) ဂရမ်၊ ICE(၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၅၆၉.၂၇) ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၁၅၄၆၆)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းနှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြစ်ကြီးနား ဘူတာရှေ့လမ်းပေါ်၌ သတင်းအရ သုံးဘီးအငှားဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၅၄၂)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

(၂၁)မိုင် စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဘိန်းဖြူ(၂၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝိုင်းမော်မြို့နယ်၊ ဗလမင်းထင် စစ်ဆေးရေးဂိတ်၌ သတင်းအရ Grandis ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ (၂၄၀၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ အောင်မြေ(၂)ကျေးရွာ၊ ဝိုင်းမော်-ဗန်းမော်သွားကားလမ်းဘေးရှိ တဲအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၅၀၀)ပြား၊ ဘိန်းဖြူ(၂)ဂရမ်၊ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၅၀)ဂရမ်၊ ဟိုပင်မြို့နယ်၊ နန့်စွန်ရွာဟောင်း၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၃၃၀)ဂရမ်၊ နန့်မွန်းမြို့ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၉)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၃)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ ဆိုင်ကယ်(၆)စီး၊ မိုးကောင်းမြို့နယ်၊ ကံလှကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၈၀) ပြား၊ ဘိန်းဖြူ(၄၅.၄)ဂရမ်၊ ကဝါးယံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၀.၂)ဂရမ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ဘိန်းဆီခဲ (၃၀)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဆိပ်မူကျေးရွာအဝင် သံတံတားအနီး၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၀) ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ မှော်ပုံကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၅၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မံစီမြို့နယ်၊ ဟန်ထက်ကျေးရွာ အနီး ဟန်ထက်-မံရကျေးရွာသွားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၂၁၁၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံတံတားကျေးရွာ၌ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၂၀)ပြား၊ မန်သာကျေးရွာအထွက် မန်သာ-သံတံတားကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၅၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်လင်လေးမြို့ အောင်တေဇရပ်ကွက်၊ လွိုင်လင်-ဆီဆိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၂၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၆၀) ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၈၄)ပြား၊ မွန်ပြည်နယ်၊ ကျိုက္ခမီမြို့နယ်၊ တရနာကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈)ပြား၊ ICE(၁.၉)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝယ်သွန်ချောင်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ယခင် သီတင်းပတ်များ၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများသို့ မျောပါလာသည်ဟု ယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့် ဆက်စပ်၍ ယခု သီတင်းနှစ်ပတ်အတွင်း ရေးမြို့နယ်၊ မန်ကျည်း ချောင်းဝကျေးရွာ ပင်လယ်ပြင်၌ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၁၄)ထုပ်အတွင်းမှ ICE(၁၄၀၀၀)ဂရမ်၊ ကဗျာဝ ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၅)ပြား၊ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အောင်သပြေကျေးရွာအနီး ချုံပုတ်အတွင်း၌ ဝှက်သိမ်းထားသည့် ပလတ်စတစ်အိတ်များအတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၅၈၅၀၀)ပြား၊ ရွာသစ်ကေ ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၆)ပြား၊ မောင်နီ(အလယ်)ကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၁၉၅)ပြား၊ ကျောက်လှေကားကျေးရွာ၊ မင်္ဂလာကြီးချောင်းစပ်အနီး ပုဇွန်ကန်လမ်းပေါ်၌ သတင်းအရ စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မင်္ဂလာကြီး (၁)ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅၀၀)ပြား၊ သက်ကိုင်ညာကျေးရွာ၊ လောင်းဘုတ်တံတားအနီး နတ်ချောင်း-ခမောင်းဆိပ် ကျေးရွာသွားလမ်းပေါ်၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကညင်တန်း(တောင်)ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၅)ပြား၊ ကျောက်ဖြူ မြို့နယ်၊ ကုလားဘာတောင်ကျေးရွာ၊ မြို့ပတ်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ စေတီတောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ရခိုင်ပိုက်ဆိပ်ကျေးရွာ၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၂၂)ပြား၊ ဆိုင်ကယ်(၁) စီး၊ တောင်ကုတ်မြို့ ဂူတာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၀၇) ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နောင်ပယ်တံတားအနီး တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းမပေါ်၌ သတင်းအရ Surf ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ စခဲမြောက်ကျေးရွာ အနီး ဆက်သေ-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံတောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ ဘိန်း(၁၄၀)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)၌ သတင်းအရ Hiace ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၁၁)ပြား၊ မော်တော်ယာဉ်(၁)စီး၊ နမ့်စန်မြို့၌ တရားခံ အမျိုးသား(၄)ဦးထံမှ ဘိန်းဖြူ(၂၇၅)ဂရမ်၊ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတားစစ်ဆေးရေးဂိတ်၌ သတင်းအရ Revo ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၆၇၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ ခိုချန် ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၁၈၁)ပြား၊ တန့်ယန်းမြို့ အမှတ်(၉)ရပ်ကွက်၊ တန့်ယန်း-နောင်ဟီးသွားကားလမ်းမပေါ်၌ စိစစ်နေစဉ် ဆိုင်ကယ်(၁)စီးသည် စစ်ဆေးရေးအဖွဲ့အနီးမရောက်မီ နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကိုက်(၂၀၀)ခန့်အကွာ လမ်းကြား၌ လူတိမ်းရှောင်သွားပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွန်ကော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ မူဆယ်မြို့နယ်၊ နမ့်စန်ဂိုဒေါင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၅၅) ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ နမ့်အွန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀၀၀) ပြား၊ ဘိန်းဖြူ(၃၇၈၄)ဂရမ်၊ Landcruiser ယာဉ်(၁)စီး၊ တာလုံကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ Prado ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၂၁၅၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့ အမှတ်(၈)ရပ်ကွက်၊ မြို့ပတ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ် အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂၀)ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဘိန်းဖြူ(၂၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန်ပုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွ ဆေးပြား(၆၀၀၀)ပြား၊ ဘိန်းဖြူ(၄၃၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ အိုရီယမ်တယ် တိုးဂိတ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လောက်ဖန်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၇၅)ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ဘိန်း(၃.၂)ဂရမ်၊ ဘိန်းဆီခဲ(၂၄)ဂရမ်၊ အင်ကြင်းကုန်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၄၈)ပြား၊ ဟိုခိုကျေးရွာ၊ မိုးကုတ်-ပြင်ဦးလွင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ လွယ်ဆာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂) ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၅၀)ပြား၊ ဘိန်းဖြူ(၅၆.၅)ဂရမ်၊ မဘိမ်းမြို့နယ်၊ ပင်ကြိမ်ကျေးရွာသစ်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၁၅)ပြား၊ လဝါကျေးရွာ၊ ဖုန်းဆက်တောင်အနီး လမ်းဘေးချုံပုတ်အတွင်း ရပ်တန့်ထား သည့် ပိုင်ရှင်စိစစ်ဆဲ ဆိုင်ကယ် (၂)စီးအား စိစစ်ရာ ဆိုင်ကယ်ပေါ်ပါ ပီနံအိတ်များအတွင်းမှ စိတ်ကြွဆေးပြား(၁၁၄၉၈၀၀)ပြား၊ ဘိန်းဖြူ(၂၁၆၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ်၌ လူ/ပစ္စည်းစစ်ဆေးစဉ် ရန်ကုန်သို့သွားရောက်မည့် တရားခံ အမျိုးသား(၂)ဦးထံမှ Tramadol Capsule(၈၀)တောင့်၊ ကွင်းဆက်အရ အမှတ်(၃)ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ Tramadol Capsule(၆၄၀)တောင့်၊ Diazepam Injection(၆၅)ပုလင်း၊ Diazepam Tablet (၆၀)ပြား၊ ဟိုနားကျေးရွာသစ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ ဘိန်း(၁၅)ဂရမ်၊ အာခါကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၂)ပြား၊ ဘိန်း(၄၂)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်-ကျိုင်းတုံသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ဝမ်ကောင်းရပ်ကွက်၊ ဂေါက်ကွင်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ Ecstasy Tablet (၇၀၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဆန်ဆိုင်း(က)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၁၁၄) ပြား၊ လွယ်တော်ခမ်းကျေးရွာ၊ မိုင်းဆတ်-တာချီလိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၃၈)ပြား၊ ဘိန်း(၂၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချပ်သင်းကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၅)ပြား၊ မလယ်ကျေးရွာအဝင်ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၆၁၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၌ တရားခံ အမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၁၁၀.၁၅)ဂရမ်၊ ဘိန်း(၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကသာမြို့ အမှတ်(၃)ရပ်ကွက်၊ ကူးတို့ဆိပ်၌ သတင်းအရ စက်လှေအားစိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၀)ပြား၊ စက်လှေ(၁)စီး၊ ကသာ-အင်းတော်သွား ကားလမ်းမိုင်တိုင်(၉)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၃၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ခတက်ချောင်းကျေးရွာ ဘုံ(၃)ဆင့် လှိုဏ်အတွင်း၌ တရားခံ အမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၆၀)ပြား၊ ဘိန်းဖြူ(၃.၄)ဂရမ်၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း နဘားလမ်းဆုံစစ်ဆေး ရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ငှင်းစစ်ဆေးရေးဂိတ်၌ပင် သတင်းအရ ဆိုင်ကယ်နောက်ထပ်(၁)စီးအား စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်း (၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပင်လည်ဘူးမြို့နယ်၊ သဘော်တောကျေးရွာအနီး တကျိုင်းချောင်းဘေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၈၁၅၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ တမူးမြို့နယ်၊ နန်းခေါက် ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာအကြား၊ တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟုမ္မလင်းမြို့နယ်၊ဟုမ္မလင်း-နောင်ပိုသွား ကားလမ်းမ ပေါ်၌ သတင်းအရဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ပိုအောင် ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ဘိန်းဖြူ(၁၂၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ လောင်းလုံမြို့နယ်၊ ပိန်းရှောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၅) ပြား၊ ICE(၁၂)ဂရမ်၊ ရေဖြူမြို့နယ်၊ ဘဝါကျေးရွာ၌ ဥယျာဉ်ခြံအတွင်း မြေကျင်းတူးမြှုပ်ဝှက်ထားသည့် ICE(၁၄၂၀၄)ဂရမ်နှင့် တရားခံအမျိုးသား(၁)ဦး၊ မလွှဲတောင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၆၀၂၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြိတ်မြို့ တက္ကသိုလ်ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၃၀၀၀)ပြား၊ ICE(၂၀၀၀)ဂရမ်၊ Hilux ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ချက်အရ ဇေယျာသီရိ(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာ ဘပိန်ချောင်းအတွင်း သစ်သားလှေ (၁)စီးပေါ်၌ ငါးဖမ်းပိုက်များဖြင့် ဖုံးအုပ်ဝှက်သိမ်းထားသည့် ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့ ဘိန်းစာမှုန့်(၁၃၇၅၀၀)ဂရမ်၊ လှေ(၁)စီး၊ ချောင်းညီကိုကျေးရွာ၊ ချောင်းညီကိုချောင်းကမ်းပါးပေါ်၌ ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့ ဘိန်းစာမှုန့်(၂၂၅၀၀၀)ဂရမ်၊ စခန်းသစ်ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းစာမှုန့်(၇၇၅၀၀)ဂရမ်၊ ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၈၀)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာ စက်လှေဆိပ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁)ပြား၊ ICE(၉)ဂရမ်၊ စက်လှေ(၁)စီး၊ တောင်ဒဂုံဂေါက်ကွင်းအနီး၌ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၉၇၈)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၆)ပြား၊ တောင်ငူမြို့ အမှတ် (၂၀)ရပ်ကွက်၊ နတ်သျှင်နောင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖြူးမြို့ သိမ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄) ပြား၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ မြို့ရှောင်လမ်းနှင့် မြိုင်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ (အရှေ့)ရပ်ကွက်၊ (၁၂)လမ်း၊ ၇၉ × ၈၀ လမ်းကြား၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ကွင်းဆက် ဖော်ထုတ်ချက်အရ (၈၄)လမ်း၊ ၂၂ × ၂၃လမ်းကြားရှိ တရားခံခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား(၅၃၁၆)ပြား၊ ၁၅×၁၆ လမ်းကြား၊ ၆၆ လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒေါနဘွားရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြားအကြေမှုန့်(၃.၅)ဂရမ်၊ အောင်မြေသာစံရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဆေးခြောက်(၈၁)ဂရမ်၊ ICE(၀.၂)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂၅)ပြား၊ ဘိန်းဆီခဲ(၂၄၀)ဂရမ်၊ ဆေးခြောက် (၁၆၀၀)ဂရမ်၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရွှေပန်းတောသချိုင်းအနီး၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွ ဆေးပြား (၃၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်မြို့နယ်၊လယ်ကြီးတံတားအနီး ပြင်ဦးလွင်-မိုးကုတ်သွားကားလမ်းမပေါ်၌ သတင်းအရ Super Custom ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆေးခြောက်(၇၆)ဂရမ်၊ Ketamine (၁၇၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင်သစ်ဆိပ်အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျောက်ဆည်မြို့နယ်၊ မင်းစုစံပြကျေးရွာ၊ စံပယ်တော-မင်းစုလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ စဉ့်ကိုင်မြို့နယ်၊ စော်ရဲကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၇၀) ပြား၊ မြင်းခြံမြို့ အမှတ်(၈)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၄၆) ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ထောင်ဝင်စာလာတွေ့သူ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၆)ပြား၊ ICE(၈)ဂရမ်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး (၃)ဦး၊ ပေါင်း(၄)ဦး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၆)ပြား၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀)ပြား၊ ဆေးခြောက်(၁၆.၃၃)ဂရမ်၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂၉၈)ပြား၊ တာမွေမြို့နယ်၊ မလွှကုန်း ဒွေးကြွယ်(က)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၈၀၀)ပြား၊ ဘိန်းဖြူ(၁၂၀)ဂရမ်၊ ICE(၁၃၄၀)ဂရမ်၊ ဆေးခြောက်(၂၉၀)ဂရမ်၊ Tramadol Capsule (၃၆၀၀)တောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဗိုလ်မင်းရောင် လမ်းနှင့် ဗိုလ်မှူးဗထူးလမ်းထောင့်၌ စိစစ်စဉ် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀) ပြား၊ ကွင်းဆက်သတင်းအရ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းပေါ်၌ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ထပ်မံဖော်ထုတ်ချက်အရ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ တည်းခိုခန်းအား ဝင်ရောက်စိစစ်ရှာဖွေရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား (၁၀၉)ပြား၊ ဘိန်းဖြူ(၀.၅)ဂရမ်၊ ICE(၉)ဂရမ်၊ ဆက်လက်ဖော်ထုတ်ချက်အရ (၃၅)ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၁၄၉၇၇)ပြား၊ ဘိန်းဖြူ(၇)ဂရမ်၊ ICE(၆.၈)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗဟိုစာတိုက်ကြီး၊ ပြည်ပစာပို့လုပ်ငန်းဌာန၌ နယ်သာလန်နိုင်ငံမှ ပေးပို့လာသည့် ပါဆယ်ထုပ်အတွင်း မူးယစ်ဆေးဝါးများပါဝင်နေကြောင်း သတင်းအရစိစစ်ခဲ့ရာ Ketamine (၉၅)ဂရမ်၊ ကိုကင်း (၄၀)ဂရမ်၊ Ecstasy Tablet (၉၆) ပြား၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း(EMS) ရုံး၌ ဂျပန်နိုင်ငံသို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း သတင်းရရှိသဖြင့် စိစစ်ခဲ့ရာ စိတ်ကြွဆေးပြား(၁၆၅)ပြား၊ လာရောက် ပို့ဆောင်သူ တရားခံအမျိုးသမီး(၁)ဦး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမပေါ်၌ ပို့ဆောင်ခိုင်းသူ တရားခံအမျိုးသား(၂)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာ၌ ကွင်းဆက် တရားခံအမျိုးသား(၁)ဦးနှင့်အတူ စိတ်ကြွဆေးပြား(၃၇)ပြား၊

စာမျက်နှာ ၁၀ သို့

# နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ UNDP၊ အာဆီယံနိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဆွေးနွေးပွဲ ပထမပိုင်းကို ဆက်လက်ကျင်းပရာ Global Study of Intrinsic Motivation မှ Research Associate, Ms. Assel Mussagulova က နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာ ဝန်ဆောင်မှုပေးခြင်းတွင် သီအိုရီနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းမှ ထိုးထွင်းသိမြင်ခြင်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ ကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာနမ့်ခင်သင်းစုက မြန်မာနိုင်ငံရှိ ပြည်သူ့ကဏ္ဍ၌ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန် တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် UNDP မှ Public Administration Expert, Mr. Christophoros Politis က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်မှ အဖွဲ့ဝင် (စီးပွားရေးပညာရှင်) ဦးသုတအောင်က ဦးဆောင်၍ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် စိတ်အားထက်သန်တက်ကြွစွာ လှုံ့ဆော်မြှင့်တင်ပေးခြင်းနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများ၏ ထိရောက်ကောင်းမွန်သည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**စိတ်အားထက်သန်စွာ ဝန်ဆောင်မှုပေး**

ယင်းနောက် UNDP မှ Human Resources Management System Expert, Dr. John Vong က နိုင်ငံ့ဝန်ထမ်းများ စိတ်အားထက်သန်တက်ကြွလာစေရေးအတွက် အားပေးထောက်ကူသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းနှင့် ခေတ်မီလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်တစ်ခုအား မိတ်ဆက်တင်ပြခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပြည်သူ့ဝန်ထမ်း အကယ်ဒမီကျောင်းအုပ်ကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မာမျိုးက အရည်အချင်းကို အခြေခံသော ဝန်ထမ်းရွေးချယ် ခန့်ထားမှုမှတစ်ဆင့် ပြည်သူများအား စိတ်အားထက်သန်တက်ကြွစွာ ဝန်ဆောင်မှုပေးခြင်းကို အားပေးမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး UNDP မှ LEAP Project Manager, Ms. Valentina Bianchini က ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အနှစ်ချုပ်ပြန်လည်ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ အာဆီယံလူ့စွမ်းအားဗဟိုဌာန၏ ပဓာနအဘော်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းကို လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ACCSM WORK PLAN (2016-2020) အောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံ လူ့စွမ်းအားဗဟိုဌာနများကို ခိုင်မာအားကောင်းစေရန် ACCSM WORK PLAN (2016-2020) အောက်တွင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားအာဆီယံနိုင်ငံများ နည်းတူ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုးမြှင့်ပင်စင် ငွေပေးမိန့်များကို စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ နေ့စဉ်ပေးပို့လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်အစိုးရသည် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနအနေဖြင့် ပင်စင်စားတစ်ဦးချင်းစီအတွက် တိုးမြှင့်ပင်စင်ငွေပေးမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးသို့ နေ့စဉ်ပေးပို့လျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာ ခံစားရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနက် ကာကွယ်ရေးဝန်ကြီးဌာန (တပ်မတော်သား) အငြိမ်းစားများအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံးများမှလည်းကောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများမှ အငြိမ်းစားများအတွက် ၎င်းတို့ သက်ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများမှလည်းကောင်း တိုးမြှင့်ပင်စင်များ တွက်ချက်ဆောင်ရွက်ပေးလျက်ရှိသည်။

ပင်စင်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် မြို့ပြပင်စင်စားများနှင့် နိုင်ငံရေးပင်စင်စားများအတွက် ဇူလိုင် ၂၅ ရက်အထိ တိုးမြှင့်ပင်စင်ငွေပေးမိန့် ထုတ်ပြန်ပြီးစီးသည့် ဦးရေမှာ မြို့ပြပင်စင်စား ၃၈၆၃၇၈ ဦး၊ နိုင်ငံရေးပင်စင်စား ၅၁၇၅၅ ဦးဖြစ်သည်။

မိဘပြည်သူပင်စင်စားကြီးများအနေဖြင့် မိမိတို့ပင်စင်ထုတ်ယူရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ဆက်သွယ်၍ တိုးမြှင့်ပင်စင် လစာများ ထုတ်ယူနိုင်ပါရန်နှင့် တိုးမြှင့်ပင်စင်ငွေပေးမိန့်များ မရောက်ရှိပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးနိုင်ကြောင်း သိရသည်။

**ပင်စင်ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်**

(က) ဦးကျော်ဆန်းဦး
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
၀၉-၄၂၀၇၀၃၈၇၅

(ခ) ဦးခင်မောင်ထွန်း
ဒုတိယညွှန်ကြားရေးမှူး (ပင်စင်လုပ်ငန်းဌာနခွဲ)
၀၉ ၄၂၃၆ ၇၈၀၅၆

(ဂ) ဒေါ်သန္တာစိုး
ဒုတိယညွှန်ကြားရေးမှူး(ကြီးကြပ် -၁ ဌာနခွဲ)
၀၉ ၄၀၀၀ ၂၆၀၈၅

(ဃ) ဦးမိုးကြည်
ဒုတိယညွှန်ကြားရေးမှူး(ကြီးကြပ် - ၂ ဌာနခွဲ)
၀၉ ၄၂၀ ၇၀ ၃၈၇၇

**ပြည်နယ်နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

| စဉ် | ပြည်နယ် / တိုင်းဒေသကြီး | တိုင်းဦးစီးမှူး | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ကချင် | ဦးဇော်ဝင်း | ၀၇၄ - ၂၅၂၂၁၆၄ |
| ၂ | ကယား | ဒေါ်စပယ် | ၀၈၃ - ၂၂၂၂၅၃၇ |
| ၃ | ကရင် | ဒေါ်နော်သောသီဖေါ် | ၀၅၈ - ၂၂၅၂၂ |
| ၄ | ချင်း | ဒေါ်အေးအေးဝင်း | ၀၇၀ - ၂၁၆၂၈ |
| ၅ | စစ်ကိုင်း | ဒေါ်ကြည်ကြည်ခင် | ၀၇၁ - ၂၃၆၁၆ / ၂၃၄၉၅ |
| ၆ | တနင်္သာရီ | ဒေါ်စိမ့်စမ်းအေး | ၀၅၉ - ၂၀၂၃၄၉၃ |
| ၇ | ပဲခူး | ဒေါ်သီတာဦး | ၀၅၂ - ၂၂၂၁၀၁၇ |
| ၈ | မကွေး | ဒေါ်သူဇာစိန် | ၀၆၃ - ၂၀၂၅၅၈၁ |
| ၉ | မန္တလေး | ဒေါ်ခင်ခင်စုကြည် | ၀၂ - ၂၈၄၈၄၁၀ |
| ၁၀ | မွန် | ဒေါ်သန်းသန်းချို | ၀၅၇ - ၂၇၁၅၀ |
| ၁၁ | ရခိုင် | ဦးသက်လွင်အောင် | ၀၄၃ - ၂၄၃၁၅ |
| ၁၂ | ရန်ကုန် | ဦးအောင်မြင့်ထွန်း | ၀၁ - ၃၇၆၆၈၅ / ၃၇၆၆၄၀ |
| ၁၃ | ရှမ်း | ဒေါ်မြင့်မြင့်သန်း | ၀၈၁ - ၂၁၂၅၀၁၉ |
| ၁၄ | ဧရာဝတီ | ဒေါ်သန်းမြနွယ် | ၀၄၂ - ၂၅၅၅၃ |
| ၁၅ | ပဲခူး(အနောက်)ပြည် | ဦးအေးမောင် | ၀၅၃ - ၂၆၄၇၆ |
| ၁၆ | ရှမ်း(အရှေ့)ကျိုင်းတုံ | ဦးရဲနောင် | ၀၈၄ - ၂၃၀၂၅ |
| ၁၇ | ရှမ်း(မြောက်)လားရှိုး | ဒေါ်ကြည်ဌေး | ၀၈၂ - ၂၉၃၀၉၄၁ |

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဖောင်ရိုးချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဖျာပုံမြို့ အမှတ်(၈)ရပ်ကွက်၊ (၁၃)လမ်း၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၁)ပြား၊ ဆိုင်ကယ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခု ရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကန်စောက်ကျေးရွာလမ်းမပေါ်၌ သတင်းအရ Starex ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၆၀)ပြား၊ ခါးချိုးတစ်လုံးထိုးသေနတ်(၁)လက်၊ ၅.၅၆ ကျည် (၂၆)တောင့်၊ မော်တော်ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ ယန်းလုစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၄)ပြား၊ တူမီးသေနတ် (၁)လက်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ရပ်နားကျေးရွာအနီးရှိ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၁၆)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ဘိန်းဖြူ(၈)ဂရမ်၊ စိတ်ကြွဆေးပြား(၅၉)ပြားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ် (၁၄-၇-၂၀၁၉ ရက်နေ့မှ ၂၇-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း(၄၅၉)မှု၊ တရားခံကျား(၅၆၅)ဦး၊ မ(၇၀)ဦး၊ ပေါင်း(၆၃၅)ဦး၊ စိတ်ကြွဆေးပြား(၁၉၄၂၆၇၃)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃.၅)ဂရမ်၊ ဘိန်းဖြူ(၆၆၆၅၈.၇၅၈၉)ဂရမ်၊ ဘိန်းဖြူအရည်(၀.၁)လီတာ၊ ICE(၃၁၆၁၅.၃)ဂရမ်၊ ကိုကင်း(၄၀)ဂရမ်၊ ဘိန်း (၈၉၁၄.၃)ဂရမ်၊ ဘိန်းစာမှုန့် (၄၄၀၃၁၁)ဂရမ်၊ ဘိန်းဆီခဲ (၃၀၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၈၅.၂)ဂရမ်၊ ဆေးခြောက်(၂၁၄၆.၄၅)ဂရမ်၊ Ketamine (၂၆၅)ဂရမ်၊ Diazepam Injection (၆၅)ပုလင်း၊ Diazepam Tablet(၆၀)ပြား၊ Ecstasy Tablet (၉၁၈)ပြား၊ Tramadol Capsule (၄၃၂၀)တောင့်၊ သေနတ်မျိုးစုံ(၃)လက်၊ ၅.၅၆ ကျည် (၂၆)တောင့်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့(၁/၂၀၁၉) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ (၁/၂၀၁၉) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှေးဦးအရွယ် ကလေးသူငယ်သည် မွေးစမှ အသက် ရှစ်နှစ်အရွယ်အထိဖြစ်ပြီး အသက်ရှစ်နှစ် နောက်ပိုင်းတွင် ထိရောက်အောင်မြင်သောသင်ကြားမှု၊ သင်ယူမှုများအတွက် အဆင်သင့်ဖြစ်ရန် နည်းစနစ်မှန်ဖြင့် ပြုစုပျိုးထောင်ထားရမည့် အသက်အရွယ်ကာလဖြစ်ကြောင်း၊ အဆိုပါကာလသည် ဦးနှောက်ဖွံ့ဖြိုးမှု အားအကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့်အတူ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဤအသက်အရွယ်အတွင်း ခံစားရရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

**အားလုံးဝိုင်းဝန်းဆောင်ရွက်**

ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ငန်းအားဖြင့် မိဘများ၏ ပါဝင်ဆောင်ရွက်မှုနှင့် မိသားစုဝင်များပါသိရှိရန် လိုအပ်ကြောင်း၊ မူကြိုမှာ အစိုးရ၊ ပုဂ္ဂလိက၊ ကိုယ့်အားကိုယ်ကိုးမူကြိုဟူ၍ သုံးမျိုးရှိပါကြောင်း၊ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူကြိုကျောင်းတက်ရောက်ရန် ကျန်နေသော ကလေးငယ်များ အများအပြားရှိသည့်အတွက် မူကြိုတက်ရောက်နိုင်ရေးကို အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုပါကြောင်း၊ လက်ရှိ နေ့ကလေးထိန်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို ကြီးကြပ်ရန် ဥပဒေအရ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၆ ခုနှစ်အထိ မူလတန်းကြိုကျောင်း ၉၉ ကျောင်းသာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ၁၂၈ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ ၁၀၂၅ ကျောင်းရှိ တာဝန်ခံနှင့် စာသင်ဆရာမများကို လစာနှင့် သင်ထောက်ကူပစ္စည်းကြေးများ တစ်စိတ်တစ်ပိုင်း ထောက်ပံ့နိုင်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် နေ့ကလေးထိန်းမိခင်ဝိုင်း ၆၄၂ ဝိုင်းကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုကို တိုင်းတာစစ်ဆေးရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေတိုင်းတာစစ်ဆေးပံ့ပိုးခြင်းဆိုသည့် ဝန်ဆောင်မှုလုပ်ငန်းကို တတ်ကျွမ်းနားလည်သည့် ပညာရှင်များပါဝင်သော ရွေ့ပြောင်းစီမံချက်အဖွဲ့ဖြင့် မြို့နယ် ခုနစ်မြို့နယ်မှ အသက် ငါးနှစ်အောက်ကလေးငယ်များနှင့် မိဘများကို အသိပညာပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ စနစ်တကျနည်းစနစ်မှန် ပြုစုစောင့်ရှောက်မှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းပါ တစ်ပြိုင်တည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူကြိုများ၊ နေ့ကလေးထိန်းများ ဖွင့်လှစ်မည့်သူများသည် တည်ထောင်ခွင့်ပြုမိန့် လိုအပ်ပါကြောင်း၊ နေ့ကလေးထိန်းများ၊ မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရာတွင် အရည်အသွေးပြည့်မီရန်နှင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီလည်း လိုက်နာရန်လိုအပ်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်များကို စနစ်တကျပြုစုပျိုးထောင်ခြင်းလုပ်ငန်းတွင် ကြုံတွေ့ရသည့်အခက်အခဲများအပေါ် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ရှိဆောင်ရွက်နေသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ဆက်လက်၍ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအပေါ် တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးခဲ့ကြပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့(၁/၂၀၁၉) အစည်းအဝေး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ "Connected For A Better Future" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့သည်။**




**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ Hotel Mulia Senayan ၌ ကျင်းပသည့် High Level Conference on ASEAN – China Media Cooperation ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဝန်ကြီး မစ္စတာဖန်ဝေပင်း၊ အာဆီယံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟောင်ရှီလန်၊ တရုတ်နိုင်ငံတက္ကသိုလ်များနှင့် ရုပ်မြင်သံကြားဌာနများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ASCC Deputy Secretary – General မစ္စတာကွန်ဖုတ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အာဆီယံ-တရုတ် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အာဆီယံ-တရုတ် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ပါဝင်ဆွေးနွေး ပြောကြားသည်။

ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ASEAN- China High Level Media Forum ကို ကျင်းပရာ တရုတ်နိုင်ငံ အမျိုးသား ရေဒီယိုနှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဝန်ကြီး မစ္စတာဖန်ဝေပင်း၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒါတိုလင်မ် ဂျော့ဟွိုင်းနှင့် အာဆီယံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟောင်ရှီလန်နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲ နှစ်ရပ် ကျင်းပရာ "The Role of Media in Building a Closer ASEAN–China Community with a Shared Future" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက Panelist အဖြစ် ပါဝင်၍ ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာကဏ္ဍအရေးကြီးပုံကို မြန်မာနိုင်ငံ၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ ဆွေးနွေးပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့သည် ဂျကာတာမြို့ရှိ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ သွားရောက်ခဲ့ရာ အာဆီယံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်နှင့် မြန်မာဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးရှိ စာကြည့်တိုက်၊ ပြခန်းများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ရုံးသစ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**

# လားရှိုးမြို့နယ်အတွင်းရှိ ရေလှောင်တမံများအား စစ်ဆေး

**လားရှိုး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ ရေလှောင်တမံများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) (ရုံးချုပ်)၊ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးနှင့်အဖွဲ့က ဇူလိုင်လ နောက်ဆုံးပတ်၌ စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် လားရှိုးမြို့နယ်အတွင်းရှိ ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံနှင့် နမ့်ကျန်ရေလှောင်တမံများတွင် သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်ပျက်စီးမှုများ မဖြစ်ပေါ်စေရန်အတွက် ဌာနမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး တမံကြဲ့ခိုင်မှု သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောရန်နှင့် တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာစေရန် အရေးပေါ်အခြေအနေ အဆင့် (၁)၊ (၂)၊ (၃) သတ်မှတ်၍ အရေးပေါ်အခြေအနေအဆင့် (၁) ဖြစ်ပါက ပြည်သူများအား အသိပေးနိုင်ရေး အစိမ်းရောင်အလံလွှင့်ထူရန်၊ အဆင့် (၂) ဖြစ်ပေါ်ပါက အဝါရောင်အလံလွှင့်ထူ၍ အသံချဲ့စက်ဖြင့် ကြော်ငြာရန်၊ အဆင့် (၃) ဖြစ်ပေါ်ပါက အနီရောင်အလံလွှင့်ထူ၍ အသံချဲ့စက်ဖြင့် ကြော်ငြာရန်နှင့် အနိမ့်ပိုင်းနေရာတွင် နေထိုင်ခြင်းမပြုရန်တို့နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက တာဝန်ရှိသူများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်အချက်အလက်များ၊ လက်ကမ်းစာစောင်များကို ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများထံသို့ ပေးဝေရန် မှာကြားခဲ့ကြောင်း သိရသည်။ **မောင်မွှေး**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ဟူးမွန်ရေလှောင်တမံ ရေထုတ်ပြွန် ရေတံခါး အဖွင့်အပိတ် ကြည့်ရှုစစ်ဆေးစဉ်။**



# မြန်မာ့အလေးမ အားကစားလောကဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီသိပ္ပံနည်းကျသော နည်းစနစ်များ၊ နည်းဗျူဟာများ၊ ဥပဒေပိုင်းများ၊ အားကစားစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များပေါင်းစပ်၍ ကြိုးစားဆောင်ရွက်ရမည်

**နေပြည်တော် ဇူလိုင် ၂၉**

အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် IWF Development Program 2019 Seminar and Workshop For Technical Officials အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာ့အလေးမ အားကစားလောကဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီသိပ္ပံနည်းကျသော နည်းစနစ်များ၊ နည်းဗျူဟာများ၊ ဥပဒေပိုင်းများ၊ အားကစားစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ ပေါင်းစပ်၍ ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ လေ့လာကြရန် လိုအပ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ရရှိသည့် သင်ခန်းစာများနှင့်ပေါင်းစပ်ပြီး မိမိတို့ရှိ အရည်အချင်းများဖြင့် သမာသမတ်ရှိသည့် ဒိုင်လူကြီးများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်အောင် ကျင်းပခွင့်ပေးခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Tamas Ajam, Mr. Intarat, Mr. Miwat (TAWA), ဦးဆောင်ဆွေးနွေးခဲ့သည့် Dr. Sirilak Thatman နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Technical Expert Dr. Sirilak Thatman က အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်ရာ သင်တန်းသားများကိုယ်စား အမျိုးသားကိုယ်စားလှယ် နှစ်ဦး၊ သင်တန်းသူများကိုယ်စား အမျိုးသမီးကိုယ်စားလှယ် နှစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက Technical Expert Dr. Sirilak Thatman အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# $11^{th}$ Santi Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်း တတိယဆုရရှိ

**ရန်ကုန် ဇူလိုင် ၂၉**

ဗီယက်နမ်နိုင်ငံ Heron Lake Golf Course and Resort ၌ ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် South East Asian Amateur Golf Team Championships ၏ $11^{th}$ Santi Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက် အသင်းသည် တတိယဆုရရှိခဲ့သည်။ တတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်းသည် ဇူလိုင် ၂၈ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။



တတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဂေါက်သီးရိုက်အသင်းကို ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ- ဂေါက်သီးအဖွဲ့ချုပ်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်းတွင် ဖူးပွင့်ရတီခိုင်၊ သင်းဝေခိုင်နှင့် ဝင့်ဖူးနဒီခိုင်တို့ ပါဝင်ပြီး လေးရက်ပေါင်း ရိုက်ချက် ၅၉၈ ချက်ဖြင့် တတိယဆုရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းအပါအဝင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းအသင်းက ပထမ၊ မလေးရှားအသင်းက ဒုတိယဆုရရှိခဲ့သည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် လက်ရွေးစင်ကစားသမားများနှင့် လူငယ်လက်ရွေးစင်အဆင့် ကစားသမားများ နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုရရန်နှင့် ယင်းပြိုင်ပွဲမှ ရရှိသည့်အတွေ့အကြုံများဖြင့် လာမည့်ပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ရန်အတွက် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး နိုင်ငံအတွက် အောင်မြင်မှုများ ဆက်တိုက်ရယူပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် မြန်မာအသင်း ပြန်လည်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာ ယူ- ၁၈ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ဇူလိုင် ၂၉ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ- ၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦးဖြင့် ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၂၆ ရက်တွင် ဂျပန်ခြေစမ်းခရီးစဉ်မှ ပြန်လည်ရောက်ရှိခဲ့ပြီး တစ်ရက်သာ နားကာ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်းသည် ဂျပန်ခရီးစဉ်မှ အတွေ့အကြုံကိုယူကာ အပြီးသတ်ပြင်ဆင်နေခြင်းဖြစ်ပြီး အပြီးသတ်ကစားသမား ၂၃ ဦးကို ရက်ပိုင်းအတွင်း ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းသည် ယခုအသင်းကို ကာလရှည်လေ့ကျင့် ပြင်ဆင်ထားသောကြောင့် ကစားသမားများ၏ ခြေစွမ်းနှင့် ဒဏ်ရာအခြေအနေအပေါ် မူတည်၍ အပြီးသတ်လူစာရင်းထုတ်ပြန်မည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံ ယူ- ၁၈ ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၇ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်နေသည်။ ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းတွင် **နည်းပြချုပ် -** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား-** ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း-** ဉာဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ **အလယ်တန်း-** ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ သြဘာခ၊ မိုးဆွေအောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း-** စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော် (၂)နှင့်ကောင်းဇင်မိုးတို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

◆ *ကျောဖုံးမှ*

ငါးသင်းသာ စာရင်းပေးသွင်းထားပြီး ထပ်တိုးစာရင်းပေးသွင်းမည့်အသင်းများအပေါ် မူတည်၍ ပြိုင်ပွဲပုံစံ သတ်မှတ်မည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၉ ရက်၊ အမျိုးသမီးပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ မနီလာနှင့် အခြားမြို့နှစ်ခုတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေး ကော်မတီသည် ပြိုင်ပွဲနှစ်ခုစလုံးတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းကို အုပ်စု (က) နှင့် လက်ရှိချန်ပီယံအသင်းကို အုပ်စု (ခ) တွင် နေရာချကာ ကျန်အသင်းများကို နေရာချထားမည်ဖြစ်ပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲရလဒ်များအပေါ် မူတည်၍ အုပ်စုမခွဲရန် ဆီဒင်သတ်မှတ်မည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက အုပ်စု (က)၊ လက်ရှိချန်ပီယံထိုင်းအသင်းက အုပ်စု (ခ)တွင်ပါဝင်ကာ ကျန်အသင်းများအနက် Pot- 1 တွင် မလေးရှားနှင့် အင်ဒိုနီးရှား၊ Pot- 2 တွင် မြန်မာနှင့် စင်ကာပူ၊ Pot- 3 တွင် ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ အမျိုးသမီးပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင်အသင်းအရေအတွက်အပေါ် မူတည်၍ အုပ်စုခွဲဝေမည်ဖြစ်ကာ ငါးသင်းသာရှိပါက ပတ်လည်စနစ်ဖြင့် ကျင်းပဖွယ်ရှိပြီး ယင်းထက်အသင်းများမှသာ အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက တတိယ၊ အမျိုးသားအသင်းက စတုတ္ထနေရာ ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# (၅၃)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်အားကစားသမားများ ရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၉**

(၅၃)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် အားကစားသမားရှစ်ဦး ရွေးချယ်ထားကြောင်း မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ သိရသည်။

"အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ အားကစားသမားတွေရယ်၊ အာရှအရှေ့တောင်အာရှ အားကစားတွေနဲ့ အိုလံပစ်နေ့အထိမ်းအမှတ်ပြိုင်ပွဲမှာ ဆုရရှိတဲ့ ကစားသမားတွေရယ်၊ ကီလိုတန်းအလိုက် ယှဉ်ပြိုင်ကြပါတယ်။ အဲဒီထဲက အလားအလာရှိတဲ့ အားကစားတွေကို ရွေးချယ်ခဲ့ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပဏာမရွေးချယ်ထားသည့် ကာယဗလမောင်များအဖြစ် ထွန်းထွန်းအောင်၊ မောင်မောင်မြင့်၊ ဇော်သိန်းနိုင်၊ အမျိုးသား Sports Physique တွင် မင်းခန့်၊ အမျိုးသား Athletic Physique တွင် သန်းနိုင်၊ အမျိုးသမီး ဂျူနီယာ Fitness Pyhsique တွင် သဲသဲ၊ Body Pyhsique တွင် သန္တာဦးနှင့် အေးသန္တာခိုင်တို့အား ရွေးချယ်ထားကြောင်း သိရသည်။

(၅၃)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Inner Mongolia ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကာယဗလအားကစားသမားများသည် အိန္ဒိယနိုင်ငံတွင်ကျင်းပခဲ့သည့် (၅၂)ကြိမ်မြောက်ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ကာယဗလမောင်သုံးယောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခုရရှိခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဇာဟာအတွက် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုအား ပယ်ချ**

ခရစ္စတဲလ်ပဲလေ့စ်အသင်းသည် အသင်းမှ အိုင်ဗရီကို့စ်တိုက်စစ်ကစားသမား ဝီဖရိုက်ဇာဟာအတွက် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုအား ပယ်ချလိုက်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အဲဗာတန်အသင်း ကစားသမား ငါးဦး ခေါ်ယူရန် လိုအပ်**

အဲဗာတန်အသင်းသည် ဂွီရီအနေဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်လာသည့်အတွက် လာမည့်ရာသီတွင် ပုံစံကောင်းရရှိရန် ကစားသမား ငါးဦး ခေါ်ယူရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မီလန်ကိုဗစ်ဆာဗစ်ကို ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ**

မန်ယူအသင်းသည် လာဇီယိုအသင်းမှ ဆားဘီးယားကွင်းလယ်ကစားသမား မီလန်ကိုဗစ် ဆာဗစ် (၂၄နှစ်) ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အစ္စမာအီလာဆားကို ခေါ်ယူရန် ရင်းနက်စ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်**

ဝက်ဖို့ဒ်အသင်းသည် ဆီနီဂေါတိုက်စစ်ကစားသမား အစ္စမာအီလာဆား (၂၁နှစ်) ကို ခေါ်ယူရန်အတွက် ပြင်သစ်ကလပ် ရင်းနက်စ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နိုင်ငံတကာချန်ပီယံဖလား မီလန်နှင့် မန်ယူကစားမည်**

နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲအဖြစ် အေစီမီလန်နှင့် ဘင်ဖီကာအသင်းတို့ ဇူလိုင် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ဖီကာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်အသင်းသည် နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲ နှစ်ပွဲကစားထားရာ နှစ်ပွဲစလုံးရှုံးနိမ့်ထားသည်။ နိုင်ငံတကာချန်ပီယံဖလား နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၃ ရက်နေ့ တွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ကြောင့် ဇူလိုင် ၂၉ ရက်အထိ သေဆုံးသူ ၈၁ ဦးရှိ

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၉ ရက်အထိ ဓာတ်ခွဲအတည်ပြုပြီး ရောဂါပိုးတွေ့ရှိသူ ၄၁၇ ဦးရှိကာ သေဆုံးသူ ၈၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 သံသယရှိသဖြင့် ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၉၉၅ ဦးအနက် ရောဂါဖြစ်ပွားသူ ၄၁၇ ဦးရှိပြီး သေဆုံးသူ ၈၁ ဦး ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၄၈၂ ဦးအနက် ရောဂါဖြစ်ပွားသူ ၂၁၆ ဦးရှိကာ သေဆုံးသူ ၆၂ ဦးရှိပြီဖြစ်၍ H1N1ကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၃၅ ဦးအနက် သေဆုံးသူ ငါးဦး၊ ကချင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၄ ဦး၊ သေဆုံးသူ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၁၈ ဦး၊ သေဆုံးသူ ငါးဦး၊ မကွေးတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ၁၆ ဦး၊ သေဆုံးသူ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရောဂါဖြစ်ပွားသူ ခုနစ်ဦး၊ သေဆုံးသူနှစ်ဦး၊ မွန်ပြည်နယ်တွင် ရောဂါ ဖြစ်ပွားသူ ရှစ်ဦး၊ သေဆုံးသူ သုံးဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရောဂါ ဖြစ်ပွားသူ ငါးဦး၊ သေဆုံးသူတစ်ဦး၊ ရခိုင်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၂၈ဦး၊ သေဆုံးသူတစ်ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ထို့အတူ နေပြည်တော်တွင် ဓာတ်ခွဲ အတည်ပြုပြီးနောက် ရောဂါဖြစ်ပွားသူ ၃၅ ဦး၊ ကရင် ပြည်နယ်တွင် ခုနစ်ဦးနှင့် ကယားပြည်နယ်တွင် ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ငါးဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လေးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးဦးရှိပြီး စုစုပေါင်း ရောဂါဖြစ်ပွားသူ ၄၁၇ ဦးနှင့် သေဆုံးသူ ၈၁ ဦး ရှိပြီဖြစ်ကာ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ရောဂါပိုး တွေ့ရှိသူမရှိသေးကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားသူများအနက် အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ ၅၃ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၁ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ၁၃ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ငါးနှစ်အထိ ၁၇ ရာခိုင်နှုန်းနှင့် အသက်တစ်နှစ်အောက်တွင် ၆ ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ဇင်ဦး(မြန်မာ့အလင်း)**



ဒေါ်ထုနူး(ခ)ဒေါ်ထုနှင့် ဝေလင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက မိုးမောက်မြို့နယ် ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဝေလင်း မောင်းနှင်ပြီး ဒေါ်ထုနူး (ခ)ဒေါ်ထု လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားပြည်ထောင်စုလမ်းတွင် သန့်ဇင်ဦး (ခ)သားငယ် မောင်းနှင်ပြီး ဆာအောင် (ခ)အိုက်အောင် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ည ၁၀ နာရီ မိနစ် ၂၀ က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိုင်းစိန်(ခ)စိန်ဝင်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီက ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် ကုရင်ကျေးရွာအုပ်စု တောင်ပို့ကြီးကျေးရွာနေ ဖိုးထူး(ခ)စိုင်းထူး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၀ ပြား၊ ငွေကျပ် ၂ ဒသမ ၉ သိန်းနှင့် ဓားရှည်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

**၃၀-၇-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၆း၃၅ - “စုဒ္ဒသမတိပိဋကရေ တိပိဋက ကောဝိဒ တိပိဋက ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝီရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း” (အပိုင်း-၄)
- ၇း၀၀ - Breakfast News
- ၈း၄၀ - FDA စကားဝိုင်း “အန္တရာယ်ကင်းသော အစားအသောက်ဖြစ်ပေါ်စေရေးအတွက် အချက်(၅)ချက်”
- ၁၀း၃၅ - ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၁၁၀)
- ၁၀း၄၅ - ဥပဒေရေးရာအဖြာဖြာ “သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာ” (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်ဦးစံပေါ) (ဒါရိုက်တာဝေဠု(ဝသန်))
- ၁၂း၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက

**ညပိုင်း**

- ၁၇း၅၅ - ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် Lဆိုင်းဇီ၊ အဆိုတော် Pan Sweet (Blueberry)၊ အဆိုတော် Jet San Tun)
- ၁၈း၅၅ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ
- ၁၉း၂၀ - “အနာဂတ်ရဲ့ကြယ်ပွင့်တွေ မကြွေလွင့်စေဖို့”
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၂၀း၃၅ - ပညာရေးစကားဝိုင်း “လုပ်ငန်းခွင်နှင့်ဆီလျော်သော ဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ရေးစကားဝိုင်း” (အပိုင်း-၂)
- \- အနုပညာခန်းရိပ်သာ “ရွှေမန်းချမ်းသာနှင့်တွေ့ဆုံခြင်း”

# အလုံမြို့နယ်၌ မြေထိန်းနံရံ ပေ ၈၀ ခန့်ပြိုကျ

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်မြို့ အလုံမြို့နယ်ဘက်ခြမ်း ဂဠုန်ရပ်ကွက် ကွင်းချောင်းမြောင်းဘေးရှိ မြေထိန်းနံရံ ပေ ၈၀ ခန့်မှာ ယနေ့နံနက်ပိုင်းက ရုတ်တရက်ပြိုကျမှု ဖြစ်ခဲ့သည်။

မြေထိန်းနံရံပြိုကျရာသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကူညီစီစဉ်မှုများ ပြုလုပ်ပေးခဲ့သည်။

မြောင်းကြီးမှာနှစ်ရှည်ကြာမြင့်ပြီး မြေထိန်းအတွင်းအုတ်သားများဆွေးနေခြင်း၊ အတွင်းမြေသားများကို ကြွက်များဖောက်နေခြင်းနှင့် ယမန်နေ့က ရွာသွန်းခဲ့သောမိုးကြောင့် ပြိုကျမှုဖြစ်နိုင်ကြောင်း သိရသည်။

မြေထိန်းနံရံပြိုကျမှုကြောင့် မြောင်းဘေးရှိသစ်သား၊ သွပ်ကာအဖီတစ်ခုပြိုကျမှု ဖြစ်ခဲ့ပြီး လူများ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**



# စစ်ကိုင်း၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တရားမဝင်သစ် တန် ၁၃၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကံတော်ရွာတောင်ဘက် သုံးမိုင်ခန့်အကွာမှ ၁၈ ဒသမ ၃၃၅၂ တန်၊ ကသာခရိုင် ကသာမြို့နယ် အထက်ဝဲကြီးရွာဟောင်းအနီးမှ ၁၁၃ ဒသမ ၃၀၂၀ တန်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းဘေး ရောင်ကြီးကျေးရွာ အရှေ့ဘက်လေးဖာလုံခန့်အကွာနေရာမှ ကျွန်းခွဲသား ၁ ဒသမ ၆၅၉၆ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်သီတာအေး တာဆုံစုပေါင်းစစ်ဆေးရေးဂိတ်၌ Nissan Diesel ခြောက်ဘီးမော်တော်ယာဉ်နှင့်အတူ တောင်သရက် ခွဲသား ၃ ဒသမ ၅၅၆၄ တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လှမော်**

# ဖားကန့်၌ တောင်ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးနေသည့် ရုပ်အလောင်းငါးလောင်း ထပ်မံရှာဖွေတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဇူလိုင် ၂၈ ရက်က ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာအနီးရှိ စိန်လုံတောင်ကမ်းပါးယံပြိုကျခဲ့မှုကြောင့် ကုမ္ပဏီဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ မြေစာပုံပိသေဆုံးခဲ့၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပျောက်ဆုံးနေသည့် ရုပ်အလောင်းငါးလောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်အလောင်းများမှာ ပြေမင်း(၂၈ နှစ်) မြိုင်မြို့နယ် ဆိတ်ချေးကျေးရွာ၊ တိမ်းဘောမ်(၄၀ နှစ်) မြစ်ကြီးနားမြို့နယ် ပလနကျေးရွာ၊ ရီဝေခန့်(၂၁နှစ်)ဖားကန့်မြို့နယ် ကောင်ဆန်ကျေးရွာနှင့် ရဲတပ်ကြပ်မျိုးမြင့်အောင်၊ ရဲတပ်သား အောင်ခိုင်ခန့်တို့ ငါးဦးကိုထပ်မံရှာဖွေတွေ့ရှိခဲ့ပြီး ဇူလိုင် ၂၈ ရက် ညပိုင်း ရှာဖွေကယ်ဆယ်မှု စာရင်းပိတ်ချိန်အထိ ရုပ်အလောင်း ၁၄ လောင်း၊ ယနေ့ရှာဖွေကယ်ဆယ်ရရှိသည့် ရုပ်အလောင်း ငါးလောင်း စုစုပေါင်း ရုပ်အလောင်း ၁၉ လောင်းရှာဖွေတွေ့ရှိထားကာ ရှာဖွေကယ်ဆယ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ကျိုက်ထိုမြို့နယ် တောင်ကမ်းပါးယံပြိုကျ၍ ကားလမ်းတစ်ဝက်ခန့် ပိတ်ဆို့မှုဖြစ်

**ကျိုက်ထို ဇူလိုင် ၂၉**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၉၀/၃)နှင့် (၉၀/၄) အကြား၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် မြေသားတောင်ကမ်းပါးနံရံမှာ ကားလမ်းပေါ်သို့ ပြိုကျခဲ့သည်။ **(ယာပုံ)**

အဆိုပါမြေသားနံရံပြိုကျမှုကြောင့် ရန်ကုန်-မော်လမြိုင် ကားလမ်းတွင် မြေသားများ ပိတ်ဆို့မှုဖြစ်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ ပိတ်ဆို့နေသည့် မြေသားများကို ရွှေသံလွင်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးကျော်ဇင်ဦးနှင့်အဖွဲ့က ဘတ်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ်နှစ်စီးဖြင့် ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ၆၇ နှစ်ပြည့်မွေးနေ့ကျင်းပ



**ဗန်ကောက် ဇူလိုင် ၂၉**

ထိုင်းဘုရင်မင်းမြတ် မဟာဗာဂျီရာလောင်ကွန်း၏ အသက် ၆၇ နှစ်ပြည့်မွေးနေ့ကို ဇူလိုင် ၂၈ ရက်တွင် ဘုရင့်နန်းတော်၌ ကျင်းပခဲ့ရာ တော်ဝင်မိသားစုများနှင့် အစိုးရ အရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းအနေဖြင့် ၎င်းပိုင်ဆိုင်သည့် မြေအချို့ကို အခွန် ကင်းလွတ်ခွင့်ရရှိမည်ဟု ထိုင်းအစိုးရက ကြေညာခဲ့သည်။ ထိုင်းဘုရင် မဟာဗာဂျီရာ လောင်ကွန်းသည် ကမ္ဘာ့အချမ်းသာဆုံး ဘုရင်များထဲတွင် ပါဝင်ပြီး ၎င်း၏ ပိုင် ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံရှိကြောင်း သိရသည်။

ထိုင်းတော်ဝင်မိသားစု၏ ငွေကြေးနှင့် မြေပိုင်ဆိုင်မှုများကို စီမံခန့်ခွဲသည့် The Crown Properties Bureau သည် ၂၀၁၇ခုနှစ်မှစတင်ကာ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။

၎င်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့ ညတွင် ထီးနန်းလက်ခံခဲ့ပြီး ၂၀၁၉ ခုနှစ် မေ ၄ ရက်မှ ၆ ရက်အထိ နန်းတက်အခမ်းအနား ကျင်းပခဲ့သည်။ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် ထိုင်းနိုင်ငံ၏ အသက်အကြီးဆုံး ထီးနန်းဆက်ခံသူ တစ်ဦး ဖြစ်လာခဲ့သည်။

**ဗန်ကောက်ပို့စ်**

## ဟောင်ကောင်၌ ဆန္ဒပြပွဲများ ပိုမိုအရှိန်မြင့်လာ

**ဟောင်ကောင် ဇူလိုင် ၂၉**

ဟောင်ကောင်၌ ဆန္ဒပြပြည်သူများကို ရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဆန်များဖြင့် ပစ်ခတ်ကာ မျက်ရည်ယိုဗုံးများ ပစ်သွင်းခဲ့ကြသော်လည်း ဆန္ဒပြသူများသည် ရဲများကို အန်တုကာလမ်းမများပေါ်ထွက်၍ ဆန္ဒပြခဲ့ကြပြီး နှစ်ဖက်ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖျက်ဆီးခံခဲ့ရသည့် တရုတ်အစိုးရဆက်သွယ်ရေးရုံးကို ဆန္ဒပြသူများမရောက်ရှိအောင် ကာကွယ်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယို ဗုံးများဖြင့် အကြိမ်ကြိမ် လူစုခွဲရန်လုပ်ဆောင်ခဲ့ကြသည်။ ဆန္ဒပြသူများသည် ဒီမိုကရေစီ နည်းကျသည့် ရွေးကောက်ပွဲများကျင်းပရန်နှင့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လွတ်လပ်စွာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

တရားခံများကို တရုတ်ပြည်မကြီးသို့ လွှဲပြောင်းပေးမည့် အငြင်းပွားဖွယ် ဥပဒေကြမ်းတစ်ရပ်ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စိတ်တစ်ပိုင်းရရှိထားသည့် ဟောင်ကောင်၌ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့ပြီး ဆန္ဒပြသူများက ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်နှင့် လွတ်လပ်ခွင့်များလျော့ချပစ်ခြင်းကိုရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများအတွင်း လူသန်းနှင့်ချီ၍ ပါဝင်ခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ မကြာခဏ ထိပ်တိုက်တွေ့မှုများနှင့် သွေးထွက်သံယိုမှုများဖြစ်ခဲ့သည်။

**အေအက်ဖ်ပီ**

## တရုတ်နိုင်ငံမှ လက်နက်အမြောက်အမြားဝယ်ယူခဲ့ကြောင်း ကမ္ဘောဒီးယားပြော

ဖနွမ်းပင် ဇူလိုင် ၂၉

**ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှ လက်နက်ထောင်ပေါင်းများစွာကို ဝယ်ယူခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဇူလိုင် ၂၉ ရက်တွင် ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ရေတပ်အခြေစိုက်စခန်း၌ တရုတ်စစ်သင်္ဘောများကို ဆိုက်ကပ်ခွင့်ပေးရန် လျှို့ဝှက်သဘောတူညီမှု ပြုလုပ်ခဲ့သည်ဆိုသော သတင်းထွက်ပေါ်မှုများကို အစိုးရက ငြင်းဆန်ခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် တရုတ်နိုင်ငံနှင့် လက်နက်ဝယ်ယူမှု သဘောတူစာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။**

စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခြင်းမရှိခဲ့ပေ။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကမ္ဘောဒီးယားနိုင်ငံရှိ Ream ရေတပ်စခန်းသို့ တရုတ်စစ်သင်္ဘောများကို ဆိုက်ကပ်ခွင့်ပေးရန်နှင့် လက်နက်များ သိုလှောင်ခွင့်ပြုရန် လျှို့ဝှက်သဘောတူညီမှုရရှိခဲ့ကြောင်း၊ လအနည်းငယ်ကြာအောင် ပေါ်ထွက်လာခဲ့သည့် ကောလာဟလသတင်းများ ခိုင်မာကြောင်း ဝေါစထရိဂျာနယ်က ဖော်ပြခဲ့သည်။ သတင်းထွက်ပေါ်မှုများ မမှန်ကန်ကြောင်း သက်သေပြရန် ကမ္ဘောဒီးယားနိုင်ငံက သတင်းထောက်များအတွက် အဆိုပါရေတပ် စခန်းသို့ မီဒီယာလေ့လာရေးခရီးစဉ် တစ်ခုစီစဉ်ပေးခဲ့သည်။

ထွက်ပေါ်လာသည့်သတင်းများ မမှန်ကန်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ငြင်းဆန်ခဲ့သော်လည်း တရုတ်နိုင်ငံမှ လက်နက်ရောင်းချမှုနှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသ ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံမှ အပိုဆောင်းလက်နက် ထောင်ပေါင်းများစွာ ဝယ်ယူရန် အမိန့်ပေးအပ်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သော်လည်း မည်သည့်လက်နက်များဖြစ်ကြောင်း မဖော်ပြခဲ့ပေ။ ယခုအခါ အဆိုပါလက်နက်များကို သင်္ဘောဖြင့် တင်ဆောင်လာပြီဖြစ်ကြောင်း သိရသည်။

ယခင်လက်နက်ဝယ်ယူမှုစာချုပ်တွင် စုစုပေါင်းငွေကြေး အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၉၀ အပြင် ယခုနှစ်တွင် ဒေါ်လာသန်း ၄၀အသုံးပြုခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ကယ်လီဖိုးနီးယားမြောက်ပိုင်းတွင် ပွဲတော်တစ်ခု၌ ပစ်ခတ်မှုဖြစ်ပြီး သုံးဦးသေဆုံး

**ကယ်လီဖိုးနီးယား ဇူလိုင် ၂၉**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် အစားအသောက်ပွဲတော်တစ်ခုကို ဇူလိုင် ၂၈ရက်တွင် လူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့် သေနတ်သမားကို အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီခွဲ အချိန်ခန့်တွင် ဂီလ်ရွိုင်မြို့ရှိ အစားအသောက်ပွဲတော် ကျင်းပရာနေရာသို့ ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသည့် သေနတ်သမားတစ်ဦး ရောက်ရှိလာပြီး တွေ့မြင်သမျှ လူတိုင်းကို ပစ်ခတ်ခဲ့သည်။

သေနတ်သမားသည် အသက် ၃၀ ခန့်ရှိပြီး မောင်းပြန်ရိုင်ဖယ် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေအချို့က ပြောသည်။ ပွဲတော်အတွင်း လုံခြုံရေးတင်းကျပ်ထားပြီး လာရောက်ကြသူများ အားလုံးကို သတ္တုရှာဖွေရေးကိရိယာဖြင့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း သေနတ်သမားက စစ်ဆေးမှုကို ရှောင်ကွင်းကာ ဝင်ရောက်လာပြီး ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ဂျီးရီးယား၌ ဘိုကိုဟာရမ် စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၆၅ ဦး ရှိလာ

**အဘူဂျာ ဇူလိုင် ၂၉**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဈာပနတစ်ခုကို ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၆၅ ဦးထက်မနည်းရှိလာပြီး မူလအရေအတွက်ထက် သုံးဆဖြစ်လာကြောင်း ဒေသအာဏာပိုင် တစ်ဦးက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့မှ သေနတ်သမားများက မိုင်ဒူဂူရီ ဒေသဆိုင်ရာမြို့အနီးရှိ ကျေးရွာတစ်ရွာကို ဇူလိုင် ၂၇ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ အရေအတွက် ၆၅ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦးရှိကြောင်း ဒေသအုပ်ချုပ်ရေးမှူး မိုဟာမက် ဘူလာမာကပြောသည်။ ဈာပနရှိ လူအများစုဝေးရာ နေရာကို ကနဦး တိုက်ခိုက်ခဲ့မှုတွင် လူ ၂၀ ကျော် သေဆုံးခဲ့ပြီး စစ်သွေးကြွများအား လိုက်လံဖမ်းဆီးရန် ကြိုးစားခဲ့ချိန်တွင် နောက်ထပ်အများအပြား သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘူလာမာက ပြောကြားခဲ့သည်။



တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးမှုကို တွေ့ရစဉ်။

ဒေသရှိ ဘိုကိုဟာရမ်အဖွဲ့ကို ဆန့်ကျင်သည့် တပ်ဖွဲ့က သေဆုံးသူ အရေအတွက်ကို အတည်ပြုခဲ့သည်။ နောက်ဆုံး ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် လွန်ခဲ့သောနှစ်ပတ်အကြာက ဘိုကိုဟာရမ် တိုက်ခိုက်ရေးအဖွဲ့သားများ ကျေးရွာသို့ ချဉ်းကပ် လာချိန်တွင် ဒေသခံများ၏ တိုက်ခိုက်မှုကြောင့် အဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့မှုကို လက်တုံ့ပြန်သည့် တိုက်ခိုက်မှုဖြစ်ဟန်ရှိကြောင်း ဘူလာမာက ဆိုသည်။ ယင်းတိုက်ခိုက်မှုတွင် ဒေသခံများက အော်တိုမစ်တစ်ရိုင်ဖယ်သေနတ် ၁၀ လက်ကိုပါ သိမ်းဆည်းခဲ့သည်။

ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမားများသည် အနီးတစ်ဝိုက်ရှိ Nganzai ဒေသကိုလည်း မကြာခဏဆိုသလို တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့သည် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းတွင် ဆယ်စုနှစ်တစ်ခုကြာအောင် ပုန်ကန်ထကြွမှုများလုပ်ဆောင်ခဲ့ရာ ပြည်သူ ၂၇၀၀၀ ခန့် သေဆုံးခဲ့ပြီဖြစ်ပြီး လူနှစ်သန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးရလျက်ရှိသည်။

**အေအက်ဖ်ပီ**

# နယ်စပ်တံတိုင်းတည်ဆောက်ဖို့ ရန်ပုံငွေသုံးစွဲခွင့် ရရှိသွားတဲ့ သမ္မတ ထရမ့်

*ကလျာမိုးမြင့်*

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ တောင်ပိုင်းနယ်စပ်မှာ တည်ဆောက်မယ့်တံတိုင်းအတွက် ပင်တဂွန်ရဲ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ (ယူရိုငွေ ၂ ဘီလီယံ) ကို အသုံးပြုနိုင်တယ်ဆိုပြီး အမေရိကန် အမြင့်ဆုံးတရားရုံးက ယခုရက်ပိုင်းမှာ ခွင့်ပြုချက်ပေးလိုက်ပါတယ်။ နယ်စပ်တံတိုင်း တည်ဆောက်ရာမှာ ငွေတွေသုံးစွဲမယ့်ကိစ္စကနေ သမ္မတကိုပိတ်ပင်ဖို့ ဖက်ဒရယ်တရားသူကြီးတစ်ဦးရဲ့ဆုံးဖြတ်ချက်ကို တားဆီးဖို့အတွက် တရားရုံးချုပ်က မဲခွဲဆုံးဖြတ်လိုက်ပြီးနောက် ရန်ပုံငွေသုံးစွဲဖို့ ခွင့်ပြုချက်ပေးလိုက်တာ ဖြစ်ပါတယ်။**

**မဲဆွယ်လက်နက်တစ်ခုဖြစ်ခဲ့**

အမေရိကန်နဲ့ မက္ကဆီကိုကိုပိုင်းခြားထားတဲ့ နယ်စပ်တံတိုင်းဟာ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွင်းမှာ သမ္မတထရမ့်က မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုအဖြစ် အသုံးပြုခဲ့တဲ့ ကတိကဝတ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီမိုကရက်တစ်အဖွဲ့ဝင်တွေကတော့ ဒီကိစ္စကို အရင်ကတည်းက တောက်လျှောက် ကန့်ကွက်လာတာပါ။ တရားရုံးချုပ်ရဲ့စီရင်ဆုံးဖြတ်ချက်အရ ရန်ပုံငွေတွေကို ကယ်လီဖိုးနီးယား၊ အရီဇိုးနားနဲ့ နယူးမက္ကဆီကိုတို့မှာ တည်ဆောက်မယ့် တံတိုင်းစီမံကိန်းတွေအတွက် ထည့်သွင်းသုံးစွဲသွားမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

**အောင်ပွဲတစ်ခု**

ကယ်လီဖိုးနီးယားရှိ တရားရုံးက ကွန်ဂရက်လွှတ်တော်ဟာ တံတိုင်းတည်ဆောက်ရေးမှာ သုံးဖို့အတွက် ရန်ပုံငွေတွေကို တိကျသေချာတဲ့ ခွင့်ပြုချက်မျိုး မပေးခဲ့ဘူးလို့ ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရားရုံးချုပ်ရဲ့ စီရင်ဆုံးဖြတ်ချက်ကို သမ္မတထရမ့်က အောင်ပွဲကြီးတစ်ရပ်အဖြစ် တွစ်တာပေါ်မှာဖော်ပြခဲ့ပါတယ်။ ထွက်ပေါ်လာမယ့် တံတိုင်းသစ်ဟာ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေကို ပပျောက်စေလိမ့်မယ်၊ ၎င်းတို့ကြောင့် ပေါ်ပေါက်လာတဲ့ ရာဇဝတ်မှုတွေလည်း လျော့နည်းသွားလိမ့်မယ်ဆိုပြီး အခိုင်အမာ ပြောဆိုထားပါတယ်။

**ထိရောက်မှုမရှိ**

ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီမိုကရက်တစ်အဖွဲ့ဝင်တွေက ၎င်းတို့ဟာ နယ်စပ်လုံခြုံရေးနဲ့ပတ်သက်ပြီး စိတ်ဝင်တစားရှိပေမယ့်လို့ တံတိုင်းဆောက်မယ့်ကိစ္စဟာ ကုန်ကျစရိတ်ကြီးမြင့်နိုင်ပြီး ထိရောက်မှုမရှိနိုင်ဘူးလို့ ခံစားမိတယ်လို့ ဆိုပါတယ်။ မစ္စတာထရမ့်က နယ်စပ်အရေးပေါ်အခြေအနေကို ဖြစ်စေခဲ့ပြီး နယ်စပ်တံတိုင်းက ထရမ့်ရဲ့ လူဝင်မှုကြီးကြပ်ရေးကို ဆန့်ကျင်တဲ့ သင်္ကေတတစ်ခု ဖြစ်လာနေတယ်လို့ ၎င်းတို့က စောဒကတက်ခဲ့ကြပါတယ်။

အခုရက်ပိုင်းအတွင်းမှာ အမေရိကန်နဲ့ ဂွါတီမာလာတို့ဟာ ခိုလှုံခွင့်ဆိုင်ရာသဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အဲဒီသဘောတူညီမှုအောက်မှာ ဟွန်ဒူးရပ်စ်နဲ့ အယ်ဆာဗေဒို နိုင်ငံတွေကနေ ဂွါတီမာလာကိုဖြတ်ကျော်မယ့် ရွှေ့ပြောင်းသွားလာသူတွေဟာ အရင်ကလို လွယ်လင့်တကူ ဖြတ်ကျော်ပြီး အမေရိကန်ဆီ ဖြောင့်ဖြောင့်တန်းတန်း ဆက်သွားလို့ရတော့မှာ မဟုတ်ဘဲ ဦးစွာ အဲဒီနိုင်ငံမှာ ခိုလှုံခွင့်တောင်းခံဖို့ လိုအပ်မှာ ဖြစ်ပါတယ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

**တုံ့ပြန်မှု**

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက တရားရုံးချုပ်ရဲ့ စီရင်ဆုံးဖြတ်ချက်ဟာ အကျိုးမရှိတဲ့ နယ်စပ်တံတိုင်းကိစ္စမှာ ငွေတွေဖြုန်းတီးဖို့အတွက် တပ်မတော်ရဲ့ ရန်ပုံငွေတွေ သမ္မတထရမ့်ကို ခိုးယူခွင့်ပေးလိုက်သလို ဖြစ်နေတယ်၊ ကွန်ဂရက်လွှတ်တော်က ပယ်ချထားတဲ့ ဒီကိစ္စကို တရားရုံးချုပ်က ခွင့်ပြုပေးတာဟာ အတော်လေး ဆိုးရွားတယ်။ ကျွန်ုပ်တို့ရဲ့ ယခင်ခေါင်းဆောင်တွေက ပြည်သူတွေ ဆုံးဖြတ်ခွင့်ရှိတဲ့ ဒီမိုကရေစီစနစ်တစ်ခုကို ဖော်ဆောင်ခဲ့တာ၊ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖော်ဆောင်ခဲ့တာ မဟုတ်ဘူးလို့ နန်စီပီလိုစီက တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး အလိုမကျမှုကို ဖော်ပြခဲ့ပါတယ်။

**မြေယာတွေကို ဖျက်ဆီးနိုင်**

ရန်ပုံငွေကိစ္စကို ပိတ်ပင်ဖို့လုပ်ဆောင်ရာမှာ ပါဝင်ခဲ့တဲ့ Sierra Club သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့မှ ရှေ့နေတစ်ဦးဖြစ်တဲ့ ဂလိုရီယာစမစ်က နယ်စပ်တံတိုင်း တည်ဆောက်မှုအတွက် တပ်မတော်ရန်ပုံငွေတွေကို ကွဲပြားအောင် ခွင့်ပြုလိုက်တဲ့ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ ကယ်လီဖိုးနီးယား၊ နယူးမက္ကဆီကိုနဲ့ အရီဇိုးနားတို့မှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေ၊ အများပြည်သူတို့ရဲ့ မြေယာတွေနဲ့ ရေတွေကို ပိုင်းခြားဖျက်ဆီးပစ်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

အခုနှစ် အစောပိုင်းမှာ သမ္မတထရမ့်က တံတိုင်းကြီး တည်ဆောက်ဖို့အတွက် ၎င်းအနေနဲ့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံလိုအပ်ကြောင်း ပြောကြားခဲ့ပြီး ဒီကိစ္စကို အမျိုးသားလုံခြုံရေး ကိစ္စတစ်ရပ်အဖြစ်နဲ့ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒါတောင်မှ အဲဒီငွေကြေးပမာဏဟာ မိုင်ပေါင်း ၂၀၀၀ ရှိတဲ့ နယ်စပ်တစ်လျှောက် ကာရံမယ့် တံတိုင်းရဲ့ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံနဲ့စာရင် ဘယ်လောက်မှမရှိသေးပါဘူး။ ကွန်ဂရက်လွှတ်တော်ရဲ့ခွင့်ပြုချက်ကို ကျော်လွန်ဖို့ နိုင်ငံတော်အရေးပေါ် အခြေအနေထုတ်ပြန်မယ့် သမ္မတရဲ့ ကြိုးပမ်းမှုကို ရပ်တန့်စေဖို့အတွက် အမေရိကန်ပြည်သူ့လွတ်လပ်ရေးသမဂ္ဂ (ACLU) နဲ့အတူ ပြည်နယ်ပေါင်း ၂၀ ခန့်ဟာ အမှုဖွင့်ဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။

**ကန့်ကွက်လှုပ်ရှား**

ဒါတင်မကသေးပါဘူး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း တံတိုင်းတည်ဆောက်မယ့် ကိစ္စဟာ တောရိုင်းတိရစ္ဆာန်တွေကို ဆိုးကျိုးသက်ရောက်မှုဖြစ်လာစေနိုင်တဲ့အတွက် ဒီကိစ္စကို ကန့်ကွက်တဲ့လှုပ်ရှားမှုတွေပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ ကွန်ဂရက်လွှတ်တော်ဟာ တက္ကဆက်ပြည်နယ် ရီယိုဂရန်ဒီတောင်ကြားတစ်လျှောက် စည်းရိုးကာရံမှုအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံသုံးစွဲဖို့ အတည်ပြုပေးခဲ့ပြီး အဲဒီပမာဏဟာ သမ္မတထရမ့်တောင်းခံခဲ့တဲ့ ငွေကြေးထက်နည်းပါတယ်။

အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ကတော့ တံတိုင်းစီမံကိန်းအတွက်နဲ့ နောက်ထပ်ရန်ပုံငွေတွေ မကွဲပြားစေရေးအတွက် ဥပဒေအရဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။

**နယ်စပ်မှာ ဘာတွေဖြစ်နေသလဲ**

အမေရိကန် အာဏာပိုင်တွေရဲ့ပြောပြချက်အရ ပြီးခဲ့တဲ့ ဇွန်လအတွင်း အနောက်တောင်ပိုင်းနယ်စပ်တစ်လျှောက်မှာ လူပေါင်း ၁၀၄၃၄၄ ကို အမေရိကန်အာဏာပိုင်တွေက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဒီကိန်းဂဏန်းဟာ အရင်လတွေကနဲ့စာရင် ၂၈ ရာခိုင်နှုန်း လျော့ကျသွားတာဖြစ်တယ်လို့ သိရပါတယ်။ ထရမ့်ရဲ့အစိုးရအဖွဲ့က ဒီလိုလျော့ကျသွားရတာဟာ ရွှေ့ပြောင်းသွားလာမှုကို ထိန်းချုပ်ဟန့်တားဖို့ မက္ကဆီကိုနဲ့အတူ ချမှတ်ဆောင်ရွက်လိုက်တဲ့ မူဝါဒအသစ်တွေကြောင့်လို့ ဆိုပါတယ်။

ပြီးတော့ ခိုလှုံရာရှာဖွေသူတွေကို မက္ကဆီကိုမှာ စောင့်ဆိုင်းနေရအောင်လုပ်ခဲ့တဲ့ တိုးချဲ့စီမံချက်ကြောင့်လည်း ပါတယ်လို့ ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပူပြင်းတဲ့ နွေရာသီလတွေအတောအတွင်း ရွှေ့ပြောင်းသွားလာသူ အရေအတွက် လျော့ကျမှုကတော့ စံနှုန်းတစ်ခုကို ရောက်ရှိခဲ့တာအမှန်ပဲလို့ ကျွမ်းကျင်သူတွေက သုံးသပ်လျက်ရှိပါတယ်။

**သမိုင်းတွင်လောက်တဲ့ လျော့ကျမှု**

ရွှေ့ပြောင်းသွားလာသူများ ပျောက်ဆုံးမှုဆိုင်ရာကုလသမဂ္ဂ စီမံကိန်းအဖွဲ့က ၂၀၁၉ ခုနှစ်အတွင်း အမေရိကန် - မက္ကဆီကို နယ်စပ်မှာ သေဆုံးသွားတဲ့ သို့မဟုတ် ပျောက်ဆုံးနေတဲ့ ရွှေ့ပြောင်းသွားလာသူ ၁၇၀ ရှိပြီး ဒီအထဲမှာ ကလေးငယ် ၁၃ ဦး ပါဝင်တယ်လို့ ပြောကြားခဲ့ပါတယ်။ နယ်စပ်မှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ ရွှေ့ပြောင်းသွားလာသူ အရေအတွက်ဟာ အရင် ၁၀ စုနှစ်ကနဲ့ နှိုင်းယှဉ်ရင် အတော်လေး လျော့ကျသွားခဲ့ပါတယ်။

သမ္မတထရမ့် တာဝန်ထမ်းဆောင်တဲ့ ပထမနှစ်မှာ လျော့ကျသွားတဲ့ အရေအတွက်ဟာ ပြီးခဲ့တဲ့နှစ်ကတော့ တစ်ခါပြန်မြင့်တက်လာခဲ့တာမှန်ပေမယ့် အဲဒီလို မမြင့်တက်လာခင်မှာ သမိုင်းတွင်လောက်အောင်ကို လျော့ကျသွားခဲ့တဲ့ ပမာဏလို့ဆိုရမှာ ဖြစ်ပါတယ်။

**ကိုးကား- ဘီဘီစီ၊အေအက်ဖ်ပီ**

> **“ထွက်ပေါ်လာမယ့် တံတိုင်းသစ်ဟာ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေကို ပပျောက်စေလိမ့်မယ်၊ ၎င်းတို့ကြောင့် ပေါ်ပေါက်လာတဲ့ ရာဇဝတ်မှုတွေလည်း လျော့နည်းသွားလိမ့်မယ်ဆိုပြီး အခိုင်အမာ ပြောဆိုထား”**

## နိုင်ငံတကာသတင်းတိုထွာ

### ဒေသအတွင်း၌ ပြည်ပတပ်ဖွဲ့များ တည်ရှိမှုကို အီရန် သတိပေး

**တီဟီရန် ဇူလိုင် ၂၉** - ဒေသအတွင်း၌ ပြည်ပတပ်ဖွဲ့ဝင်များအား ချထားမှုသည် ဒေသအတွင်းတင်းမာမှုကိုပေါက်ဖွားစေသည့် အဓိက အကြောင်းရင်းဖြစ်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ဇူလိုင် ၂၈ ရက်တွင် သတိပေးလိုက်သည်။

အီရန်သည် အိုမန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားတို့ကို နိုင်ငံတကာကုန်တင်သင်္ဘောများ သွားလာမှုအတွက် ဘေးကင်းလုံခြုံသည့် လမ်းကြောင်းတစ်ခုဖြစ်စေရန် ကြိုးပမ်းနေကြောင်း ပြည်ပရေးရာကိစ္စရပ်များအတွက် တာဝန်ရှိသည့် အိုမန်ဝန်ကြီး ယာစွတ်ဘင် အလာဝီဘင် အဗ္ဗဒူလာနှင့်အတူ တွေ့ဆုံခဲ့စဉ်အတွင်း ပြောကြားခဲ့သည်။ အီရန်နှင့် အိုမန်တို့သာဟော်မုဇ်ရေလက်ကြား၌ လုံခြုံရေးအတွက် အဓိကတာဝန်ရှိကြောင်း အီရန်သမ္မတဟက်ဆန်ရိုဟာနီ၏ ပြောကြားခဲ့မှုကို တီဟီရန်တိုင်းမ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။ ပင်လယ်ကွေ့ဒေသဆီသို့ ချထားရန် ဥရောပရေတပ်ဖွဲ့များ စေလွှတ်မည့် အစီအစဉ်ကို ကန့်ကွက်ကြောင်း အီရန်အစိုးရပြောရေးဆိုခွင့်ရှိသူ အလီရာဘီက ယခုရက်အစောပိုင်းတွင် သတိပေးခဲ့သည်။ **ဆင်ဟွာ**

### အာဖဂန်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်

**ကဘူးလ် ဇူလိုင် ၂၉**

အာဖဂန်နစ္စတန်၌ နိုင်ငံတစ်ဝန်း လုံခြုံရေးတိုးမြှင့်ရန် အလေးပေးဆောင်ရွက်မှုနှင့်အတူ သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလှုပ်ရှားဆောင်ရွက်မှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။ ဆန္ဒမဲများကို လာမည့်စက်တင်ဘာ ၂၈ ရက်တွင် ပေးရန် စီစဉ်ထားပြီး ကိုယ်စားလှယ် ၁၈ ဦး မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှုတွင် ပါဝင်ကြမည်ဟု ခန့်မှန်းထားသည်။

အာဖဂန်သမ္မတ အက်ရှ်ရက်ဖ်ဂါနီသည် ဒုတိယအကြိမ် ပြန်လည်အရွေးခံနိုင်ရေး ကြိုးပမ်းနေပြီး ဂါနီ၏ အစိုးရအဖွဲ့တွင် ဒုတိယ သြဇာအရှိဆုံးဖြစ်သည့် အမှုဆောင်ချုပ် အဗ္ဗဒူလာကဲ့သို့ပင် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်ဟောင်း မိုဟာမက်ဟာနိဖ် အက်တမာက ထိပ်တန်းနေရာရရှိရေး ကြိုးပမ်းလျက်ရှိသည်။

ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများက လုံခြုံရေးပြန်လည်ထိန်းသိမ်းနိုင်ရန် လုပ်ဆောင်မည်ဟု ကတိပေးခဲ့သော်လည်း ဇူလိုင် ၂၇ ရက်တွင် ကဘူးလ်မြို့၌ ဖြစ်ပွားခဲ့သည့် ကားဗုံးခွဲတိုက်ခိုက်မှုနှင့် သေနတ်ဖြင့် တိုက်ခိုက်မှုများအတွင်း အရပ်သားပြည်သူ နှစ်ဦး သေဆုံးပြီး လူ ၂၀ ထက်မနည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မလှိုင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး

**မလှိုင် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဇူလိုင် ၂၇ ရက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။ တွေ့ဆုံပွဲသို့တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၅၀ခန့် တက်ရောက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ ဆွေးနွေးကြကာ ဒေသခံပြည်သူများက သိလိုသည့် အချက်များကို တင်ပြဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူတို့၏အသံကို နားထောင်လိုပါ၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ဘတ်ဂျက်များကို အလေအလွင့်မရှိအောင် စနစ်တကျ စိစစ်ခွဲဝေချထားပေးထားကြောင်း၊ ဘတ်ဂျက်များချထားပေးရာတွင်လည်း ပြည်သူကို အကျိုးပြုသည့်လုပ်ငန်းများဖြစ်ရန် အဓိကထားပါကြောင်း ပြောကြားခဲ့သည်။

တက်ရောက်လာသော ဒေသခံပြည်သူများက ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ လျှပ်စစ်မီးလင်းရေး၊ မှရိုးတိုက်နယ်ဆေးရုံ ဝန်ထမ်းချထားပေးရေး၊ ရေရရှိရေး၊ ဆရာ ဆရာမလုံလောက်စွာရရှိရေးနှင့် မြေယာကိစ္စများကို တင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ငွေး (မလှိုင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် မလှိုင်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



ရွှေဘိုပါရာဒီဆို တိုးချဲ့ရုပ်ရှင်ရုံခန်းမသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုပါရာဒီဆို တိုးချဲ့ရုပ်ရှင်ရုံခန်းမသစ်ဖွင့်လှစ်

**ရွှေဘို ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ပါရာဒီဆို တိုးချဲ့ရုပ်ရှင်ရုံခန်းမသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေဘို-ကျောက်မြောင်းကားလမ်းဘေးရှိ အဆိုပါ ရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရွှေဘိုပါရာဒီဆို တိုးချဲ့ရုပ်ရှင်ရုံ ခန်းမသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ပါရာဒီဆိုကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာ ဦးဇာဂနာနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးဇော်မှိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

Paradiso Co.,Ltd. အမှုဆောင်ဒါရိုက်တာက မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတွင် ရုပ်ရှင်ရုံ ၁၀၀ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ရာ ယခုရုံမှာ ၂၂ ရုံမြောက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပါရာဒီဆိုကုမ္ပဏီလီမိတက်ကိုယ်စား ဦးဇာဂနာ၊ ဦးအရိုင်းတို့က ကိုလူချောအဖွဲ့ကိုယ်စား ဦးဇော်မှိုင်းထံ အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းခဲ့သည်။

အဆိုပါ တိုးချဲ့ရုပ်ရှင်ရုံခန်းမသစ်ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါရာဒီဆိုကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးလွင်မိုးနှင့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ဇောင်ချမ်းတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ ကျေးရွာကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကား ပြောကြားခဲ့ကြသည်။ ဇောင်ချမ်းတောင်ကျောင်းသူလေးများက ရွှေမြန်မာသီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ အလှူငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ ဇောင်ချမ်းတောင်ကျောင်းမှ ဆရာမများက နီလာရေ ပြုံးလိုက်ပါသီချင်းဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**



ကျောင်းအဆင့်တိုးမြှင့်ပွဲ၌ ကျောင်းသား ကျောင်းသူလေးများ သီဆိုဖျော်ဖြေကြစဉ်။

# အပြည်ပြည်ဆိုင်ရာကျားထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ရှင်ဗွေယန် ဇူလိုင် ၂၉**

ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပြည်သူများ အသိပညာ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့်ဆုပေးပွဲ




အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပထမ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

အခမ်းအနားကို ဇူလိုင် ၂၉ရက်က ရှင်ဗွေယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဝင်းက ဟူးကောင်း ဘေးမဲ့တောအတွင်း နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်များအကြောင်းနှင့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်သူများပူးပေါင်းပါဝင်သင့်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းကျော်က ကျားအမျိုးအစားများအကြောင်းနှင့် ကျားရှိသောသဘာဝပတ်ဝန်းကျင်သည် ကျန်းမာသန်စွမ်းသော သဘာဝပတ်ဝန်းကျင်ဖြစ်ကြောင်း ပြောကြားသည်။

သစ်တောဦးစီးဌာန ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောမှ တောအုပ်ကြီး ဦးညွှန့်လှိုင် က အပြည်ပြည်ဆိုင်ရာကျားထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအကြောင်း ရှင်းလင်းပြောကြားပြီး တောခေါင်းဦးနန်မိတ်က ကျားအမျိုးအစားအကြောင်းကိုလည်းကောင်း၊ ကျားများ၏ သဘာဝနေထိုင်ကျက်စားမှုများအကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ၏ အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသားကျောင်းသူများအား တိုင်းရင်းသားရိုးရာအဖွဲ့ကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေး အသိပညာပေး

**တောင်ကုတ် ဇူလိုင် ၂၈**

ပညာသင်ယူနေစဉ်အရွယ် ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုများ၊ လူကုန်ကူးခံရမှုများ မဖြစ်ပွားစေရေးအတွက် ရခိုင်ပြည်နယ် တောင်ကုတ်မြို့မစခန်းမှူး ဒုရဲမှူး လှတင့် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၇ ရက်က တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောသည်။ ဟောပြောပွဲသို့ အခြေခံပညာကျောင်းမှ ဆရာ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းဖြစ်ပွားမှု ဖြစ်စဉ်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခံရမှုဖြစ်စဉ်များ၊ ထူးခြားမှုများ တွေ့ရပါက သတင်းပေးတိုင်ကြားနိုင်သော အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# မူခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး အသိပညာပေး

**ပွင့်ဖြူ ဇူလိုင် ၂၉**

မြို့နယ်အတွင်း မူခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရန်နှင့် ကျေးလက်နေပြည်သူများ မူခင်းနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် တင်ထွန်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် သမင်ခြံကျေးရွာ ရွာလယ်ဓမ္မာရုံသို့ သွားရောက်ပြီး မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေး ဆောင်ရွက်သည်။ အသိပညာပေးပွဲသို့ သမင်ခြံကျေးရွာ ရွာခွဲတာဝန်ခံ ဦးဖိုးချမ်းနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ချင်းတွင်းမြစ်ကမ်းပါးပြိုခြင်းကြောင့် ကြိုတင်ရွှေ့ပြောင်းထားရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**မော်လိုက် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ၌ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ဇူလိုင် ၂၂ ရက်နှင့် ၂၆ ရက်များက ကြိုတင်ဖျက်သိမ်းပြီး ရွှေ့ပြောင်းခဲ့ရသည့် အိမ်ထောင်စု လေးစုအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းစိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ခဲ့သည်။

အဆိုပါ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းခဲ့ရသည့် အိမ်ထောင်စု လေးစုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်း ထောက်ပံ့ရေးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးနှင့် တစ်ပတ်စာ ဆန်ဖိုးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။



မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာတွင် ဇူလိုင် ၉ ရက်မှ ၂၆ ရက်အထိ ချင်းတွင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းထားရသည့် နေအိမ်စုစုပေါင်း ၁၅ လုံး ဘုန်းတော်ကြီးသိမ်ကျောင်းဆောင် တစ်ဆောင်နှင့် ဘုန်းတော်ကြီးကျောင်းဆောင် နှစ်ဆောင် ရွှေ့ပြောင်းထားရကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**မော်လိုက်သားလေး**

# မန္တလေးမြို့၌ ကျင်းပမည့်ပွဲများ

### ပထမအကြိမ် ဓာတ်လှေကား၊ စက်လှေကားနှင့် မီးစက်ပြပွဲကြီး

ပထမအကြိမ် ဓာတ်လှေကား၊ စက်လှေကားနှင့် မီးစက်ပြပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ၌ ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Coffee Grading Show

Coffee Grading Show ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Hotel Dingar ၌ ဩဂုတ် ၃ ရက် မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း

ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းကို မန္တလေးမြို့ ၄၁ လမ်း ၈၆ × ၈၇လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဩဂုတ် ၆ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### Workshop training for SME Entrepreneur to ASEAN Market ဆွေးနွေးပွဲ

Workshop training for SME Entrepreneur to ASEAN Market ဆွေးနွေးပွဲ ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈လမ်းရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အသက်(၁၆)နှစ်အောက် လေးနိုင်ငံလူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ

အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFC) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အသက်(၁၆)နှစ်အောက် လေးနိုင်ငံလူငယ် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ဩဂုတ် ၁၄ ရက် မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသက်(၁၆)နှစ်အောက် လေးနိုင်ငံလူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို မြန်မာယူ - ၁၆အသင်း၊ အင်ဒိုနီးရှားယူ - ၁၆၊ တောင်ကိုရီးယားယူ - ၁၆နှင့် မွန်ဂိုနီဂရိုးယူ-၁၆ အသင်းတို့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

### (၂၉)ကြိမ်မြောက် စတုပစ္စယာနုဂ္ဂဟ ပစ္စည်း(၄)ပါး ထောက်ပံ့လှူဒါန်းပွဲ

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များရှိ ကျောင်းတိုက်များတွင် ဝါတွင်းသုံးလအတွင်း သီတင်းသုံးနေထိုင်ကြကုန်သော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဓမ္မာစရိယ စာချဆရာတော်များ၊ ရဟန်းသာမဏေများ နှင့် သီလရှင်များအား (၂၉)ကြိမ်မြောက် စတုပစ္စယာနုဂ္ဂဟ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ ဩဂုတ် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

## ကျောက်ပန်းတောင်းမြို့နယ် ပျားလုပ်ငန်းရှင်များ နှမ်းခင်းများ အပွင့်လှိုင်ချိန် လုပ်ငန်းအဆင်ပြေ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း နှမ်းခင်းများကောင်းပြီး နှမ်းပွင့်များဖြိုင်ဖြိုင်ပွင့်နေချိန် ပျားလုပ်ငန်းရှင်များသည် ပျားပုံးများ နှမ်းခင်းအနီးထားရှိခြင်းဖြင့် ပျားရည်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ယခုနှစ်ပျားရည်လုပ်ငန်းတွက်ခြေကိုက်ကြောင်း လင်းထက် ပျားလုပ်ငန်းရှင် ဦးဝင်းစိုးက ပြောသည်။

ပျားလုပ်ငန်းလုပ်ရာတွင် အညာရာသီဥတုအရ မိုးရာသီနှမ်းခင်းများ၊ ဆီးပွင့်ပွင့်ချိန်ဆီးပွင့်များကိုသာ အဓိက အားထားပြီး ရာသီဥတုမကောင်းချိန် ရှမ်း ပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက် ပိုင်းဒေသရှိ မြို့များသို့ သွားရောက်ကာ ပန်းနှမ်းခင်းများဘက်သို့ သွားရောက်ကြကြောင်း သိရသည်။ “ဒီနှစ် ကျောက်ပန်းတောင်းမြို့နယ်မှာ မိုးနှမ်းကောင်းတော့ ပျားလုပ်ငန်းရှင်တွေ အခြားတိုင်းဒေသ ကြီး/ပြည်နယ် တွေသွားတာ နောက်ကျပါတယ်။ ဩဂုတ်လကုန်အထိ မိုးနှမ်းတွေ ရှိနေသေးရင် စက်တင်ဘာလမှာပွင့်မယ့် ဆီးပွင့်တွေကိုမှီပြီး နေရာပြောင်းချဖို့ မလိုအပ်တော့ပါဘူး။ အညာဒေသမှာ ဆီးပင်ပေါတာကြောင့် ပျားလုပ်ငန်းရှင်တွေက ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပခုက္ကူ၊ ရေစကြို၊ မြင်းခြံ၊ တောင်သာ ဘက်တွေကို ပျားသေတ္တာတွေ ပြောင်း ရွှေ့ချထားပါတယ်” ဟု ၎င်းက ပြောပြသည်။

ပြောင်းဖူးခင်းများ၌ ပျားချီး (အရပ်အခေါ်) ပိုလန်များ ထုတ်လုပ်နိုင်ရန် ပျားသေတ္တာများ ချထားခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတွင် ပြောင်းဖူးခင်းများ ပေါများကြောင်း၊ ပျားချီး (ခေါ်) ပိုလန် သည် ဈေးအလွန်ကောင်းကြောင်း၊ တစ်ပိဿာ ငွေကျပ် ၃၀၀၀၀ အထိ ရောင်းချရပြီး ပျားရည်တစ်ပိဿာ ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချကြကြောင်း လင်းထက်ပျားရည်လုပ်ငန်းရှင်က ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကျေးရွာတွင် ပျားလုပ်ငန်းရှင် ၆၃ ဦး ကျော်ရှိကြောင်း သိရသည်။ ပျားသေတ္တာများ တစ်လအတွင်း နှစ်ကြိမ် ပျားရည်ခပ်ယူ(ညှစ်) ခဲ့ရကြောင်း၊ စိုက်ပျိုးသီးနှံများ မကောင်းချိန် ရာသီဥတုကြောင့် ပန်းများမပွင့်နိုင်ချိန်တွင် သကြားရည်အနည်းငယ်ဖြင့် ပျားများ ကျွေးရကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



ကျောက်ပန်းတောင်းမြို့နယ်ရှိ ပျားသေတ္တာများကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၂၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၇၉၅ ကျပ် | ၈၃၀/၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၉ ・ ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၈ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၀ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၀ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၉ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၂ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ・ ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၂၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၉၀၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၂၀၅၀ | ၂၂,၅၅၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁၆၃၄၀ | ၅၄,၇၃၉,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၀ | ၁၆၄,၀၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၅၀၀ | ၁၁ | ၂၆၄,၅၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပုဂံ ငါးမျက်နှာဘုရားများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာ့အမွေအနှစ် ပုဂံယဉ်ကျေးမှုနယ်မြေသည် ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့အမွေအနှစ်အဖြစ် မသတ်မှတ်မီကပင် မြန်မာနိုင်ငံ၏ ကမ္ဘာ့ ဂုဏ်ယူဖွယ်ဒေသတစ်ခုအဖြစ် ထင်ရှားခဲ့သည်။ စေတီပုထိုးများ လက်ညှိုးထိုးမလွဲတည်ရှိနေသည်ဟု တင်စားပြောဆိုကြရသည့် ပုဂံတွင် ခေတ်အလိုက် တည်ဆောက်ခဲ့ကြသည့် သာသနိက အဆောက်အအုံများကို ပုံစံမျိုးစုံ မြင်တွေ့ကြရသည်။

## ပုဂံစေတီပုထိုးများ

ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်းပေါ်တွင် တည်ရှိသည့် ပုဂံသည် အလျား ၁၃ ကီလိုမီတာနှင့် အနံ ခြောက် ကီလိုမီတာသာ ကျယ်ဝန်းသော်လည်း ယင်းအဝန်းအဝိုင်းအတွင်း၌ စေတီပုထိုး ၄၄၄၆ ဆူရှိခဲ့ပြီး ‘လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း’ဟု မှတ်တမ်းပြုခဲ့သည်။ အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်(ခရစ်နှစ် ၁၄၂၇-၁၄၈၀)က ကောက်ယူခဲ့သည့် မှတ်တမ်းအရ ၄၄၇၄ ဆူရှိသဖြင့် ‘ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း’ ဟုလည်းကောင်း၊ ကုန်းဘောင်ခေတ်ဖြစ်ဟန်ရှိသည့် မှတ်သားချက်အရ ၄၄၄၅ ဆူ ရှိသဖြင့် ‘မြတ်ဘုရားဆူရေ ဖြူရွှေလိုဝင်း၊ ပုဂံပြည် ဘယ်တိုင်းဌာနီမှ စံမမီလွန်ထင်ရှား၊ စောမုနိများ’ဟုလည်းကောင်း မှတ်သားခဲ့ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူခဲ့သော စာရင်းများ အရမူ ပုဂံစေတီပုထိုးများသည် ၂၂၁၇ ဆူရှိပြီး ‘ကျောင်းကြီးအုတ်နီ ကိန်းနှင့်ညီ စေတီဂူဘုရား’ဟု မှတ်သားခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ယူနက်စ်ကိုအဖွဲ့၏ အကူအညီဖြင့် ပြင်သစ်လူမျိုး ဗိသုကာပညာရှင် Pierre Pichard ကောက်ယူခဲ့သည့် စာရင်းအရ ပုဂံစေတီပုထိုး ၂၈၃၄ ဆူရှိသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်က ပုဂံ၌ ငလျင်လှုပ်ပြီးနောက် ပြန်လည်ကောက်ယူခဲ့သည့် စာရင်းများအရ စေတီနှင့် ဂူဘုရား ၁၇၄၅ ဆူ၊ အုတ်ကျောင်း ၄၃၁ ကျောင်း၊ ဥမင်နှင့် သိမ် ၅၄ ခုနှင့် အုတ်ကုန်း ၈၉၂ ကုန်းဖြစ်သဖြင့် စုစုပေါင်း ၃၈၂၂ ဆူဖြစ်သည်။

ပုဂံရှိ ရှေးဟောင်းစေတီများ၊ တစ်ထပ်လိုဏ်ဂူများ၊ နှစ်ထပ် သုံးထပ် လေးထပ် အဆောက်အအုံများ၊ ဥမင်များ၊ တစ်ထပ်ကုလားကျောင်းများ၊ ပိဋကတ်တိုက်များနှင့် သိမ်များအနက် စေတီများကို ယေဘုယျအားဖြင့် အမျိုးအစားခွဲရာတွင် လိုဏ်ပါသည့်အဆောက်အအုံကို စေတီ (Temple)နှင့် လိုဏ်မပါသည့် အဆောက်အအုံကို ဂူဘုရား (Stupa)ဟု ခွဲခြားခဲ့ကြသည်။ ဂူဘုရားများတွင် မုခ်တစ်ပေါက် သို့မဟုတ် လေးပေါက်ပါရှိလေ့ ရှိသည်။

မုခ်ပေါက်တစ်ခုသာ ပြုလုပ်ထားသည့် ဂူဘုရားများ၏ လိုဏ်အတွင်း၌ ဂေါတမဘုရားရှင် ရုပ်ပွားတော်ကို ထားရှိပြီး တစ်ဝဂူဘုရားဟုလည်း ခေါ်ဆိုခဲ့ကြသည်။ မုခ်ပေါက်လေးပေါက်ပါရှိသည့် ဂူဘုရားများ၌ ဤကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ ရုပ်ပွားတော်များကို ထားရှိကြသည်။ ငါးမျက်နှာဘုရားများဟု ခေါ်ဆိုကြသည့် မုခ်ပေါက်ငါးပေါက်ပါရှိသည့် ဘုရားများ၌ ပွင့်တော်မူပြီးသည့် ဘုရားလေးဆူနှင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင် ဆင်းတုတော်တို့ကို ပူဇော်ထားရှိခဲ့ကြသည်။

တစ်ဝဂူနှင့် လေးမျက်နှာဂူဘုရားများကို အရေအတွက်များစွာ တွေ့ရှိနိုင်ကြသော်လည်း ထင်ရှားသော ငါးမျက်နှာ ရှေးဟောင်းစေတီများကို အဆူ ၂၀ သာ တွေ့ရှိထားရာ ပုဂံတွင် ၁၇ ဆူနှင့် စလင်းမြို့နယ် ကျပင်းရွာ၊ စလေနှင့် ဟသ်ာတနယ်တွင် တစ်ဆူစီ တည်ရှိကြသည်။

## ငါးမျက်နှာဘုရားများ

ပုဂံ ဗိသုကာပညာတွင် အဆောက်အအုံ အကြီးအသေးအပေါ် မူတည်၍ အထက်မှ လေးသော ဝန်ကို ခံနိုင်ရန် မုခ်ခုံးပေါင်းကူးများကို ပုံသဏ္ဌာန်နှင့် အရွယ်အမျိုးမျိုး ပြုလုပ်ခဲ့သည်။ အုတ်ပေါင်းကူးများသည် ဝန်သက်ရောက်မှုများလေ၊ အုတ်များညပ်ကာ တောင့်တင်းမှုများလေ ဖြစ်သဖြင့် အထက်မှ ကျရောက်သည့်ဝန်ကို ကောင်းစွာ ထမ်းထားနိုင်ကြသည်။

ပုဂံတွင်တည်ဆောက်ခဲ့သည့် စေတီပုထိုးများတွင် အသုံးပြုခဲ့သည့် ပေါင်းကူးများကို ရောင်ခြည်ဖြာ၊ မှီပေါင်း၊ စုထိုး၊ အုန်းလက်ခံ၊ လိပ်ပြာတောင်၊ နှစ်ထပ်နှင့် တိုးစီဟူ၍ ခုနစ်မျိုး ခွဲခြားနိုင်သည်။ ယင်းတို့အနက် မှီပေါင်းကူးစနစ်ကို အနိမ့်အမြင့်မတူသော နံရံနှစ်ခုအကြားနှင့် စင်္ကြံလမ်းအမိုးများတွင် အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် နံရံအနိမ့်နှင့် မဏ္ဍိုင်အမြင့်ကို မှီပေါင်းကူးဖြင့်ဆက်ကာ မုခ်လေးပေါက်၊ ငါးပေါက်၊ ရှစ်ပေါက် ပါရှိသည့် လိုဏ်ဘုရားများ တည်ဆောက်ခဲ့သည်။

ဗိသုကာဟန်ထူးခြားကာ ဝင်ပေါက်ငါးခုထားရှိသည့် ဂူဘုရားများ၏ အတွင်းနံရံထောင့်များသည် ၇၂ ဒီဂရီစီရှိ၍ အနားများသည် တူညီသော အလျားရှိမှသာ အချိုးကျနမည်ဖြစ်ရာ ပုဂံ ငါးမျက်နှာဂူဘုရားများသည် အချိုးအစား မှန်ကန်တိကျပြီး လက်ရာမြောက်လှသဖြင့် ပုဂံခေတ် ဗိသုကာလက်ရာများကို ချီးကျူးအံ့သြကြရပေသည်။



ပုဂံ ငါးမျက်နှာဘုရားများအနက် အကြီးဆုံးဖြစ်သော ဓမ္မရာဇကဘုရား

ငါးမျက်နှာဘုရားများ၏ တည်ဆောက်ပုံ အခြေခံငါးမျိုးအနက် ဂူဘုရား၏ လိုဏ်အလယ်၌ ငါးမြှောင့်မဏ္ဍိုင် ပြုလုပ်ကာ လိုဏ်ပတ်လမ်း ထည့်သွင်းတည်ဆောက်သည့်ပုံစံကို ရွှေကွန်ချာဘုရား အပါအဝင် ဘုရား ၁၁ ဆူ၊ အလယ်မဏ္ဍိုင်နှင့် လိုဏ်ပတ်လမ်းမပါရှိဘဲ စတုဂံပုံပန္နက်၊ အာရုံခံဝင်ပေါက်နှင့် အနားငါးဖက်ပါရှိသည့် ပုံစံကို ပုဂံဘုရားအမှတ်(၅၆၆)၊ အလယ်မဏ္ဍိုင်နှင့် လိုဏ်ပတ်လမ်းမပါရှိဘဲ စက်ဝိုင်းပုံပန္နက်၊ အာရုံခံဝင်ပေါက်နှင့် အနားငါးဖက်ပါရှိသည့် ပုံစံကို သေလည်ဂူဘုရား၊ ခေါင်းလောင်းပုံဂူစေတီ၏ အောက်ခြေတွင် မုခ်ပေါက်ငါးပေါက်ထည့်ထားသည့်ပုံစံကို ပုဂံဘုရားအမှတ်(၁၆၇၁)အပါအဝင် သုံးဆူ၊ အောက်ခြေငါးမြှောင့်ပေါ်တွင် တည်ထားသည့်စေတီကို ကြေးဂူတိုက်ငါးခုဖြင့် ဝန်းရံထားသည့်ပုံစံကို ဓမ္မရာဇကဘုရားတွင် မြင်တွေ့ကြရပေသည်။

ငါးမျက်နှာဘုရားများကို ဘုရားငါးဆူ အပူဇော်ခံထားရှိရန် တည်ဆောက်ခဲ့ကြောင်း ယူဆကြသော်လည်း ဓမ္မရာဇကစေတီတော်ကိုမူ စေတီပတ်လည်၌ အလှူရှင် နရပတိစည်သူမင်း၏ သားတော်ငါးပါး၏ အရံဂူငါးလုံး တည်ဆောက်နိုင်ရန် ငါးမျက်နှာ တည်ထားခဲ့ကြောင်း ယူဆဖွယ်ရှိခဲ့သည်။

### အလယ်မဏ္ဍိုင်ပါရှိသည့် ငါးမျက်နှာဘုရားများ

ပုဂံဒေသတွင်တည်ရှိသည့် ငါးမျက်နှာဘုရား ၁၇ ဆူကို ၁၂ ရာစုနှင့် ၁၃ ရာစု အစောပိုင်းက တည်ဆောက်ခဲ့သည်။ ယင်းတို့အနက် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် အရှေ့စောင်းတန်း၏ တောင်ဘက်တွင်ရှိသည့် ငါးမျက်နှာ ဘုရား (ဘုရားအမှတ်-၅၁)ကို၁၃ ရာစုက တည်ဆောက်ခဲ့သည်။ တံတိုင်းလေးဘက် ကာရံထားသည့် လေးမျက်နှာဘုရားသည်အုတ်တစ်ထပ်အဆောက်အအုံဖြစ်၍ အတွင်းမဏ္ဍိုင်ငါးဘက်တွင် ဘူမိဖဿမုဒြာ ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်ငါးဆူကို ထားရှိကာ တိုက်မပေါ်၌ ပစ္စယံ သုံးဆင့်ခံ စေတီတော်ကို တည်ထားသည်။ ဘွဲ့မည် သီးခြားမရှိချေ။

ရွှေစည်းခုံစေတီ၏ အရှေ့တောင်ဘက်၊ အားကစားကွင်း၏ အနောက်တောင်ဘက်တွင် တည်ရှိသည့် ငါးမျက်နှာဘုရား(ပုဂံဘုရားအမှတ်-၇၇)ကို ၁၃ ရာစုလက်ရာဟု ယူဆကြကာ ပြိုပျက်နေသဖြင့် ၁၉၉၇ ခုနှစ်တွင် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည်။ အမှတ်(၇၇) ဂူဘုရားသည် ဘွဲ့မည်သီးခြားမရှိသော တစ်ထပ် လိုဏ်ဘုရားငယ်ဖြစ်ပြီး လိုဏ်ဂူနံရံသည် ၂ ဒသမ ၃ မီတာ မြင့်သည်။

ညောင်ဦးမြို့နယ် မင်းနန်သူရွာ၏ မြောက်ဘက်၊ အလယ်ရာဘုရားစု၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည့် ဘုရားအမှတ်(၆၀၇)သည် ငါးမျက်နှာ ဘုရားတစ်ဆူဖြစ်ကာ ၁၃ ရာစုက တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ မူလအလှူရှင်သည် တောင်တွင်း မင်းသီရိဇေယျသူဖြစ်သည်။ လိုဏ်အတွင်းမဏ္ဍိုင်သည် တစ်ဖက်လျှင် သုံးမီတာစီရှည်၍ လိုဏ်ပတ်လမ်းသည် ၁ ဒသမ ၃၂ မီတာ ကျယ်ဝန်းသည်။ ပင်မလိုဏ်ပေါ်တွင် ပစ္စယာနှစ်ဆင့်ခံ၍ စေတီတော်ကို တည်ထားသည်။ စင်္ကြံပတ်လမ်း အမိုးပေါင်းကူးတွင် ဗုဒ္ဓပ်ပွားတော်များ ထည့်သွင်းရေးဆွဲထားသည့် စက်ဝိုင်းကွက်များ၊ ပတ်လမ်းနံရံတွင် သစ်ရွက်ချွန် ပန်းတန်းများရေးဆွဲထားသကဲ့သို့ အနောက်တောင်ဘက် အာရုံခံပေါင်းကူးတွင်လည်း ပန်းဒီဇိုင်းစက်ဝိုင်းများနှင့် အခြားအာရုံခံ ပေါင်းကူးများတွင် လေးညင်းပွင့်ပုံနှင့် ရှစ်မြှောင့်ပုံ ပန်းကွက်များ ရေးဆွဲထားသည်။ ယင်းဘုရားကို ၁၉၉၇ ခုနှစ်တွင် ပြုပြင်မွမ်းမံခဲ့သည်။

ငါးမျက်နှာ ဘုရားတစ်ဆူဖြစ်သည့် စေတီအမှတ်(၇၃၀)သည် မင်းနန်းသူရွာနှင့် တက်သိမ်းရွာအကြား၊ ရှင်အဇ္ဇဂေါဏဘုရား၏ အရှေ့မြောက်ဘက်တွင် တည်ရှိကာ ၁၃ ရာစုလက်ရာ တစ်ထပ်လိုဏ်ဘုရား ဖြစ်သည်။ လိုဏ်အတွင်းရှိ ငါးမြှောင့်မဏ္ဍိုင်သည် တစ်ဖက်လျှင် လေးမီတာစီ ရှည်လျား၍ အတွင်းပတ်လမ်းသည် ၁ ဒသမ ၂၇ မီတာ ကျယ်ဝန်းသည်။ တိုက်မပေါ်တွင် ပစ္စယံသုံးဆင့်ခံစေတီနှင့် ပစ္စယံအသီးသီး၏ ထောင့်များတွင် အရံစေတီများ တည်ထားခဲ့သည်။ လိုဏ်ဂူအတွင်း အမိုးမျက်နှာကြက်နှင့် နံရံများတွင် နံရံဆေးပန်းချီများ ကျန်ရှိနေကာ တစ်လက်မအရွယ် ဆင်းတုတော်ပုံများကို အတန်းလိုက် ရေးဆွဲ ထားသည်။ ယင်းစေတီကို ၁၉၉၆ ခုနှစ်က ပြုပြင်ထိန်းသိမ်းခဲ့သည်။

ငါးမျက်နှာဘုရားအမှတ်(၇၈၁)သည် အရှေ့ဖွားစောရွာ၏ တောင်ဘက်၊ ကန်ဇွန်းအိုဘုရား၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ၁၃ ရာစုလက်ရာ တစ်ထပ်လိုဏ်ဘုရား၏ အတွင်းမဏ္ဍိုင် အနားငါးဖက်သည် ၂ ဒသမ ၂၅ မီတာစီရှိ၍ ပတ်လမ်းသည် ၁ ဒသမ ၂၅ မီတာ ကျယ်ဝန်းသည်။ ဂူဘုရားတိုက်မ ကုလားကျောင်းပေါ်တွင် ပစ္စယံ နှစ်ဆင့်ပါရှိသည့် စေတီတော်နှင့် ပစ္စယံအသီးသီး၏ ထောင့်များတွင် အရံစေတီများကို ထည့်သွင်းတည်ထားခဲ့သည်။

ငါးမျက်နှာဘုရားအမှတ်(၁၄၁၀)သည် မြင်းကပါရွာမြောက်ဘက်၊ မင်္ဂလာစေတီ၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည့် ၁၃ ရာစုလက်ရာ တစ်ထပ်လိုဏ်ဘုရားဖြစ်သည်။ လိုဏ်အတွင်း မဏ္ဍိုင်သည် ၂ ဒသမ ၇ မီတာ ပတ်လည် ငါးမြှောင့်ဖြစ်၍ အတွင်းပတ်လမ်းသည် ဒသမ ၅၅ မီတာသာ ကျယ်ဝန်းသည်။ ကုလားကျောင်းတိုက်ပေါ်တွင် ပစ္စယံနှစ်ဆင့်ခံစေတီတော်ရှိပြီး အတွင်းနံရံတွင် နံရံဆေးပန်းချီများ အနည်းငယ်ကျန်ရှိကာ ၁၉၉၆ ခုနှစ်တွင် ပြုပြင်မွမ်းမံခဲ့သည်။

ဘုရားအမှတ်(၁၅၀၄)သည် ပုဂံမြို့ရိုး၏ အရှေ့တောင်ဘက်၊ အာနန္ဒာဘုရား၏ အနောက်တောင်ဘက်တွင် တည်ရှိ၍ လိုဏ်အတွင်းရှိ ငါးမြှောင့်မဏ္ဍိုင်သည် ၃ ဒသမ ၉၇ မီတာပတ်လည်ရှိကာ ပတ်လမ်းသည် ၁ ဒသမ ၈၅ မီတာ ကျယ်ဝန်းသည်။ တိုက်မပေါ်တွင် ပစ္စယံနှစ်ဆင့်ခံစေတီတော်ရှိကာ ပစ္စယံအသီးသီး၏ ထောင့်များတွင် အရံစေတီများ တည်ထားခဲ့သည်။ လိုဏ်ဂူအတွင်း အမိုးမျက်နှာကြက်နှင့် နံရံများတွင် နံရံဆေးပန်းချီများ ကျန်ရှိနေသည်။ ၁၉၉၆ ခုနှစ်က ပြုပြင်မွမ်းမံခဲ့သည်။

အိမ်ယာကျောင်း ငါးမျက်နှာဘုရား (ဘုရားအမှတ် ၁၈၃၁)သည် ထီးလိုမင်းလိုဘုရား၏ အနောက်ဘက်တွင် တည်ရှိသည်။ ငါးမြှောင့်မဏ္ဍိုင်သည် ၂ ဒသမ ၆၇ မီတာပတ်လည်၊ ပတ်လမ်းအကျယ်သည် ၁ ဒသမ ၈၅ မီတာ ကျယ်ဝန်းလျက် ဂူအတွင်းပိုင်း အနောက်ဘက်တွင် အပေါ်သို့တက်ရန် ကြောင်လိမ်လှေကားနှစ်စင်း တပ်ဆင်ထားသည်။ အိမ်ယာကျောင်းဘုရားမှ ညောင်ရမ်းကြီးသမီးကျောက်စာနှစ်ချပ်ကို ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

ဘုရားအမှတ်(၁၈၅၃)သည်လည်း ထီးလိုမင်းလိုဘုရား၏ အနောက်ဘက်တွင် တည်ရှိသည့် ငါးမျက်နှာ ဂူဘုရားငယ်တစ်ဆူဖြစ်ကာ ၁ ဒသမ ၈၄ မီတာပတ်လည် မဏ္ဍိုင်နှင့် ၁ ဒသမ ၈၅ မီတာကျယ်သည့်ပတ်လမ်း ပါရှိသည်။ နံရံဆေးများ အနည်းငယ်ကျန်ရှိသည်။

ရွှေကွန်ချာဘုရား(အမှတ် ၁၉၇၆)သည် ပုဂံမြို့၏အရှေ့မြောက်ဘက်၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် အုတ်တံတိုင်းကာရံထားသည့် ဝင်းအတွင်း၌ အခြားစေတီနှစ်ဆူနှင့်အတူ တည်ရှိသည်။ ပစ္စယံသုံးဆင့်ခံ ရွှေကွန်ချာဘုရား၏ အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသည့် လေးမျက်နှာပါရှိသည့် ကျောက်စာတိုင်အရ ဘုရားအလှူရှင်သည် ဂဂါဗိဩ့သည်ဟု ယူဆရပေသည်။

ငါးမျက်နှာဘုရားအမှတ်(၂၀၈၇)သည် ဝက်ကြီးအင်းနှင့် တောင်ဘီရွာအကြား၊ ထီးလိုမင်းလိုဘုရား၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ လိုဏ်အတွင်း ငါးမြှောင့်မဏ္ဍိုင်သည် ၁ ဒသမ ၈၉ မီတာ ပတ်လည်ရှိ၍ ပတ်လမ်းအကျယ်သည် ၁ ဒသမ ၄၃ မီတာ ကျယ်ဝန်းသည်။ တိုက်မပေါ်တွင် ပစ္စယံနှစ်ဆင့်ခံ စေတီတော်ရှိသည်။ အင်္ဂတေပန်းများနှင့် နံရံဆေးများ မရှိချေ။

### အလယ်မဏ္ဍိုင်မပါရှိသည့် ငါးမျက်နှာဘုရားများ

အလယ်မဏ္ဍိုင်နှင့် လိုဏ်ပတ်လမ်းမပါရှိသည့် ငါးမျက်နှာ ဘုရားများအနက် ဘုရားအမှတ်(၅၆၆)သည် မင်းနန်းသူကျေးရွာ၏တောင်ဘက်၊ ဇံသီးဘုရား၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ အတွင်းမဏ္ဍိုင်သည် ထောင့်မှန်စတုဂံပုံရှိ၍ အနောက်ဘက်သို့ မျက်နှာမူထားသည့် မုခ်ဝ၏ အတွင်းပိုင်းတွင် ထိုင်တော်မူဆင်းတုတော် တစ်ဆူ ရှိခဲ့ကာ ဘေးနံရံ အခြေတစ်ဖက်စီ၌ နတ်ရုပ်ဟုယူဆရဖွယ်ရှိသည့် အဝိုင်းပလ္လင်ခုံတစ်ခုစီ ရှိသည်။ ဂူအတွင်း၌ နံရံဆေးများ ကျန်ရှိနေကာ ယင်းဘုရားကို ၁၉၉၈ ခုနှစ်က ပြုပြင်ထိန်းသိမ်းခဲ့သည်။

သေလည်ဂူဘုရား (ဘုရားအမှတ် ၁၆၆၉)သည် ငါးမျက်နှာ ဘုရားငယ်တစ်ဆူဖြစ်၍ မဟာဗောဓိဘုရား၏ မြောက်ဘက်တွင် တည်ရှိသည်။ မုခ်ပေါက်ကို တောင်ဘက်သို့ မျက်နှာလှည့်ထားကာ အတွင်း ဂန္ဓကုဋိတိုက်ကို အဝိုင်းပုံ ပြုလုပ်ထားသည်။ ၁၉၈၂ ခုနှစ်တွင်ပြုပြင်ခဲ့ပြီး နံရံဆေးပန်းချီများမရှိချေ။

> “နံရံအနိမ့်နှင့် မဏ္ဍိုင်အမြင့်ကို မှီပေါင်းကူးဖြင့်ဆက်ကာ မုခ်လေးပေါက်၊ ငါးပေါက်၊ ရှစ်ပေါက် ပါရှိသည့် လိုဏ်ဘုရားများ တည်ဆောက်ခဲ့သည်။ ဗိသုကာဟန်ထူးခြားကာ ဝင်ပေါက်ငါးခုထားရှိသည့် ဂူဘုရားများ၏ အတွင်းနံရံထောင့်များသည် ၇၂ ဒီဂရီစီရှိ၍ အနားများသည် တူညီသောအလျားရှိမှသာ အချိုးကျနမည်ဖြစ်ရာ ပုဂံ ငါးမျက်နှာဂူဘုရားများသည် အချိုးအစား မှန်ကန်တိကျပြီး လက်ရာမြောက်လှသဖြင့် ပုဂံခေတ် ဗိသုကာလက်ရာများကို ချီးကျူးအံ့သြကြရပေသည်။”

စာမျက်နှာ ၂၁ သို့

# ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့နယ်ကို ဆက်သွယ်ပေးမည့် ကင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း တံတားတစ်စင်းလုံး၏ ၆၄ ရာခိုင်နှုန်း ကျော် ပြီးစီးနေပြီဖြစ်

**စစ်တွေ ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့နယ်ကို အဓိက ဆက်သွယ်ပေးမည့် ကင်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းမှာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၆၄ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါတံတားအား တာဝန်ယူဆောက်လုပ်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးဖွဲ့(၈)မှ သိရသည်။

အဆိုပါတံတားသည် ကျောက်ဖြူမြို့နယ် ဇင်ချောင်း-ကင်းမြောက်-လေးတောင် လမ်းမိုင်တိုင်အမှတ် (၆/၀-၁) အကြားတွင် တည်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈) မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်မှ စတင်၍ တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းတံတားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး အရှည် ၁၂၅၆ ပေ ၇ လက်မ၊ ရေလမ်းကင်းလွတ် အမြင့် ၁၉ ပေ ၆ လက်မ၊ ရေလမ်းကင်း လွတ်အကျယ် ပေ ၃၆၀ ရှိကာ ယာဉ်တစ်စီးချင်းစီ၏ ခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်ကြောင်း သိရသည်။



ကင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် (အပေါ်ပုံ) နှင့် ပုံစံငယ် (ယာပုံ) ကို တွေ့ရစဉ်။

“ကျွန်တော်တို့ ကျောက်ဖြူကနေ ရမ်းဗြဲကို သွားမယ်ဆိုရင် ကင်းချောင်းကို ဖြတ်ရတယ်။ ကင်းချောင်းမှာ တံတားမရှိတော့ စက်လှေတွေနဲ့ ကူးသွားရတာ အန္တရာယ်များပါတယ်။ ပင်လယ်ကမ်းစပ်နားဖြစ်တဲ့အတွက် အခုလိုရာသီမှာ ရေလှိုင်းတွေလည်း ကြောက်ရတယ်။ အခုလ အစောပိုင်းကလည်း လေပြင်းတိုက်ခတ်ပြီး ကင်းချောင်းကူးတို့ ဆိပ်မှာ စက်လှေတစ်စင်း နစ်မြုပ်ခဲ့လို့ လူသေဆုံးမှုတောင် ရှိခဲ့တယ်။ ဒါကြောင့် ဒီကင်းချောင်းတံတားက ကျွန်တော်တို့ဒေသအတွက် မဖြစ်မနေလိုအပ်နေတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ အခုလို တံတားကြီးဆောက်လုပ်ပေးတာ အလွန်ဝမ်းသာပါတယ်”ဟု ကျောက်ဖြူမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ကင်းချောင်းတံတားသည် ရမ်းဗြဲကျွန်းပတ်လမ်းနှင့် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဇင်ချောင်း-ကင်းမြောက်လမ်းတို့အား ဆက်သွယ်မည့် တံတားဖြစ်ပြီး ယခုတံတား တည်ဆောက်မှု ပြီးစီးသွားပါက ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်ကျွန်းပတ်လမ်းမှတစ်ဆင့် မာန်အောင်မြို့နယ်များသို့ သွားလာရေး လွယ်ကူလျင်မြန်လာစေမည့်အပြင် ကျောက်ဖြူစီးပွားရေး ဇုန်အပါအဝင် ဒေသထွက်ကုန်များကိုလည်း အခြားဒေသများသို့ အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်၊ ဓာတ်ပုံ-ကိုသွင်**



# တိရစ္ဆာန်ဆေးကုဆရာဝန်များပရဟိတအဖွဲ့ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်အတွင်းရှိ ခွေးများအား ခွေးရူးကာကွယ်ဆေးထိုးခြင်း၊ ကောင်ရေမပြန့်ပွားအောင် ထိန်းချုပ်ခြင်း ဆောင်ရွက်


တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့က ခွေးကောင်ရေ မပြန့်ပွားစေရေး ခွဲစိတ်ဆောင်ရွက်ပေးစဉ်။

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ လေလွင့်ခွေးများအနက်မှ အထီးများကို ခွဲစိတ်သင်းကွပ်ခြင်း၊ အမများကို ခွဲစိတ်သားအိမ်ထုတ်ပြီး မျိုးဆက်ပြန့်ပွားမှု ထိန်းချုပ်ခြင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့ကို တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့ ( ရန်ကုန်) မှ ဆရာဝန်များက ယမန်နေ့က လုပ်ဆောင်ပေးသည်။

ရန်ကုန်တက္ကသိုလ်ဆရာများသမဂ္ဂ၏ မေတ္တာရပ်ခံချက်နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၏ တရားဝင်အကြောင်းကြား အကူအညီတောင်းခံခဲ့မှုကြောင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့မှ ဆရာဝန်များက အလားတူ ဆောင်ရွက်ပေးခဲ့သည်မှာ ယခုအပတ်နှင့်ဆိုလျှင် ပဉ္စမမြောက်သီတင်းပတ်ရှိပြီဖြစ်ကြောင်း၊ ယခုသီတင်းပတ်တွင် ခွေးထီး ၃၅ ကောင် သင်းကွပ်ခြင်း၊ ခွေးမ ၆၀ ကို ခွဲစိတ်ပြီး သားအိမ်ထုတ်ခြင်း၊ ၁၀၅ ကောင်ကို ခွေးရူးကာကွယ်ဆေးထိုးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါအဖွဲ့မှ ဆရာဝန်တစ်ဦးက ပြောသည်။

တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး လေလွင့်ခွေးအရေအတွက် တိုးပွားလာခြင်း မရှိစေရန် ထိန်းချုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ခွေးရူးရောဂါ အန္တရာယ် နည်းပါးလာစေရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်တိရစ္ဆာန်ဆေးကုဆရာဝန်များ ပေါ်ထွက်လာစေရေး စသောရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင် ၂၉ ဦးရှိပြီး ဆရာဝန်တစ်ဦးလျှင် တစ်လငွေကျပ် ၅၀၀၀ ထည့်ဝင်၍ ဘုန်းကြီးကျောင်း၊ သာသနာ့နယ်မြေ၊ ဘုရားပရိဝုဏ်၊ တက္ကသိုလ်၊ စာသင်ကျောင်း ဆေးရုံများအတွင်း လေလွင့်ကျက်စားနေသော ခွေးလေခွေးလွင့်များကို ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းသူများမှအပ ပြင်ပတွင် အလှူခံခြင်းမရှိဘဲ အဖွဲ့ဝင်ဆရာဝန်များ၏ ထည့်ဝင်ငွေဖြင့်သာ ဆောင်ရွက်သော ပရဟိတအဖွဲ့ဖြစ်ကြောင်း၊ ယခုသီတင်းပတ်အထိ ပရဟိတအဖွဲ့၏ လုပ်ဆောင်မှု ၄၂ ကြိမ် ရှိရာ ခွေးထီးသင်းကွပ်မှု ၇၁၃ ကောင်၊ ခွေးမသားအိမ်ထုတ်မှု ၃၂၃ ကောင်၊ ခွေးရူးကာကွယ်ဆေးထိုးခြင်း ၁၇၉၃၊ သန္ဓေတားဆေးထိုးပေးခြင်း ၄၀၁ ကောင်၊ ခွေးကာလသားရောဂါ ကင်ဆာဆေးသွင်းကုသခြင်း ၃၈ ကောင်၊ ဆိုးသွမ်းခွေးများကို ခွေးပြုစုစောင့်ရှောက်ရေးဂေဟာသို့ ကူညီပို့ဆောင်ပေးခြင်း ၂၁၈ ကောင်ရှိပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ ခွေးများအားလုံး ခွေးရူးကာကွယ်ဆေးထိုးခြင်း၊ ကောင်ရေမပြန့်ပွားအောင် ထိန်းချုပ်ခြင်းတို့ကို အပတ်စဉ်ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

**KZN**



## ကျောက်ကြီးမြို့နယ်၌ စစ်တောင်းမြစ်ကမ်းပါး ပြိုကျလာ၍ လူနေအိမ်တစ်လုံးပြောင်းရွှေ့

**ကျောက်ကြီး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ၌ ဇူလိုင် ၂၇ ရက်က စစ်တောင်းမြစ်တွင် မိုးရာသီရေစီးကြမ်းပြီး မြစ်ရေတိုက်စားမှုကြောင့် လက်ရှိကမ်းပါးမှ ခြောက်ပေခန့်အထိ ပြိုကျလာသည်။

အဆိုပါ စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့် အန္တရာယ်ဖြစ်နိုင်သော နတ်သံကွင်းဒေသ တံခွန်တိုင်း(၂) ရပ်ကွက် မြစ်ကမ်းဘေးနှင့် နှစ်ပေခန့်အကွာ မိသားစုဝင်ငါးဦးနေထိုင်သော သုံးပင်ပတ်လည် သွပ်မိုး၊ ထရံကာ၊ ပြင်ခင်း လူနေအိမ်တစ်လုံးကို ဇူလိုင် ၂၈ ရက်က နတ်သံကွင်းဒေသ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းလွင် ဦးဆောင်ပြီး ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါနေရာသို့ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးဝင်းထွန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## ညောင်လေးပင်မြို့နယ်တွင် ကွန်တိန်နာတင်ရထား လမ်းချော်မှုဖြစ်

**ညောင်လေးပင် ဇူလိုင် ၂၉** - မြို့ဟောင်းဘူတာမှ ရွာသာကြီးဘူတာသို့ ကွန်တိန်နာများ တင်ဆောင်လာသည့် တွဲထိန်း ဦးဌေးမြင့်၊ စက်ခေါင်းမောင်း ဦးကျော်ကျော်အေး မောင်းနှင်လာသော အမှတ် ၉၂၄ (အစုန်) ရထားသည် ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီက ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား မိုင်တိုင်အမှတ် ၉၈/၁၁ နှင့် ၉၈/၁၂ အကြားတွင် စက်ခေါင်း၏ဘီးအမှတ် ၇ မှာ အပြင်သို့ကျပြီး လမ်းချော်မှုဖြစ်ခဲ့သည်။ ရထားဘီးချော်ခြင်းကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း၊ အခင်းဖြစ်နေရာသို့ သက်ဆိုင်ရာရုံပိုင်များနှင့် သံလမ်းတာဝန်ရှိသူများသွားရောက်စစ်ဆေးပြီး ရထားများပုံမှန်သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**

# ဒိုးပင်အောင်ကံသာပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀၀ အတွက် ငါးနှစ်စာစားသုံးရန် ဆန်အိတ်ပေါင်း ၆၃၅၀ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အောင်ချမ်းသာကျေးရွာရှိ ဒိုးပင်အောင်ကံသာပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀၀ အတွက် တစ်နှစ်လျှင် လိုအပ်သည့် ဆန်အိတ် ၁၂၇၀ နှုန်းဖြင့် ငါးနှစ်စာအတွက် စားသုံးရန် ဆန်အိတ်ပေါင်း ၆၃၅၀ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက်က အဆိုပါပရဟိတကျောင်း၌ ကျင်းပသည်။



ဆန်အိတ်များလှူဒါန်းပွဲ၌ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။

အခမ်းအနားတွင် ဒိုးပင်အောင်ကံသာပရဟိတကျောင်းဆရာတော် ဦးပဏ္ဍဝထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆန်အိတ်များ လှူဒါန်းရခြင်းကို ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ရေးကော်မတီက လျှောက်ထားသည်။

ထို့နောက် ဒိုးပင်အောင် ကံသာ ဆရာတော်ထံ အလှူရှင် ဦးတင်မောင်-ဒေါ်နန်းလုစိန် (Great Wall International Co.,Ltd.) မိသားစုက သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆန်အိတ်များကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ထံမှ ရေစက်ချတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ကုသိုလ်အမျှပေးဝေခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အလှူရှင် ဦးတင်မောင်က မိမိအနေဖြင့် ဆရာတော်၏ မြင့်မြတ်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေသည့် ပရဟိတလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဒိုးပင်အောင် ကံသာပရဟိတကျောင်း၌ အနယ်နယ်အရပ်ရပ်မှ မိဘမဲ့ကလေးများ၊ ပညာသင်ကြားရန် ခက်ခဲနေသည့် ကျောင်းသား ကျောင်းသူများအား လူမျိုးဘာသာမရွေး လက်ခံ၍ ပြုစုစောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ နီးပါးရှိခဲ့ပြီး လက်ရှိအချိန်တွင် လူငယ်ကျောင်းသားပေါင်း ၁၀၀၀ ကျော်အား ပြုစုစောင့်ရှောက် ကျွေးမွေးလျက်ရှိရာ ၎င်းတို့အတွက် နေ့စဉ်ကုန်ကျငွေများကို ယခုကဲ့သို့ အလှူရှင်များ လှူဒါန်းပေးမှုဖြင့် ဆရာတော်၏ ပရဟိတလုပ်ငန်းများအတွက် အားအင်များဖြစ်ပေါ်စေကြောင်း ဆရာတော်က မိန့်ကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်မိသားစုများ၊ Great Wall International Co.,Ltd. မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ယာယီပိတ်ထားသည့် ကျောင်းအချို့ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၁၄ ကျောင်း မြစ်ရေများဝင်ရောက်ခဲ့သဖြင့် ယာယီပိတ်ထားခဲ့ရပြီး ယမန်နေ့က ရေဝတီမြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်၍ ယာယီပိတ်ထားသည့်ကျောင်းအချို့ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာစာသင်ကျောင်း ၁၄ ကျောင်းတွင် မူလတန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ တစ်ကျောင်း စုစုပေါင်းကျောင်း ၁၄ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။ အဆိုပါ ယာယီပိတ်ထားသည့် ကျောင်းများအနက် ယမန်နေ့က ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ရေဝတီမြစ်ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကျောင်းပြန်လည်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများ စာသင်ချိန် သင်ခန်းစာနောက်မကျရေးအတွက် သင်ကြားပေးလျက်ရှိကြောင်း ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မီကျော်ထံမှ သိရသည်။



ပွင့်ဖြူမြို့နယ်ရှိ အခြေခံပညာကျောင်းတစ်ကျောင်း၌ မြစ်ရေပြန်လည်ကျဆင်းသွားမှုအခြေအနေကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် KG တန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၉၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရေဝတီတိုင်းဒေသကြီး)နှစ်ပတ်လည်အစည်းအဝေး ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇူလိုင် ၂၉**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရေဝတီတိုင်းဒေသကြီး)အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ပုသိမ်မြို့ ရောရတနာကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးအေးထွန်း (အေးထွန်း-ဟသ်ာတ)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို) နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းမည့် တိုင်းဒေသကြီးအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ(မူကြမ်း)ကို ဖတ်ကြားတင်ပြရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့၌ ဩဂုတ် ၁၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း (ညောင်တုန်း)**

### ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊
(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊
(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊
(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊
(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊
(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊
(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊
(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊
(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊
(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊
(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ် သတ်မှတ်ထားခြင်း၊
(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊
(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လူလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊
(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊
(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊
(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊
(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊
(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊
(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက် / ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ဗီယက်နမ်စီးပွားရေးသံမှူး လာရောက်လေ့လာ

**မူဆယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ရန်ကုန်မြို့ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူး Ms.Vo Thi Ngoc Diep နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်တွင်းရေးမှူး ဦးမျိုးသန့်တို့ ဦးဆောင်သည့် အဖွဲ့သည် ဇူလိုင် ၂၉ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့အား ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် OSS အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကိစ္စများကို အလွတ်သဘော ဆွေးနွေးခဲ့ကာ ကုန်သွယ်ရေးဇုန်၏ ကုန်ပစ္စည်းစစ်ဆေးရေးကွင်း အတွင်းရှိ ပို့ကုန်/သွင်းကုန်နေရာများကို ကြည့်ရှုလေ့လာခဲ့သည်။ ထို့နောက် စီးပွားရေးသံမှူးနှင့် အဖွဲ့က သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ထိုအဖွဲ့သည် တရုတ်-မြန်မာ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းဖြစ်သည့် အရှေ့မြောက်တံခါး သစ်သီးကွင်းကိုလည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## မုံရွာမြို့နယ် လဝကရုံး၌ ဝန်ဆောင်မှုပိုကောင်းအောင် SMS ဖြင့် အကြံပြုစနစ်ကို စမ်းသပ်ကျင့်သုံးနေ

**မုံရွာ ဇူလိုင် ၂၉**

ပြည်သူများအနေဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများ၌ လဝကလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆင်ပြေမှုရှိမရှိကို စာတိုပေးပို့ခြင်း (SMS)စနစ်ဖြင့် အကြံပြုကာ အဆိုပါ ပြည်သူ့အသံများကိုပြန်လည်နားထောင်သည့် စနစ်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၌ စတင်အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးယဉ်ထွေး၏ ပြောကြားချက်အရ သိရသည်။

"မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးတွေကို လာရောက်ပြီး မှတ်ပုံတင်ပဲလုပ်လုပ်၊ အိမ်ထောင်စုစာရင်း အသစ်ပဲလုပ်လုပ် အခုထက်ပိုပြီးတော့ ဝန်ဆောင်မှုကောင်းတွေ ပေးနိုင်အောင်လို့ ပြည်သူတွေဆီက အကြံဉာဏ်တွေ တောင်းခံတယ်၊ ပြည်သူတွေရဲ့အကြံပြုချက်တွေထဲက ကျွန်တော်တို့အနေနဲ့ ဘာတွေပြင်ဆင်ရမလဲ၊ ထပ်ပြီးတော့ ဘာတွေဖြည့်စွက်လုပ်ဆောင်ပေးရမလဲ စတဲ့ ဝန်ဆောင်မှုကောင်းတွေကို လုပ်ပေးနိုင်ဖို့အတွက် စာတိုပေးပို့ခြင်း(SMS) စနစ်ကို စမ်းသပ်တာဖြစ်တယ်"ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အခြားနေရာဒေသများသို့ ပြောင်းရွှေ့ခြင်းနှင့် အခြားဒေသများမှ ဝင်ရောက်လာခြင်း စသည့်ကိစ္စရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ရုံးများ၌ လာရောက်လုပ်ကိုင်ကြရသည့် ပြည်သူများအနေဖြင့် အလုပ်ကိစ္စရပ်များ မြန်ဆန်မှု ရှိ/မရှိကိုလည်းကောင်း၊ နှောင့်နှေးမှုများရှိက မည့်သည့်အကြောင်းကြောင့် နှောင့်နှေးရသည်ကိုလည်းကောင်း၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးမှုအပေါ် ကျေနပ်မှုရှိ/မရှိကိုလည်းကောင်းတိုင်ကြားခြင်း၊ အပြုသဘောဆောင်သော အကြံဉာဏ်ပေးခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် စာတိုပေးပို့ခြင်း(SMS)စနစ်ကို မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး၌ ဇူလိုင် ၄ ရက်က စတင်စမ်းသပ်အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဗေဒါတိုင်း)**

## ပြည်သူလူထုကြားမှ မသန်စွမ်းသူများအား ရှာဖွေဖော်ထုတ် ကူညီနိုင်ရေး ဟိုပုံးမြို့၌ ဆွေးနွေး

**ဟိုပုံး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှ မသန်စွမ်းသူများအား ရှာဖွေဖော်ထုတ်၍ ကျန်းမာရေးဆိုင်ရာ အကူအညီများ ပေးနိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ့်စေတမန် စီမံချက်နှင့် Access to Health Fund တို့ ပူးပေါင်း၍ ဇူလိုင် ၂၈ ရက်က ဟိုပုံးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ့်စေတမန်စီမံချက်မှ Project Assistant မနော်မေဖောက စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံချက်မှ Project Manager ဒေါက်တာသန္တာစိုးက မသန်စွမ်းသူများ ကျန်းမာရေး လက်လှမ်းမီအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် အသေးစိတ်ဆွေးနွေးကာ မသန်စွမ်း သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်း များနှင့် ပညာရေးဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ့်စေတမန် စီမံချက်သည် Access to Health Fund ၏ ပံ့ပိုးမှုဖြင့် ဟိုပုံးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မသန်စွမ်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီအောင် အားလုံးပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

## ကြက်သွန်ဈေးတက်လာသော်လည်း လက်ရှိဈေးထက်ပိုရရန် တောင်သူများမျှော်လင့်နေ

**မလှိုင် ဇူလိုင် ၂၉**

ယခုနှစ် ကြက်သွန်သီးနှံ စတင်ထွက်ရှိချိန်က ဈေးနှုန်းကျဆင်းသဖြင့် တောင်သူများအနေဖြင့် ကြက်သွန်များကို သိုလှောင်ထားခဲ့ရပြီး လက်ရှိအချိန်တွင် စပေါ်ချိန်ထက် ဈေးတက်လာသော်လည်း ယခုဈေးထက် ဈေးပိုရမှသာ ကြက်သွန်စိုက်တောင်သူများ အဆင်ပြေမည်ဖြစ်သဖြင့် ဈေးပိုမိုရရှိရန် တောင်သူများက မျှော်လင့်နေကြကြောင်း မလှိုင်မြို့နယ် ကူကြီးကျေးရွာအုပ်စုရှိ ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ပြီးခဲ့သောနှစ်က ကြက်သွန်စတင်စိုက်ပျိုးရန် မျိုးစေ့ တစ်ပြည်လျှင် ကျပ်ရှစ်သောင်းခန့်နှင့် နောက်ပိုင်းတွင် ကျပ်တစ်သိန်းခန့်အထိပေး၍ ဝယ်ယူခဲ့ရကြောင်း၊ မလှိုင်မြို့နယ်မှ ကြက်သွန်များသည် တပေါင်းလ၊ တန်ခူးလတို့တွင် စတင်ထွက်ရှိပြီး ထိုအချိန်က တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ၃၆၀ ခန့်သာ ရှိခဲ့၍ ကြက်သွန်စိုက်တောင်သူအချို့က ရောင်းချခဲ့သော်လည်း မရောင်းဘဲ သိုလှောင်ထားခဲ့သူများလည်းရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကြက်သွန်တစ်ဧကမှာ ကုန်ကျစရိတ်အနေနဲ့ စိုက်စရိတ်ရယ်၊ ပျိုးစရိတ်ရယ်၊ ဆီဖိုး



ရယ်၊ အလုပ်သမားခတွေရယ်၊ ပိုက်ဖိုးတွေရယ်၊ တကယ်တွက်မယ်ဆို တစ်ဧကကို ကျပ် ၁၀ သိန်းနှင့် ၁၅ သိန်းလောက် ရှိတယ်၊ ကြက်သွန် တစ်ဧကမှာ ကုန်ချိန် ၅၀၀၀ ထွက်တယ်ဆိုရင် ကျွန်တော်တို့ ရောင်းစားခဲ့ရတာ တစ်ပိဿာကို ကျပ် ၃၅၀။ ရတဲ့ ပိုက်ဆံနဲ့ ကျွန်တော်တို့ကုန်ကျစရိတ်က မကာမိဘူး။ ငွေတိုးနဲ့ စိုက်ရသူတွေအတွက် ဘယ်လိုမှ မကိုက်သလို ကိုယ့်အရင်းအနှီးနဲ့ကိုယ် စိုက်ပျိုးသူတွေအတွက်လည်း မကျန်ပါဘူး၊ နိုင်ငံခြားကြက်သွန်တွေနဲ့ ကျွန်တော်တို့ ကြက်သွန်တွေ ယှဉ်တဲ့အခါမှာလည်း ဟိုကြက်သွန်က ဈေးချိုတယ်ဆိုတော့ နိုင်ငံခြားကြက်သွန်ကို လူတွေက သုံးကြတယ်၊ ကျွန်တော်တို့ တောင်သူတွေ ဘယ်လိုမှ တွက်ခြေမကိုက်တော့ တဖြည်းဖြည်းနဲ့ အရင်လို မစိုက်နိုင်တော့ဘူးပေါ့"ဟု သရက်ကန်ကျေးရွာနေ ကြက်သွန်စိုက်တောင်သူ ဦးဝင်းမြင့်က ပြောသည်။

လက်ရှိဈေးနှုန်းမှာ ကြက်သွန် တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၆၅၀ ခန့် ရရှိနေပြီဖြစ်ရာ ထိုဈေးနှုန်းနှင့် ပတ်သက်၍လည်း ဦးဝင်းမြင့်က "ပေါ်ပေါ်ချင်းမှာ ကျပ် ၅၀၀ လောက် ရောင်းခဲ့ရရင်တော့ တောင်သူတွေအတွက် မဆိုးဘူးပေါ့၊ ကျွန်တော်ဆိုရင် ၁၀ ဧကလောက် စိုက်ပါတယ်။ အရင်းအနှီးတင် သိန်းရာကျော်ရှိတယ်။ ပထမဆုံး ပေါ်ပေါ်ချင်း ရောင်းစားရတာ ၃၅၀၊ ၃၆၀ ဆိုတော့ အရင်းကိုမရသေးပါဘူး။ ဒါကြောင့် တချို့ကိုရောင်းပြီး ကျန်တဲ့ကြက်သွန်ကို လှောင်ထားတယ်။ လှောင်ထားတာ လေးလငါးလ ရှိပါပြီ၊ ဒီကြက်သွန်ကို အခုအချိန်မှာ ၆၀၀၊ ၆၅၀ ရောင်းရပေမယ့် ပုပ်တာနဲ့၊ ဒါတွေကို သန့်ရတဲ့ အလုပ်သမားစရိတ်နဲ့ဆိုတော့ ဘယ်လိုမှ မကာမိပါဘူး။ ကြက်သွန်က လေးငါးလလောက်ထားရင် ကုန်ချိန် ၁၀၀၀ မှာ ၃၀၀ လောက် လျော့ပါတယ်။ အလုပ်သမားခနဲ့ ကုန်ချိန်လျော့တာနဲ့ဆို လက်ရှိဈေး ၆၀၀၊ ၆၅၀ ကလည်း တောင်သူတွေအနေနဲ့ လုံးဝမကိုက်ပါဘူး၊ ကျပ် ၉၀၀၊ ၁၀၀၀ လောက်ရဖို့ မျှော်လင့်ပါတယ်၊ ဒီလောက်ရရင်တောင် ကျွန်တော်တို့တောင်သူတွေအဖို့ များများမကျန်ပါဘူး"ဟု ဆက်ပြောပြသည်။

**ဘိုဘို (မလှိုင်)**

## ငပုတောမြို့အဝင်၌ ပလက်ဖောင်းပြုလုပ်ကာ ပန်းအလှပင်များစိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေ

**ငပုတော ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့်ငပုတောမြို့ကြား ဆက်သွယ်ထားသည့် ပုသိမ်-ငပုတောကားလမ်း၏ ငပုတောမြို့အဝင်နေရာ သန့်ရှင်းသာယာလှပရေးအတွက် ပလက်ဖောင်းကပ်တုံးများကို ဇူလိုင် ၂၉ ရက်က စတင်ပြုလုပ်လျက်ရှိပြီး ပလက်ဖောင်းကပ်တုံးများ၏နောက်တွင် ပန်းအလှပင်အသစ်များ စိုက်ပျိုးသွားနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ငပုတောမြို့အဝင်လမ်း ဘယ်ညာတွင် အလျား ပေ ၃၉၀ ရှိ ပလက်ဖောင်းကပ်တုံးများ ပြုလုပ်လျက်ရှိပြီး ပြီးစီးပါက ပန်းအလှပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ပြည်သူများ မြို့အဝင်နေရာ၌ စိတ်အေးချမ်းစွာ အနားယူနိုင်ရန်နှင့် ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်အတွက် ဆက်လက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## ဝါးခယ်မမြို့၌ ယာဉ်စည်းကမ်း အသိပညာပေးပြီး ထော်လာဂျီများကို ရောင်ပြန်ပြား တပ်ဆင်ပေး

**ဝါးခယ်မ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ပြည်သူများအား မော်တော်ယာဉ်များ စီးနင်းမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ စီးနင်းသွားလာမှုရှိစေရေးအတွက် အသိပညာပေးခြင်းနှင့် ထော်လာဂျီများတွင် ရောင်ပြန်ပြားများ တပ်ဆင်ခြင်းကို မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီက ဇူလိုင် ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီတွင် ပါဝင်သော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြို့နယ်အတွင်း မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ထော်လာဂျီများမှ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်မောင်းစဉ် လိုက်နာရမည့် စည်းကမ်းများနှင့် ဆိုင်ကယ်စီးနင်းသူများအနေဖြင့် နှစ်ဦးထက်ပို၍ စီးနင်းမှု မရှိစေရေး၊ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းများအနေဖြင့် သတ်မှတ်စည်းကမ်းများကို တိကျစွာ လိုက်နာစေရေး စသည်တို့ကို ပညာပေးဟောပြောကာ ထော်လာဂျီများတွင် ရောင်ပြန်ပြားများ တပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။



**လွှမ်းသီဟ (ဝါးခယ်မ)**

**စာမျက်နှာ ၁၈ မှ**

မြင်းကပါရွာ၏တောင်ဘက်၊ စိုးမင်းကြီးဘုရား၏ မြောက်ဘက်တွင်ရှိသည့် ဘုရားအမှတ်(၁၁၇၅)၌ ခေါင်းလောင်းပုံဂူစေတီ၏ အောက်ခြေ မှန်ပေါက်ငါးပေါက်အပေါ်တွင် ငါးထောင့်ပစ္စယံ သုံးဆင့်ခံ၍ စေတီတော်ကို တည်ထားသည်။ ယင်းဘုရားသည် တစ်ဆူလုံး ပြိုကျပျက်စီးခဲ့ကာ ပန္နက်ရာသာကျန်ရှိ၍ အုတ်ကုန်းတစ်ခုအဖြစ် ကာလရှည်ကြာစွာ တည်ရှိနေခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ယင်းအုတ်ကုန်းကို တူးဖော်ခဲ့ပြီး မူလပန္နက်ရာအတိုင်း ငါးမျက်နှာစေတီကို အသစ်တည်ထားခဲ့သဖြင့် အောက်ခြေပန္နက်သည်သာ မူလလက်ရာဖြစ်သည်။

ဘုရားအမှတ်(၁၆၇၁)သည် ပုဂံမြို့ဟောင်းအတွင်း မဟာဗောဓိဘုရား တံတိုင်းဝင်းအတွင်း၌ တည်ရှိသည်။ ယင်းဘုရားကို အောက်ခြေ ငါးမြှောင့်ခံ၍ မုခ်ငါးခုပြုလုပ်ကာ ငါးမြှောင့်မဏ္ဍိုင်အပေါ်တွင် သပိတ်မှောက်နှင့် ဟာမိက(ခွတ်တော်တိုက်) ထားရှိပြီး အထွတ်စေတီကို တည်ထားသည်။ သပိတ်မှောက်အပေါ်မှ ဟာမိကသည် အခြားစေတီများတွင် တွေ့ရလေ့ရှိသည့် လေးထောင့်မဟုတ်ဘဲ ငါးထောင့် ပြုလုပ်ထားသည်။ သို့သော် ယခုဖူးတွေ့ကြရသည့် ဘုရားအမှတ်(၁၆၇၁)သည် မူလလက်ရာများ တစ်ခုမှမရှိတော့ဘဲ နှောင်းခေတ်တွင် ပြန်လည်တည်ဆောက်ထားသည့်စေတီသာ ဖြစ်သည်။

ငါးမျက်နှာဘုရားတစ်ဆူဖြစ်သည့်ဘုရား အမှတ်(၁၈၉၃)သည် အာနန္ဒာဘုရားနှင့် ထီးလိုမင်းလိုဘုရားအကြား၌ တည်ရှိသည်။ အမှတ် (၁၈၉၃) တစ်ထပ်လိုဏ်ဘုရားသည်ဂန္ဓကုဋိငါးခု ပါရှိသည့် အနက်အရှေ့မျက်နှာဂန္ဓကုဋိတိုက်သည် အလျားအနံ ၂ ဒသမ ၃၅ မီတာနှင့် ၂ ဒသမ ၅ မီတာရှိ၍ အခြားဂန္ဓကုဋိတိုက် လေးခုထက် ပိုမိုကျယ်ဝန်းသည်။ ပတ်လမ်းမပါရှိသဖြင့် ဂန္ဓကုဋိတိုက်၏ အပြင်အာရုံခံနှင့် ရှေ့ထွက်မုခ်ဆောင်ကိုတစ်ဆက်တည်း တည်ဆောက် ထားသည်။ တိုက်မပေါ်တွင် ပစ္စယံနှစ်ဆင့်ခံကာ စေတီတော်ကို တည်ထားသည်။

**ဓမ္မရာဇက စေတီ**

ပုဂံ၏ ထင်ရှားသော ငါးမျက်နှာဘုရား တစ်ဆူဖြစ်သည့် ဓမ္မရာဇကသည် အနောက်ဖွားစောရွာ၏ အနောက်ဘက်၊ ဆုတောင်းပြည့်ဘုရားဝင်း၏အနောက်တွင်တည်ရှိသည်။ ဓမ္မရာဇက စေတီတော်ကို မြန်မာသက္ကရာဇ် ၅၅၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်(ခရစ်နှစ် ၁၁၉၆ ခုနှစ် အောက်တိုဘာလ ၇ ရက်)တွင် နရပတိ စည်သူမင်းက တည်ထားခဲ့သည်။ ဘုရားကျောက်စာအရ မြန်မာသက္ကရာဇ် ၅၆၀ ပြည့်နှစ် သီတင်းကျွတ်လဆုတ် ၂ ရက်(ခရစ်နှစ် ၁၁၉၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်)တွင် စေတီအထွတ်တင်ခဲ့သည်။

ဓမ္မရာဇကစေတီကို ပစ္စယံသုံးဆင့်ခံလျက် တည်ထားပြီး စေတီကို ၄ ဒသမ ၆၅ မီတာ ပတ်လည်ရှိသည့် ကြေးဂူတိုက် ငါးလုံးက ဝန်းရံထားသည်။ တတိယပစ္စယံထောင့်များတွင် အရံစေတီတစ်ဆူစီကို တည်ထားကာ ပစ္စယံများအလယ်တွင် အထက်သို့တက်နိုင်သည့် လှေကားများ ပြုလုပ်ထားသည်။ စေတီတော် ပစ္စယံများတွင် ဗုဒ္ဓဝင်ဇာတ်ကွက်များနှင့် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက်များကို သရုပ်ဖော်ထားသည် စဉ့်ကွက်များသည် မူလက ၆၀၀ ကျော်ရှိခဲ့ပြီး ပျက်စီးမှု၊ ပျောက်ဆုံးမှုများကြောင့် ယခုအချိန်တွင် ၄၁၇ ချပ်သာ ကျန်ရှိနေသည်။

ကြေးတိုက်ဂူများသည် တစ်ထပ်လိုဏ်ဘုရားများဖြစ်၍ ကုလားကျောင်းတိုက်မတွင် ကွမ်းတောင်ဆင့်ကာ အထွတ်တင်ထားသည်။ ယင်းတို့သည် နရပတိစည်သူမင်း၏ သားတော်ငါးပါး၏ အရံဂူငါးလုံး ဖြစ်ကြသည်။ ဓမ္မရာဇကစေတီသည် ဉာဏ်တော် ပေ ၁၈၀ မြင့်သဖြင့် ပုဂံ ငါးမျက်နှာဘုရားများတွင် အကြီးမားဆုံးဖြစ်သည်။

ပုဂံဒေသရှိ များပြားလှသည့် စေတီပုထိုးများသည် တစ်ဆူနှင့်တစ်ဆူ ဖွဲ့စည်းတည်ဆောက်ပုံမတူကြဘဲ ဗိသုကာဟန်တစ်မျိုးစီ ရှိနေကြသည်။ ယင်းတို့အနက် ငါးမျက်နှာဘုရားများကို တည်ထားခြင်းသည် အနားငါးဘက် ထောင့်ချိုးငါးခု မုခ်ငါးဘက်ကို အချိုးကျနစွာ တည်ဆောက်ရသဖြင့် စတုဂံ သို့မဟုတ် စတုရန်းပုံ လေးမျက်နှာဘုရားများ တည်ဆောက်ခြင်းထက် ပိုမိုခက်ခဲမည်သာဖြစ်သည်။ ထို့ကြောင့် ပုဂံဒေသတစ်ခုလုံးတွင် ငါးမျက်နှာဘုရား ၁၇ ဆူမျှသာ တွေ့ရှိရကြောင်း သုံးသပ်နိုင်ပေသည်။ ။


**ကိုးကား**

(၁) **Inventory of Monuments at Pagan (Pierre Pichard)**

(၂) **ပုဂံဒေသမှ ငါးမျက်နှာဘုရားများ၏ ဗိသုကာနှင့် အနုလက်ရာများလေ့လာချက် စာတမ်း(မအေးမြတ်သူ)**

# ဆိပ်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုနည်း၍ တောင်သူများစိုက်ပျိုးရေးအတွက် နောက်ကျနေ

**ဆိပ်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းမှ မိုးကောင်းသောက်လယ်မြေများတွင် စိုက်ပျိုးရန် မိုးစပါးများ ပျိုးထောင်ထားရှိပြီးဖြစ်သော်လည်း မိုးရွာသွန်းမှု နည်းပါးနေခြင်းကြောင့် မိုးစပါးနှင့်အခြားမိုးသီးနှံများကို စိုက်ပျိုးခြင်း မပြုရသေးကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ တောင်သူများသည် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိက အားထားကြရာ ယခုနှစ်တွင် မိုးရေချိန်ပြည့်ဝစွာ မရရှိခြင်းကြောင့် မိုးသီးနှံစိုက်ပျိုးမည့်သူများနှင့် မိုးကောင်းသောက် စပါးစိုက်ပျိုးမည့်သူများအနေဖြင့် မြေပြုပြင်ပြီးဖြစ်သော်လည်း လက်ရှိအချိန်အထိ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။



မိုးရေမရသဖြင့် မစိုက်ပျိုးနိုင်သော လယ်ယာမြေများ

ယခုနှစ်တွင် ဆိပ်ဖြူမြို့နယ်၌ မိုးကောင်းသောက်မိုးစပါး ၄၆၄၂ ဧက၊ ဆည်ငယ်ကန်ငယ်ရေဖြင့် ၂၉၂၃ ဧက၊ ရေစုပ်စက်ဖြင့်ရေတင်၍ ဧက ၃၀၀၊ မြေအောက်ရေဖြင့် ၁၀၅ ဧကနှင့် မြစ်ရေတင်စနစ်ဖြင့် ဧက ၅၀၀၊ စုစုပေါင်း မိုးစပါး ၈၇၄၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း၊ မိုးရွာသွန်းမှု နည်းပါးနေခြင်းကြောင့် ယခုအချိန်အထိ မိုးကောင်းသောက် မိုးစပါးကို ၄၈ ဧကသာ စိုက်ပျိုးနိုင်ပြီး ဆည်ငယ်ကန်ငယ်များတွင်လည်း မိုးရေဝင်ရောက်မှု နည်းပါးခြင်းကြောင့် ၂၃ ဧကသာ စိုက်ပျိုးနိုင်သေးကြောင်း၊ ထို့အပြင် ဝန်ယူနှင့်ဝန်လို တမံများ၌လည်း ဆည်ရေမရှိသောကြောင့် မိုးစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်မှုမရှိကြောင်း မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ သိရသည်။

ဆိပ်ဖြူမြို့နယ်အတွင်း ယခုနှစ် မိုးရွာသွန်းမှုမှာ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း မိုးရေချိန် ၆ ဒသမ ၉ လက်မသာ ရွာသွန်းခဲ့ကြောင်း၊ ယခင်နှစ် ကာလတူအတွင်းက ၁၅ လက်မကျော် ရွာသွန်းခဲ့၍ ယခင်နှစ်ထက် မိုးရေချိန် ၁၀ လက်မနီးပါး သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ ယခင်နှစ်များက မိုးကောင်းခဲ့သောကြောင့် တောင်သူများ၏ မိုးစပါးစိုက်လယ်မြေများအပြင် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်မှုရှိခဲ့သော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုမရှိသောကြောင့် စိုက်ပျိုးနိုင်ခြင်းလည်း မရှိကြောင်း၊ မိုးကောင်းသောက် လယ်မြေများအတွက် စိုက်ပျိုးရန် စပါးများ ပျိုးထောင်ထားရှိပြီးဖြစ်၍ စိုက်ပျိုးနိုင်ရန် မိုးကိုသာ မျှော်နေကြရကြောင်း၊ မိုးနှောင်းကာလနှင့် မိုးလွန်ကာများတွင် မိုးရွာသွန်းမှုများနိုင်သည့်အတွက် တောင်သူများအနေဖြင့် မိုးသီးနှံထက် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်လည်း မျှော်လင့်နေကြကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

**စိုးလင်းနိုင်(မြန်/ဆက်)**

# အဆုတ်အအေးမိရောဂါအကြောင်း သိကောင်းစရာများ ဘားအံမြို့၌ ပညာပေးဆွေးနွေး

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် တိုင်းရင်းဆေးဦးစီးဌာန၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်အရ တိုင်းရင်းဆေးပညာဆိုင်ရာ ဝန်ထမ်းများအား အဆုတ်အအေးမိရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က ဘားအံမြို့ရှိ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးလှမြင့်အောင်က အမှာစကားပြောကြားပြီး ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်က အဆုတ်အအေးမိရောဂါအကြောင်း၊ ရောဂါလက္ခဏာများ၊ တိုင်းရင်းဆေးပညာကုထုံးများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် အအေးမိနှာစေးချောင်းဆိုးရောဂါ ကာကွယ်ခြင်း စသည့် အကြောင်းအရာများ ပါဝင်သော အသိပညာပေးစာတမ်းကို ဖတ်ကြားခဲ့သည်။

ထို့နောက် ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး၊ တိုင်းရင်းဆေးဆရာအသင်းမှ ဆရာကြီးများ၊ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးမှူးများ၊ ဒုတိယတိုင်းရင်းဆေးမှူးများ၊ တိုင်းရင်းဆေးဝန်ထမ်းများ၊ ဘားအံမြို့ တိုင်းရင်းဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ဒေသခံ တိုင်းရင်းဆေးပညာ ဝါသနာရှင်ပြည်သူများက ယခုလိုရာသီတွင် အဖြစ်များသော အဆုတ်အအေးမိရောဂါ နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**နေမျိုးလွင် (မြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ဘီးတပ်ကုလားထိုင်များလှူဒါန်း



**ရေကြည် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြည်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့အတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ရန်ကုန်မြို့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီမှ ဘီးတပ်ကုလားထိုင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ရေကြည်မြို့ရှိ ရေကြည်ခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် ဖြူစင်မေတ္တာ လူမှုဖွံ့ဖြိုးရေးပရဟိတအသင်း၏ ဥက္ကဋ္ဌ ဦးသန်းထွန်းနိုင်က အလှူရှင်များကိုယ်စား ယခုလို မသန်စွမ်းကလေးများအတွက် ဘီးတပ်ကုလားထိုင်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြတ်ပညာဒါန ဖောင်ဒေးရှင်း မင်္ဂလာအောင်သိဒ္ဓိကျောင်း ဆရာတော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်တို့က အလှူရှင်များကိုယ်စား မသန်စွမ်းကလေးငယ်များအတွက် ဘီးတပ်ကုလားထိုင်ကိုးစီးနှင့် မသန်စွမ်းလူကြီးများအတွက် ဘီးတပ်ကုလားထိုင်နှစ်စီး စုစုပေါင်း ဘီးတပ်ကုလားထိုင် ၁၁ စီးနှင့် ရွှေပြည်နန်းသနပ်ခါးများကို လှူဒါန်းပေးခဲ့သည်။

**အောင်သူဟန် (မြန်/ဆက်)**

# မြဝတီမြို့သို့ စက်လှေဖြင့်ကျောင်းလာတက်သည့် မြန်မာရွှေ့ပြောင်းကျောင်းသားများအားအသက်ကယ်အင်္ကျီများ ထုတ်ပေး

**မြဝတီ ဇူလိုင် ၂၉**

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာရွှေ့ပြောင်းသားသမီးများ၏ ကျောင်းသားကျောင်းသူများ မြဝတီမြို့အထက (၂) သို့ ကျောင်းလာတက်သည့်အခါ မြဝတီမြို့ အမှတ် ၁ ရပ်ကွက် သောင်ရင်းမြစ် မိုးကုတ်ဂိတ်စက်လှေဂိတ်မှ စက်လှေများဖြင့် လာရောက်ကျောင်းတက်လျက်ရှိသဖြင့် ဇူလိုင် ၂၈ ရက်တွင် ကျောင်းသားကျောင်းသူများအား အထက(၂) ကျောင်းအုပ်ဆရာကြီးက အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြဝတီမြို့ အထက(၂)သို့ ထိုင်းဘက်ကမ်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများ ကျောင်းလာတက်နေကြသည်မှာ စုစုပေါင်း ၁၂၀ ခန့်ရှိကြောင်းသိရပြီး ကျောင်းသားများ ကျောင်းသို့ နေ့စဉ်အသွားအပြန် အသက်ကယ်အင်္ကျီများဝတ်ဆင်ပြီး စက်လှေစီးနိုင်ရေးအတွက် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကမ်းကူးခအနေဖြင့် လူတစ်ဦးလျှင်စက်လှေခ ၅၀၀ ကျပ်ကောက်ခံသော်လည်း ကျောင်းသားများကို လုံးဝလှေခမယူဘဲ အခမဲ့ပို့ဆောင်ပေးနေကြောင်း သိရသည်။

“အခုသောင်ရင်းမြစ်က မိုးရွာတော့ ရေတိုးလာပြီ၊ ဒါကြောင့် ထိုင်းဘက်ကမ်းကစက်လှေနဲ့ ကျောင်းလာတက်တဲ့ကလေးတွေ အန္တရာယ်ကင်းဝေးစေရေးအတွက်အသက်ကယ် အင်္ကျီတွေကို လာရောက်ဝတ်ဆင်ပေးတာ ဖြစ်ပါတယ်၊ ဒါကိုလည်း မိုးကုတ်ဂိတ်မှာ ဂိတ်လုံခြုံရေးတာဝန်ယူထားတဲ့ ပြည်သူ့စစ်ခေါင်းဆောင် ကိုမျိုးဝင်းတို့အဖွဲ့က ကူညီဆောင်ရွက်ပေးကြပါတယ်”ဟု အထက-၂ ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်က ပြောသည်။

**ထိန်လင်းအောင် (မြန်/ဆက်)**

# မယ်စဲ့မြို့နယ်၌ ကျန်းမာရေးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

**မယ်စဲ့ ဇူလိုင် ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကယားပြည်နယ် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာ၊ နမ့်ပိန်းလင်ကျေးရွာ၊ မယ်ဆည်နမ်ကျေးရွာနှင့် နမ့်ဟူးကျေးရွာတို့မှ ပြည်သူများအား မိုးရာသီ ရိက္ခာထောက်ပံ့ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကယားပြည်နယ် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်းက ကလေးသူငယ်ဥပဒေဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မယ်စဲ့မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက ရာသီတုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် မိုးရာသီရိက္ခာများ ထောက်ပံ့ပေးရာ ကျောက်စုကျေးရွာရှိ အိမ်ထောင်စု ၁၆၂ စု၊ ဆရာဆရာမ ၁၂ ဦးနှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး၊ နမ့်ပိန်းလင်ကျေးရွာရှိ အိမ်ထောင်စု ၈၂ စုနှင့် ဆရာ ဆရာမ ခြောက်ဦး၊ မယ်ဆည်နမ်ကျေးရွာရှိ အိမ်ထောင်စု ၈၀၊ ဆရာ ဆရာမ ငါးဦးနှင့် ကျန်းမာရေးဝန်ထမ်းသုံးဦး၊ နမ့်ဟူးကျေးရွာရှိ အိမ်ထောင်စု ၄၂ စု၊ ဆရာ ဆရာမ လေးဦးနှင့် ကျန်းမာရေးဝန်ထမ်း တစ်ဦးတို့အတွက် တစ်အိမ်ထောင်လျှင် ပလတ်စတစ်ပုံးတစ်ပုံး၊ ဆန်နှစ်ပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲဆံ တစ်ပိဿာ၊ ဆားတစ်ထုပ်နှင့် ဆပ်ပြာနှစ်တောင့်စီတို့ကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် အခြေခံပညာကျောင်းများအတွက် ပုံပြင်စာအုပ်၊ ကဗျာစာအုပ်နှင့် ကဗျာသီချင်းခွေများကိုလည်း ကယားပြည်နယ် ရင်ခွင်မဲ့ကလေး လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲနှင့် မိုးရာသီ ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ ကယားပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူစိန်နှင့် အဖွဲ့ဝင်များ၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်ဝေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကာ အလားတူ ဟောပြောပွဲနှင့် မိုးရာသီရိက္ခာထောက်ပံ့ခြင်းကို ဇူလိုင် ၂၉ ရက်တွင်လည်း ဟိုဂျစ်၊ ဟိုဖ၊ တောင်လှ၊ လမ်းဆုံနှင့် လယ်တောကျေးရွာများ၌ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(မြန်/ဆက်)**



ကျေးရွာနေပြည်သူများအား မိုးရာသီရိက္ခာများ ထောက်ပံ့ပေးအပ်နေစဉ်

# တာချီလိတ်မြို့မသုသာန်သစ်၌ အဝီစိတွင်းတူးဖော်ရန် အလှူငွေများပေးအပ်

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ မြို့မသုသာန်သစ်နှင့် မီးသင်္ဂြိုဟ်စက်ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး တည်ဆောက်လျက်ရှိရာ ဆောက်လုပ်ရေးတွင်ပါဝင်သော အဝီစိတွင်းတူးဖော်ရေးလုပ်ငန်းအတွက် အလှူငွေ သိန်း ၁၀၀ ကို အလှူရှင်များက ဇူလိုင် ၂၈ ရက်တွင် လှူဒါန်းခဲ့သည်။

အဆိုပါသုသာန်ရှိ ဝန်ထမ်းများနှင့် အများသုံးသန့်စင်ခန်းများ၊ ပန်းခြံများတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော မြေအောက်ရေရရှိရေးအတွက် အဝီစိတွင်းတူးဖော်ရာတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၁၀၀ ကို တာချီလိတ်မြို့နေ ဟိုတယ်လုပ်ငန်းရှင်များက ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၂၂)**

**ကလေးသူငယ်တရားစီရင်ရေး**

၈၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ်တရားရုံးများ တည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်း မရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းနိုင်သည်။

၈၃။ ကလေးသူငယ်တရားရုံးသည် -

(က) ပြစ်မှုကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ ကလေးသူငယ်မှုခင်းတစ်ရပ်ကို ကြားနာစစ်ဆေးရာ၌ ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ ပြစ်မှုကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ကြောင်း အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားများကို စိစစ်ပြီး ဆုံးဖြတ်ချက် ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ထားရှိ ရမည်။

(ခ) ကလေးသူငယ်မှုခင်းကို ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်၏ အသက်မှာ ၁၈ နှစ် ပြည့်သွားသော်လည်း ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ဂ) စစ်ဆေးစီရင်နေစဉ်အတွင်း တရားစွဲဆိုတင်ပို့သော ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်လျော်သော နေရာသို့ဖြစ်စေ အုပ်ထိန်းရန် အပ်နှံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အာမခံဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်း မရှိသည့်အခါ နောက်ဆုံးနည်းလမ်းအဖြစ်သာလျှင် မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့ဖြစ်စေ၊ အခြားသင့်လျော်သော နေရာသို့ဖြစ်စေ စည်းကမ်းချက်များကို လိုက်နာစေလျက် ကလေးသူငယ်ကို အပ်နှံနိုင်သည်။ ထိုသို့ အပ်နှံသည့်ကာလသည် အတိုတောင်းဆုံး ဖြစ်စေရမည်။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ချုပ်မိန့် မပေးရ။

(စ) ကလေးသူငယ်ကို မည်သည့်ပြစ်မှုအတွက်မဆို ကလေးသူငယ်တရားရုံးရှေ့မှောက်သို့ တင်ပို့ပါက ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် စွဲဆိုသည့်ပြစ်မှုကို ရှင်းလင်းပြောကြားရမည်။

(ဆ) သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများကို ဝရမ်းမှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဇ) ပုဒ်မခွဲ (ဆ) ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မာန်မှု စစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဈ) ကလေးသူငယ်မှုခင်းတွင် ရှေ့နေငှားရမ်းထားစေကာမူ ကလေးသူငယ်က ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း မိမိကိုယ်ကို ကာကွယ်ပြောကြားရာတွင် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး သို့မဟုတ် တာဝန်ရှိ လူမှုဝန်ထမ်းအရာရှိတစ်ဦးဦးအား ကလေးသူငယ်ကို ကူညီဆောင်ရွက်ပေးရန် ခွင့်ပြုနိုင်သည်။

(ည) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရန် လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ ဆရာဝန်နှင့် စစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းများကို ကြားနာစစ်ဆေးရာတွင် -

(က) သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံတွင် ကြားနာစစ်ဆေးရမည်။ သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံမရှိပါက တရားရုံး ပုံမှန်ဖွင့်လှစ်၍ ကြားနာစစ်ဆေးသည့် နေရာမဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်းတွင် ပြုလုပ်ရမည်။

(ခ) မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ယူနီဖောင်း ဝတ်ဆင်ထားခြင်းမရှိသော တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့် သက်ဆိုင်သူများနှင့် ကလေးသူငယ်တရားရုံးက ခွင့်ပြုချက်ပေးထားသောသူများမှအပ အခြားမည်သူမျှ ကြားနာစစ်ဆေးသော နေရာတွင် မရှိစေရ။

(ဂ) ကလေးသူငယ်အတွက် ခုခံကာကွယ်ရန် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြားသင့်လျော်သူ တစ်ဦးဦးအား ကလေးသူငယ်ကိုယ်စား စစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့် လျှောက်လဲခြင်းတို့ ပြုနိုင်ရန် ခွင့်ပြုရမည်။

(ဃ) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူ ကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ အကြောင်းကြားရမည်။

(င) ကလေးသူငယ်နှင့် သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(စ) ကလေးသူငယ်မှုခင်းကို ဆောလျင်စွာ ကြားနာစစ်ဆေးပေးရမည်။

(ဆ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီး၊ ဥပဒေအရာရှိ၊ လူမှုဝန်ထမ်းအရာရှိ၊ ရဲအရာရှိ၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် သက်သေများ မြင်နိုင် ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြားမြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

၈၅။ ကလေးသူငယ်မှုခင်းကို ကြားနာစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးသည်-

(က) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ လာရောက်ရန် မလိုဟု ယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏မျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်းအချက်အလက် ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း မပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားအား တရားခွင်အတွင်း ဝင်ရောက်ခြင်း ခွင့်မပြုရ။

(ဂ) ကလေးသူငယ်ကြီးကြပ်သူအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးသို့ အကြောင်းကြားရမည်။

၈၆။ ကလေးသူငယ်တရားရုံးသည် ရဲတပ်ဖွဲ့က စုံစမ်းနေစဉ်အတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်းဖြစ်စေ ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်ကို ဖမ်းဆီးမိပြီး သက်ဆိုင်ရာတရားရုံးသို့ စွဲဆိုတင်ပို့သည့်အချိန်တွင် အသက် ၁၈ နှစ် ပြည့်သွားသော ကလေးသူငယ်မှုခင်းနှင့် စပ်လျဉ်း၍ -

(က) အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၂၀ နှစ် မပြည့်သေးလျှင် ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ခ) အသက် ၂၀ နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ်ဖြစ်သည့်အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။

ခြွင်းချက်။ ထိုသို့ ချမှတ်သည့်အခါ ကလေးသူငယ်ကဲ့သို့ မိဘ အုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်ခြင်း မပြုနိုင်။

၈၇။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ကလေးသူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားလျက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ဖြစ်ထွန်းစေပြီး စာရိတ္တပြုပြင်ပြောင်းလဲစေနိုင်မည့် အမိန့်ကို ချမှတ်ရမည် -

(က) ကလေးသူငယ်၏ အသက်အရွယ်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ်၏ ပတ်ဝန်းကျင်အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ကို ထိခိုက်စေခြင်းမရှိဘဲ ဖြစ်နိုင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သော အခြားအချက်များ။

၈၈။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်း မပြုရ။ ယင်းအား အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် သဘောထားပြီး ထောင်ဒဏ်ချမှတ်ရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကလေးသူငယ်အား ပြစ်မှုထင်ရှား စီရင်သည့်အခါ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ် ၂၀ မချမှတ်ရ။

(ဂ) ကလေးသူငယ် ကျူးလွန်သည့်ပြစ်မှုမှာ အောက်ပါအချက်နှစ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ် ချမှတ်ရမည်-

(၁) သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်ခြင်း၊

(၂) အကျင့်စာရိတ္တလွန်ကဲစွာပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရနိုင်သော ဆိုးသွမ်းနေသည့် ကလေးသူငယ်ဖြစ်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက် ၁၆ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် ခုနစ်နှစ်ထက်ပို၍လည်းကောင်း၊ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် တစ်ဆယ်နှစ်ထက်ပို၍လည်းကောင်း မချမှတ်ရ။

(င) ငွေဒဏ်တပ်ရိုက်ရန်ရှိလျှင် အသက် ၁၄ နှစ်ပြည့်ပြီး ဝင်ငွေရှိသည့် ကလေးသူငယ်ကို ငွေဒဏ်တပ်ရိုက်နိုင်သည်။ ငွေဒဏ်မဆောင်သည့် ထိုကလေးသူငယ်အား ထောင်ဒဏ် မချမှတ်ရ။ ထိုကလေးသူငယ်က ငွေဒဏ်မဆောင်လျှင် ကလေးသူငယ်၏ မိဘကိုလည်းကောင်း၊ မိဘမရှိလျှင် အုပ်ထိန်းသူကိုလည်းကောင်း ငွေဒဏ်တပ်ရိုက်ရမည်။

၈၉။ ကလေးသူငယ်တရားရုံးသည် ပုဒ်မ ၈၈၊ ပုဒ်မခွဲ (ဂ) ပါ အချက်နှစ်ရပ်နှင့် မငြိစွန်းသဖြင့် ထောင်ဒဏ်မချမှတ်သင့်သော ကလေးသူငယ်နှင့် စပ်လျဉ်း၍ အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဆိုဆုံးမ၍ လွှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် ပြစ်မှုကို နောက်ထပ်မကျူးလွန်စေရေးအတွက် ဟန့်တားရန်အလို့ငှာ ထိုကလေးသူငယ်ကို ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေမည်ဖြစ်ကြောင်း ခံဝန်ချုပ်ချုပ်ဆိုပြီး သုံးနှစ်ထက် မကျော်လွန်သော ကာလအတွက် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်လွှဲအပ်ပေးနိုင်သည်။

(ဃ) သုံးနှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်။

(င) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိသေးသော်လည်း မိဘအုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း ထိုကလေးသူငယ်ကို အနည်းဆုံး နှစ်နှစ်အထိဖြစ်စေ၊ အသက် ၁၈ နှစ် သို့မဟုတ် အသက် ၂၀ နှစ် ပြည့်သည်အထိဖြစ်စေ သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်။

(စ) ကလေးသူငယ်တရားသူကြီး၏ ဆင်ခြင်တုံတရားအရ သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များ သတ်မှတ်၍ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် သတ်မှတ်သည့် အချိန်ကာလတစ်ရပ်ထိ နေထိုင်စေရန် အမိန့်ချမှတ်နိုင်သည်။ သတ်မှတ်အချိန်ကာလပြည့်သည့်အခါ ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

၉၀။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၈၈ အရ ချမှတ်သော ထောင်ဒဏ်အပြင် ကလေးသူငယ်၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်သောသူတွင် ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူက ပြစ်မှုကျူးလွန်ခြင်းခံရသော ထိခိုက်နစ်နာသူ သို့မဟုတ် ဆုံးရှုံးသူသို့ သင့်လျော်သော လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်လျှင် ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရ ချမှတ်ခဲ့သောအမိန့်ကို လိုက်နာပြီးသော ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ် မပြုလုပ်ဘဲဖြစ်စေ ပြန်လည်အပ်နှံရန် မည်သည့်အချိန်တွင်မဆို ပြင်ဆင်၍ အမိန့်ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်၏ အကျင့်စာရိတ္တအခြေအနေ တိုးတက်ကောင်းမွန်မှု ရှိလာခြင်း၊

(၂) မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးသူငယ်ဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

*စာမျက်နှာ ၂၄ သို့*

*စာမျက်နှာ ၂၃ မှ*

၉၁။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုကိုကျူးလွန်ကြောင်း စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်တရားခံအတွက် တရားရုံးတွင် နိုင်ငံတော်စရိတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ရှေ့နေငှားရမ်းပေးရမည်။

(ခ) ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အကျဉ်းချမှတ်ခြင်းခံရသည့် ကလေးသူငယ်သည်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်းကြောင့် နစ်နာသူကလေးသူငယ်သည်လည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလိုသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများသည်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ရန် မိမိတို့၏ ကလေးသူငယ်မှုခင်းနှင့် သက်ဆိုင်သည့်ဒေသရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီတောင်းခံနိုင်သည်။

(ဂ) ကလေးသူငယ်တရားရုံးက ဤဥပဒေအရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့် ရှိစေရမည်။

(ဃ) ကလေးသူငယ်မှုခင်းနှင့် စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်သော တရားရုံးကဖြစ်စေ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ပေးပို့ရမည်။ အကယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခြင်းဖြစ်ပါက ထိုသို့ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

## အခန်း (၂၃)
## ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များ

၉၂။ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်သောအခါတွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ စောင့်ကြည့်ကြီးကြပ်မှုခံယူရန် ကလေးသူငယ်တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်ကို သတ်မှတ်ထားသော နည်းလမ်းဖြင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ဖွယ်ရာ ရှိကြောင်း သို့မဟုတ် ကလေးသူငယ်မှာ အန္တရာယ်ကျရောက်လျက် ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိနှင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကို တွေ့လျှင် ထိုကလေးသူငယ်ကို ထွက်ပြေးခဲ့သည့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ထွက်ပြေးသည့် ကလေးသူငယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရိုက်နှက်ဆုံးမခြင်း သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံစံတစ်မျိုးမျိုးဖြင့် ပြစ်ဒဏ်ပေးခြင်းကြောင့် ထွက်ပြေးခြင်းဖြစ်ပါက ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်အဖြစ် သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၊ ရပ်ရွာလူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော ကလေးသူငယ်နှင့် သက်ဆိုင်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၂၄)
## အကျဉ်းထောင်များတွင် ကလေးသူငယ်များကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်း

၉၃။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခံရသော ကလေးသူငယ်နှင့် ပတ်သက်၍ -

(က) ကလေးသူငယ်အသက် ၁၈ နှစ်ပြည့်သည်အထိ လူကြီးအကျဉ်းသားများနှင့် အတူတကွ မထားရှိရ။

(ခ) လူကြီးအကျဉ်းသားများ ဖြတ်သန်းသွားလာခြင်း မပြုနိုင်သည့် သီးခြားအဆောင် သို့မဟုတ် အခန်းတွင် ထားရှိရမည်။

(ဂ) မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေများနှင့်လည်းကောင်း၊ ရှေ့နေ၊ ဥပဒေအကြံပေးနှင့်လည်းကောင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုရမည်။ ယင်းတို့နှင့် ကလေးသူငယ်အကြား စာရေးသားဆက်သွယ်မှုနှင့် အခြားဆက်သွယ် ပြောဆိုမှုများကို လျှို့ဝှက်ထားရှိရမည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပစ္စည်းများမှအပ ကလေးသူငယ်ထံ ပေးပို့သည့် အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများပေးပို့ခြင်းကို လက်ခံခွင့်ပြုရမည်။

(င) အလုပ်ကြမ်းခိုင်းစေခြင်း သို့မဟုတ် အကျဉ်းဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ သတ်မှတ်ထားသော စခန်းသို့ ပို့လွှတ်ခြင်း မပြုရ။

(စ) ကလေးသူငယ်အား ကျန်းမာရေးစစ်ဆေးခြင်းကို မဖြစ်မနေ ပုံမှန်ပြုလုပ်ပေးပြီး လိုအပ်ပါက ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) ကလေးသူငယ်၏ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည့် သင်တန်းပို့ချခြင်း၊ ပညာသင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ကြားပေးခြင်းတို့ ပြုရမည်။

(ဇ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်အညီ ထောင်ဒဏ်မှ လျှော့ရက်ခံစားခွင့် ပေးရမည်။

၉၄။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် -

(က) ကိုယ်ဝန်ဆောင် အမျိုးသမီးအကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ အကျဉ်းထောင်ပြင်ပဆေးရုံ တစ်ခုခုတွင်သာ မီးဖွားနိုင်ရေး၊ မိခင်နှင့် ကလေး ပြုစုစောင့်ရှောက်ရေးတို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးရမည်။ အကယ်၍ အကျဉ်းထောင်အတွင်း မွေးဖွားရသည်ဆိုပါက အကျဉ်းထောင်အတွင်း မွေးဖွားကြောင်းကို ကလေး၏မွေးစာရင်းတွင် ဖော်ပြခြင်း မပြုရ။

(ခ) မိခင်အကျဉ်းသား၏ ကလေးသူငယ်ကို အကျဉ်းထောင်ပြင်ပတွင် အုပ်ထိန်းမည့်သူ သို့မဟုတ် ပြုစုစောင့်ရှောက်မည့်သူ မရှိလျှင်ဖြစ်စေ၊ အကျဉ်းထောင်တွင် ကလေးမွေးဖွားလျှင်ဖြစ်စေ မိခင်က ဆန္ဒရှိလျှင် ကလေးသူငယ် အသက် ၄ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ နေထိုင်ခွင့်ပြုရမည်။ အကယ်၍ ထိုကလေးသူငယ်ကို မိခင်က ဆန္ဒရှိပါက အသက် ၆ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ ဆက်လက်နေထိုင်ခွင့် ပြုနိုင်သည်။

(ဂ) အကျဉ်းထောင်တွင် မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်အတွက် အစားအသောက်နှင့် စားဝတ်နေရေး၊ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုတို့ ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။ ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ်များအတွက် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်။

(ဃ) မိခင်အကျဉ်းသားသည် အကျဉ်းထောင်တွင် ကွယ်လွန်သည့်အခါ အတူနေကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်သည် အသက် ၆ နှစ် ပြည့်လျှင်သော်လည်းကောင်း၊ ကလေးသူငယ်ကို ပြုစုစောင့်ရှောက်ရန်နှင့် အုပ်ထိန်းရန်အတွက် အစီအစဉ်များ ပြုလုပ်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

(င) ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းနေကလေးသူငယ်များ အကျဉ်းထောင်အတွင်း အတန်းပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်။

၉၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၉၄၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော ကလေးသူငယ်အား အုပ်ထိန်း၍ ပြုစုစောင့်ရှောက်ပေးမည့် ဆွေမျိုးသားချင်းများထံ အပ်နှံရမည်။ အကယ်၍ ဆွေမျိုးသားချင်းမရှိလျှင် ဤဥပဒေနှင့်အညီ သင့်လျော်သော ပြုစုစောင့်ရှောက်သူထံသို့ဖြစ်စေ၊ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းစဉ်ဖြင့်ဖြစ်စေ အပ်နှံစေနိုင်သည်။

## အခန်း (၂၅)
## ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း

၉၆။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ကလေးသူငယ်တရားရုံးရှေ့မှောက်တွင်ဖြစ်စေ၊ တရားရုံးတစ်ခုခုတွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် ပတ်သက်၍ -

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါ အခွင့်အရေးများအပြင် အောက်ပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည် -

(၁) တစ်ဦးချင်း လွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှု ရရှိခွင့်၊

(၂) ကလေးသူငယ်နှင့် သင့်လျော်သော ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုခွင့်၊

(၃) မည်သည့် မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှု ခံယူရရှိခွင့်၊

(၄) အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နှင့် သင့်လျော်သော ရိုးရှင်းသည့်စကား အသုံးအနှုန်းဖြင့် မေးခွန်းများ မေးမြန်းဖြေကြားခွင့်၊

(၅) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူက နှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်ခွင့်။

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် အခြားအကူအညီများရရှိရေးအတွက် သတင်းအချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် ကူညီစောင့်ရှောက်သူထံ ကူညီဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင် -

(၁) ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုစေဘဲ မှန်ကန်စွာထွက်ဆိုပါမည်ဟု ကတိသစ္စာပြုစေပြီး စစ်မေးရမည်။

(၂) ရှုပ်ထွေးသောမေးခွန်း၊ တစ်ဆက်တည်းမေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်း မပြုရ။

(၃) သက်သေခံအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိ သက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဖက်မှ ပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်း ပြုရာတွင်လည်းကောင်း၊ အခြားတစ်ဖက်မှ အမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ကူညီသူ သို့မဟုတ် ရှေ့နေက ပြန်လှန်စစ်မေးခြင်း ပြုရာတွင်လည်းကောင်း နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်း မပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတွင် သက်သေအဖြစ်ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း မပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်း မပြုရ။

(င) ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် ဆက်နွှယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရမည်။

၉၇။ ဝန်ကြီးဌာနသည် ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၂၆)
## အယူခံခြင်း

၉၈။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မွေးစားခြင်းကို မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၉၉။ (က) လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သော အောက်ပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည် -

(၁) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၂) ပုဒ်မ ၁၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၃) ပုဒ်မ ၃၁ အရ မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်ကို လိုက်နာရန် ပျက်ကွက်မှု သို့မဟုတ် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုအတွက် ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၄) ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ခ) အရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နမ့်ခမ်းမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များ လာရောက်ကုသမှုများပြား



**နမ့်ခမ်း ဇူလိုင် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ၊ ဗဟုဇနဟိတဓရမဟာဓမ္မကထိက) ဦးစီးသည့် မျက်စိအထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် မျက်စိဝေဒနာရှင်များအား ဇူလိုင် ၂၈ ရက်မှ စတင်ကာ အခမဲ့စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသဖြင့် လာရောက်ကုသသူ များပြားလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၉ ရက်တွင် မျက်စိခွဲစိတ်ရမည့်ဝေဒနာရှင်များအား အချိန်နှင့် တစ်ပြေးညီခွဲစိတ်ပေးခြင်း၊ မျက်မှန်တပ်ဆင်ရန်လိုအပ်သူများကို မျက်မှန်စစ်ဆေးတပ်ဆင်စေခြင်း၊ အခြားသော မျက်စိဝေဒနာရှင်များအား အထွေထွေကုသပေးခြင်းများကို ကျွမ်းကျင်သော မျက်စိဆရာဝန်များက ကုသဆောင်ရွက်ပေးကြသည်။

စေတနာရှင်အလှူရှင်များက အလှူငွေများ၊ဆေးဝါးများ၊ မျက်မှန်များ၊ ထမင်းဘူးများ၊ သောက်ရေသန့်များ လှူဒါန်းကြပြီး လာရောက်ကုသမှုခံယူကြသော မျက်စိဝေဒနာရှင်များအား သီတဂူဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ဇေယျသုခကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တဝိနယာ စာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် တာဝန်ရှိသူများက လိုက်လံအားပေးခဲ့ကြသည်။ **(ဝဲပုံ)**

လာရောက်ကုသမှု ခံယူကြသော မျက်စိဝေဒနာရှင်များတွင် နမ့်ခမ်းမြို့နယ်၊ မူဆယ်မြို့နယ်၊ ပန်ဆိုင်း(ကျူကုတ်)၊ ၁၀၅ မိုင်၊ နမ့်ဖတ်ကာ၊ ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသများမှ တိုင်းရင်းသားပြည်သူ မျက်စိဝေဒနာရှင်များပါဝင်ပြီး ဇူလိုင် ၃၁ ရက်အထိ စမ်းသပ်စစ်ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ဆိုင်ကယ်နှင့် လိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**တနသ်ာရီ ဇူလိုင် ၂၉**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ဦးစီးမှူး ဦးခင်မောင်လွင် ဦးဆောင်သောဝန်ထမ်းများနှင့် မြိတ်ခရိုင် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်းမှတ်ပုံတင်အဖွဲ့သည် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တွင် တနင်္သာရီမြို့နယ်အတွင်းရှိ ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးလိုင်စင်များ နှစ်လဲသက်တမ်းတိုးပေးခြင်းနှင့် လိုင်စင်အသစ်ပြုလုပ်ပေးခြင်းကို တနင်္သာရီခန်းမ၌ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါအဖွဲ့မှ ဆိုင်ကယ် ၁၂၉ စီး သက်တမ်းတိုးခြင်း၊ ဆိုင်ကယ် ၂၃၆ စီးလိုင်စင်အသစ်ပြုလုပ်ခြင်းနှင့် ဆိုင်ကယ် စီး ယာဉ်မောင်းလိုင်စင် နှစ်လဲသက်တမ်း တိုးသူ ၁၆ ဦးတို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

## ပဉ္စမအကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲ တောင်ငူမြို့၌ ကျင်းပ

**တောင်ငူ ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အ.ထ.က(၂) ဆရာကွန်းခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ပဉ္စမအကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကျင်းပရာ တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီ၏ သြဝါဒစရိယဆရာတော် ဘဒ္ဒန္တပဏ္ဍဝ (အဂ္ဂမဟာပဏ္ဍိတ) နဂါးရုံ ဆရာတော်ကြီးက အဖွင့်သြဝါဒကထာ မိန့်ကြားပြီး တောင်ငူခရိုင် ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ အရှင်သောပါက(မစုရဘာဏီ) ဆရာတော်မှ ဓမ္မစကူးလ်များ ရေရှည်တည်တံ့နိုင်ရေး မိန့်ကြားကာ တောင်ငူခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ဓမ္မစကူးလ်သင်ကြားပုံနှင့် စနစ်သစ်ပညာရေး ဆက်နွှယ်ပုံများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများလှူဒါန်းကြပြီး တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီ အတွင်းရေးမှူး မိုဘိုင်းလ်ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဦးကုမုဒက အလှူရှင်များအား ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြားသည်။ ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါသင်တန်းသို့ KG တန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ကြပြီး သင်တန်းကို ကျောင်းဖွင့်ရာသီတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း တစ်နှစ်ပတ်လုံး သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**၀၄၈**





## ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်း ကနဦးဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (GAFSP) တို့ ပူးပေါင်း၍ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်း ကနဦးဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် စိုက်ပျိုးပညာပေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စီမံကိန်းဒါရိုက်တာဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ADB မှ Project Officer ဖြစ်သူ Mr. SrinivasanAncha နှင့် FAO မှ ကိုယ်စားလှယ်များ၊ စီမံကိန်းဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများ၊ စီမံကိန်းအကောင်အထည်ဖော်ရေးတွင် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** Mr. Srinivasan Ancha က စီမံကိန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စီမံကိန်းတွင်ပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းနယ်ပယ်အလိုက် အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ချေးငွေအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းနှင့် Global Agriculture and Food Security Program (GAFSP) ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၇ သန်းဖြင့် တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင်ရှိသော မျိုးစေ့ထုတ်ခြံ ၁၀ ခြံတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေမည့် သီးနှံပုံစံရွေးချယ်သတ်မှတ်ရေး၊ စိုက်ပျိုးနည်းစနစ်နှင့် မျိုးရွေးချယ်ရေးလုပ်ငန်းစဉ်များတွင် ဈေးကွက်လိုအပ်မှုရှိသည့် ကွင်းဆက်အလိုက် တန်ဖိုးမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ၂၀၁၉ မှ ၂၀၂၅ ခုနှစ်အထိ စီမံကိန်းကာလ ၇ နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အဆိုပါစီမံကိန်းတွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် တန်ဖိုးကွင်းဆက်အလိုက် သီးနှံပုံစံများနှင့် မျိုးရွေးချယ်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကာ ယခုအလုပ်ရုံဆွေးနွေးပွဲကို သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



## မြို့နယ်အချို့၌ အသိပညာပေးဟောပြောပွဲများကျင်းပ

**နွားထိုးကြီး**

ကျောင်းသားကျောင်းသူများ မူခင်းဆိုင်ရာအန္တရာယ် လျော့နည်းစေရန် ရည်ရွယ်၍ နွားထိုးကြီးမြို့ လော်ဖြူအခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ နွားထိုးကြီးမြို့ မြို့နယ်မှူး ရဲမှူး အောင်ဇော်မိုးက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်မှု ဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်အကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှုလျော့နည်းစေရန် ဆောင်ရန် ရှောင်ရန်များ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**သန်းအောင်ဇော်**

**နောင်ချို**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့ အလက(ခွဲ)ကျောင်း၌ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ရာ နောင်ချိုမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းအောင်၊ ဥပဒေအရာရှိ ဒေါ်အိမ့်ပိုင်မှူး၊ နောင်ချိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေလင်းတို့က သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းထွန်း၊ မြို့နယ် ပညာရေးမှူး ဦးထန်ရှင်းခုပ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးသူတို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ပြစ်မှုပြစ်ဒဏ် အကြောင်းအရာများ၊ စာပေဗဟုသုတများ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လက်တွေ့ဖြစ်ပေါ်နေကြရသည့် လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများအား ရှင်းလင်းဟောပြောခဲ့ကြသည်။

**မော်လိုက်သားလေး**

**ဖခင်အမည်မှန်**

စစ်ကိုင်းမြို့နယ်၊ ဆွမ်းချက် အထက (ခွဲ) အဋ္ဌမတန်း(A)မှ မောင်မျိုးကိုကို အောင်၏ ဖခင်အမည်မှန်မှာ ဦးလင်း အောင် ၅/စကန(နိုင်)၁၈၅၅၂၀ ဖြစ်ပါကြောင်း။ **ဦးလင်းအောင်**

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အထက (သစ်ပုတ် ပင်) အဋ္ဌမတန်းမှ မယွန်းဝတီ၏ဖခင် အမည်မှန်မှာ ဦးထွန်းမင်းလတ် ၉/လဝန(နိုင်)၁၃၀၀၅၃ ဖြစ်ပါ ကြောင်း။ **ဦးထွန်းမင်းလတ်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်ဝင်း ၉/လဝန (နိုင်)၁၃၅၁၇၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၅၅၄၈၁၅၈**

**မိခင်အမည်မှန်**

မုဒုံမြို့၊ အထက(၃) ဆဋ္ဌမတန်း (က)မှ မကြယ်စင်ဦး၏ မိခင်အမည် မှန်မှာ ဒေါ်ယဉ်ထော ၁၀/မဒန(နိုင်) ၁၀၂၀၈၅ ဖြစ်ပါကြောင်း။ **ဒေါ်ယဉ်ထော**

**အိမ်ခြံမြေ သင်တန်း**

**ကြည်စိုး I.C**

09-510 4041

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D) မှ ဦးလှမြင့်၏သမီး မလင်းလက် မိုးမြင့်နှင့် မလင်းလဲ့မိုးမြင့် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်မှန်**

ဘုတလင်မြို့၊ မြဝတီရပ်ကွက်နေ ဦးစိုးဝင်း ၅/ဘတလ(နိုင်)၀၀၀၇၁၇ ၏သား မောင်ရတီစိုး ၅/ဘတလ (နိုင်)၁၂၂၇၃၄ ၏ အမည်မှန်မှာ မောင်ရဒီစိုး ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မြို့နယ် အမှတ်(၅)အထက တက္ကသိုလ် ဝင်တန်း(C)မှ မအိသဥ္ဇာမျိုး၏ မိခင် အမည်မှန်မှာ ဒေါ်ဇာဖြစ်ပါကြောင်း။ **ဒေါ်ဇာ**

**မိဘအမည်မှန်**

လယ်ဝေးမြို့၊ အထက (သစ်ပုတ် ပင်) တက္ကသိုလ်ဝင်တန်း(A)မှ မဖူး ပွင့်စံ၏ မိဘအမည်မှန်မှာ ဦးရည် မြင့်ထွန်းနှင့် ဒေါ်ချိုချိုဝင်း ဖြစ်ပါ ကြောင်း။ **ဦးရည်မြင့်ထွန်း-ဒေါ်ချိုချိုဝင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးမျိုးခိုင် ၉/တကန (နိုင်)၀၀၀၁၁၇၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၄၃၈၈၀၄၁**

**မိခင်အမည်မှန်**

မုဒုံမြို့၊ အထက(၃) တက္ကသိုလ် ဝင်တန်း(ဂ)မှ မကျော့ကေခိုင်၏မိခင် အမည်မှန်မှာ ဒေါ်နီနီချို ၁၀/ရမန (နိုင်)၁၀၅၈၃၅ ဖြစ်ပါကြောင်း။ **ဒေါ်နီနီချို**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/4703၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ဖခင်အမည်မှန်**

မြိုင်မြို့နယ်၊ ကိုင်းတောမကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်မြင့်ဦး(ကျောင်းဝင်အမှတ် ၉၅၂၀)၏ ဖခင်အမည်မှန်မှာ ဦးတိုးကြွယ် ၈/မမန(နိုင်)၁၅၈၁၂၉ ဖြစ်ပါကြောင်း။ **ဦးတိုးကြွယ်**

**ဖခင်အမည်မှန်**

စိုင်ပြင်မြို့ အထက တက္ကသိုလ် ဝင်တန်းမှ မဂျူးဂျူးနိုင်၏ ဖခင် အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၅/ထခန(နိုင်)၀၅၇၉၃၃ ဖြစ်ပါ ကြောင်း။

**အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခြင်း**

No.62, BIDEFORD WAY, CANNOCK STAFFORD SHIRE, WSII IQA,UK နေ ဒေါက်တာဌေးနိုင် (ဘ) ဦးဝင်းရှိန် (CE-064068)မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီအိမ်ရာ၊ အမှတ်(၆)နေ ဦးစိုင်းအောင်မင်းလတ် (ဘ)ဦးအိုက်ချန်(ခ) အန်ချန် ၁/မကန(နိုင်)၀၅၂၆၅၀အား (၅-၁၀-၂၀၁၅)ရက်စွဲပါ မှတ်ပုံတင် အမှတ်(၂၁၀/၂၀၁၅)ဖြင့် Myanmar Embassy London,First Secretary ဦးWAN KOKO ရှေ့မှောက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ် ခြင်းအား ဆက်လက်လွှဲအပ်ထားရန်မလိုအပ်တော့၍ ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါက်တာဌေးနိုင် (ဘ) ဦးဝင်းရှိန်**
**(CE-064068)**

**ဖခင်အမည်မှန်**

ရေနံချောင်းမြို့၊ အထက(လည်ပေါ်) သတ္တမတန်း(A)မှ မောင်သန်းဇော် လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော် နိုင် ၃/မဝတ(နိုင်)၀၅၈၈၀၅ ဖြစ်ပါ ကြောင်း။ **ဦးကျော်နိုင်**

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၄) ဦးချစ်မောင်လမ်း၊ ဦးချစ်မောင် အိမ်ရာ၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ WM Quan Dat Co.,LTD မှ Custom Import Declaration Form No.

(1) 100094890600
(2) 100094032841
(3) 100094479000
(4) 100093982000
(5) 100096808120

သည် ပစ္စည်းထုတ်ယူပြီး ဖိုင်တွဲများ ပျောက်ဆုံးသွားပါကြောင်းနှင့် တွေ့ရှိ ပါက ဖုန်း-၀၉-၇၇၇၀၀၆၄၇၈ သို့ အကြောင်းကြားပေးပါရန်။

**ဖခင်အမည်မှန်**

လှည်းကူးမြို့နယ်၊ အထက(၁) လှည်းကူး နဝမတန်း(E)မှ မောင်ထည်ဝါဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်ဦး**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ အမက(၁၈)၊ တတိယတန်း (A)မှ မောင်ကြယ်ဇင်ထွန်း၏ ဖခင် အမည်မှန်မှာ ဦးဟန်ဝင်းလှိုင် ၁၂/ ဥကမ(နိုင်)၁၉၉၅၆၁ ဖြစ်ပါကြောင်း။ **ဦးဟန်ဝင်းလှိုင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်း ကြီးမြို့ အထက တက္ကသိုလ်ဝင် တန်း (D) မှ မရာသက်ပန်ချို၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး ၅/မရန (နိုင်)၂၈၇၅၀၂ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မုဒုံမြို့၊ အထက(၃) သတ္တမတန်း (ခ)မှ မခင်မာကို၏ဖခင်အမည်မှန်မှာ ဦးမြင့်သန်း ၆/မမန(နိုင်)၂၄၅၁၆၄ ဖြစ်ပါကြောင်း။ **ဦးမြင့်သန်း**

**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ဦးဗန်ဗွန်၏သမီး ကလေးမြို့နယ်၊ စခန်းကြီးရွာနေ မအေးမာဆွေ၏ အမည်မှန်မှာ မသျှန်းနိုင်တလိန်း ဖြစ် ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၇- ၂၀၀၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့ နယ်၊ ဆင်ခြေယာကျေးရွာနေ မဖြူ ဖြူဖွေး (တက္ကသိုလ်ဝင်တန်း)နှင့် မနှင်းနှင်းနွယ်(အဋ္ဌမတန်း)တို့၏ ဖခင် အမည်မှန်မှာ ဦးဇော်မျိုးမင်းသူ ၈/ရစက (နိုင်)၁၅၄၀၃၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ် အထက(ခွဲ) ဆုံကုန်း သတ္တမတန်းမှ မစံပယ်ဦး၊ ဆဋ္ဌမတန်း Grade-6 မှ မောင်ချမ်းပြည့်အောင်၊ တတိယတန်းမှ မောင်ချမ်းမျိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်တင် ၅/ဒပယ(နိုင်)၀၇၆၅၂၁ ဖြစ်ပါကြောင်း။




**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄ ၁၀၊၄)စီးယာဉ်များနှင့် Saloon,Vanကားမျိုးစုံ ငှားရမ်းပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိ သည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) ဆုံကုန်း ဆဋ္ဌမတန်း Grade -6 မှ မစုသန္တာ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၅/ဒပယ(နိုင်)၀၉၁၃၄၁ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ စတုတ္ထတန်းကျောင်းသူ မခင်ဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြတ်ထွန်း ၈/ပမန (နိုင်)၁၂၄၃၂၅ ဖြစ်ပါကြောင်း။ **ဦးမြတ်ထွန်း**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ ကမ်းပျိုကျေးရွာ အထကမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မနုဝါခိုင်၊ ပိတ်တောကျေးရွာ အထက(ခွဲ)မှ ဆဋ္ဌမတန်း ကျောင်းသူ မနုဝါလှိုင်နှင့် ငွေကြီးယိုကျေးရွာ အမကမှ တတိယတန်းကျောင်းသူ မပန်းအိဖြူ တို့၏ဖခင်အမည်မှန်မှာ ဦးပို ၈/ပမန(နိုင်) ၀၄၁၀၅၁ ဖြစ်ပါကြောင်း။ **ဦးပို**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မမေသူကျော်၏ ဖခင်အမည်မှန်မှာ ဦးလုံး ၈/ပမန(နိုင်) ၀၄၄၆၀၄ ဖြစ်ပါကြောင်း။ **ဦးလုံး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၂ယ/၂၇၀၇၂ Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုတင်ဇာဝေ ၉/သပက(နိုင်)၀၆၄၆၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) ဆုံကုန်း တက္ကသိုလ်ဝင်တန်းမှ မစုနှင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော် ၅/ဒပယ(နိုင်)၁၂၃၉၆၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) ဆုံကုန်း တက္ကသိုလ်ဝင်တန်းမှ မဇင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးတာ ၅/ဒပယ(နိုင်)၀၅၆၈၅၂ ဖြစ် ပါကြောင်း။

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ တတိယတန်း ကျောင်းသား မောင်ဥက္ကာ ဖြိုး၏ဖခင်အမည်မှန်မှာ ဦးဆွေနိုင် ၈/ပမန (နိုင်)၁၀၈၄၇၈ ဖြစ်ပါကြောင်း။ **ဦးဆွေနိုင်**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ ကျားပစ်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မလှဝင်း ခိုင်၏ဖခင်အမည်မှန်မှာ ဦးကျော်အောင် ၈/ပမန(နိုင်)၀၁၈၃၂၉ ဖြစ်ပါကြောင်း။ **ဦးကျော်အောင်**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်းမှ Grade-6 ကျောင်းသား မောင်နေတိုး လင်း၏ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ထွန်း ၈/ပမန(နိုင်)၀၉၅၂၈၀ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ထွန်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 64W/52053 Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိုက်ထွန်း ၉/ပသက(နိုင်)၀၀၂၆၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ အလက သိမ္ဗာ ဆဋ္ဌမတန်းမှ မောင်ဝင်းမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဘိုကျော်နိုင် ၅/ဒပယ(နိုင်)၀၇၉၈၈၇ ဖြစ်ပါ ကြောင်း။

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) ဆုံကုန်း တက္ကသိုလ်ဝင်တန်းမှ မဇာဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၅/ဒပယ(နိုင်) ၀၅၇၀၈၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ဆဋ္ဌမတန်းကျောင်းသူ မဟေမာန်အောင်နှင့် တတိယတန်းကျောင်းသား မောင်ရွှေဦး မောင်တို့၏ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း အောင် ၈/ပမန(နိုင်)၀၀၆၈၂၅ ဖြစ်ပါ ကြောင်း။ **ဦးကျော်ထွန်းအောင်**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ် ဝင်တန်းကျောင်းသူ မငြိမ်းစုခိုင်နှင့် နဝမ တန်းကျောင်းသူ မငြိမ်းစုဌေးတို့၏ ဖခင် အမည်မှန်မှာ ဦးဆန်းအောင် ၈/ပမန(နိုင်) ၀၇၈၇၈၆ ဖြစ်ပါကြောင်း။ **ဦးဆန်းအောင်**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ Grade-6 ကျောင်းသား မောင်ဇင်ကိုဌေး ၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင်ဦး ၈/ပမန(နိုင်)၁၇၃၆၉၀ ဖြစ်ပါကြောင်း။ **ဦးသန်းလွင်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9U/1250 J RC-150 T/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြစိုး ၉/မနမ(နိုင်)၁၀၉၇၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ရခိုင်ပြည်နယ်၌ နေ့ရာသီသောက်သုံးရေရှားပါးမှုအား ဖြေရှင်းနိုင်ရန် နှစ်စဉ်ရေတိုရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

အစည်းအဝေးတွင် မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **ပင်စင်ကိစ္စနှင့် ပတ်သက်၍ ဝန်ထမ်းတစ်ဦးကွယ်လွန်ခဲ့ပါက ၎င်း၏ ကျန်ရစ်သူဇနီး (သို့မဟုတ်) ခင်ပွန်းအား ခွင့်ပြုရာ၌ ညီမျှမှုမရှိသည့်အတွက် ပြင်ဆင်ပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ -၂၄၉၊ နည်းဥပဒေခွဲ (က) တွင် ကျန်ရစ်သူ တရားဝင်ခင်ပွန်း (သို့မဟုတ်) ဇနီးသည် နောက်အိမ်ထောင်ပြုပါက မိသားစုပင်စင်ခံစားခွင့်မရှိစေရဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

## မိသားစုပင်စင်အကျိုးခံစားခွင့်များကို နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ

မိသားစုပင်စင်ခံစားခွင့်ရရှိသူ ခင်ပွန်းသည် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်မတိုင်မီ နောက်အိမ်ထောင်ပြုခဲ့သူဖြစ်ပါက မိသားစုပင်စင် ဆက်လက်ခံစားခွင့် ရရှိနိုင်ပါကြောင်း၊ ယင်းရက်နှင့်နောက်ပိုင်း နောက်အိမ်ထောင်ပြုပါက နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်း ဥပဒေ-၂၄၉၊ နည်းဥပဒေခွဲ(က)အရ မိသားစုပင်စင် ဆက်လက်ခံစားခွင့် မရှိပါကြောင်း၊ အဆိုပါရက်မှစ၍ နောက်ပိုင်း ကျန်ရစ်သူ တရားဝင်ဇနီး ခင်ပွန်းများ၏ မိသားစုပင်စင်အကျိုးခံစားခွင့်များကို နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဇနီး/ခင်ပွန်း နောက်အိမ်ထောင်ပြုပါက မိသားစုပင်စင် ခံစားခွင့်မရှိစေခြင်းကြောင့် ညီမျှမှုရှိပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒


ဘိုကလေး - စက်ဆန်းလမ်းပိုင်းပြုပြင်မည်ဖြစ်သောကြောင့် မော်တော်ယာဉ်သွားလာခွင့် ခေတ္တကန့်သတ်မည် စာ-၂

(၅၃)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ပြိုင်ပွဲအတွက် ပထမလက်ရွေးစင် အားကစားသမားများ ရွေးချယ် စာ-၁၂

ဖားကန့်၌ တောင်ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးနေသည့် ရုပ်အလောင်းငါးလောင်း ထပ်မံရှာဖွေတွေ့ရှိ စာ-၁၃


# ဆီးဂိမ်း အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပမည့်ရက် ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၂၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပမည့်ရက် ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

ဖိလစ်ပိုင်အိုလံပစ် ကော်မတီသည် ဆီးဂိမ်းပြိုင်ပွဲ၏ ဘောလုံးအားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ၁၁ နိုင်ငံစလုံး ယှဉ်ပြိုင်မည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် ရစ်သင်းဖြင့် ကျင်းပမည်ဟု ထုတ်ပြန်ထားသည်။ အမျိုးသမီးပြိုင်ပွဲကို ရစ်သင်းဖြင့် ကျင်းပမည်ဟု ထုတ်ပြန်ထားသော်လည်း လက်ရှိအချိန်ထိ

စာမျက်နှာ ၁၂ ကော်လံ ၅ ◆



၂၀၁၇ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်မှုကိုတွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်


## ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

ခွန်ကျော်နိုင်
၂၀.၃.၂၀၁၉ ၀၉-၂၅၄၅၇၇၆၆၂
- အန္တရာယ်ကင်း၍ စိတ်ချမ်းသာရပါသည်။
ဦးစန္ဒိမာ (လက်ပံတန်း ၀၉-၇၆၄၁၀၈၅၆၃)
- သာသနာအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်ပါစေ။
ဦးဉာဏဒီပ (မုံရွာ ၀၉-၂၅၉၀၃၈၇၈၇)
- ခင်နန္ဒာနှင့်သာ သွားသင့်ကြောင်း။
ဒေါ်ကုသလစာရီ (မုံရွာ ၀၉-၃၀၆၂၀၇၃၉)
- ခရီးစဉ်တစ်ခုလုံး ကောင်းမွန်ပါသည်။
ဦးဗကို (စမ်းချောင်း ၀၉-၅၁၉၅၁၁၇)
- ထင်တာထက်ကို ပို၍ ဝန်ဆောင်မှုကောင်းပါသည်။ ဒေါ်ဝင်းရီ (မုံရွာ ၀၉-၇၉၄၁၃၃၃၀)
- ဝမ်းသာကျေနပ်မိပါသည်။
ဒေါ်ခင်မာကြွေ (မုံရွာ ၀၉-၃၃၁၀၀၂၆၄)
- အစမှအဆုံးတိုင် ကူညီဆောင်ရွက်ပေး၍ ကျေးဇူးတင်ပါသည်။
ဒေါ်မြသန်းတင့် (မိုးကုတ် ၀၉-၂၅၆၁၇၆၉၁၇)

အောင်ခိုင်ဆင့်
၂၀.၃.၂၀၁၉ ၀၉-၄၂၀၀၆၆၈၈၄
- အမြဲသတိရနေမှာပါ ခင်နန္ဒာ။
ဦးဘုန်းမြင့် (ညောင်တုန်း ၀၉-၂၀၂၄၉၇၆)
- လိုသောဆုတွေ ပြည့်စေမှာ၊ အရောက်သာ လှမ်းခဲ့ပါ...ခင်နန္ဒာ။
ဂီတမျိုးညမွှေးပန်း ကိုဇော်ဟိန်း (ကမာရွတ် ၀၉-၂၅၁၈၀၆၂၂၄)
- နောက်တစ်ကြိမ် ခင်နန္ဒာနှင့် ဆုံချင်ပါသည်။
ဒေါ်ခင်မာကြည် (ကနီ ၀၉-၉၆၉၉၁၄၁၈၂)
- လိုတာထက် အထူးကောင်းပါတယ်။
ဒေါ်ခင်မေ (စမ်းချောင်း ၀၉-၇၆၇၀၁၆၀၀၄)
- စိတ်ချမ်းမြေ့ခဲ့ရပါသည်။
ဒေါ်ညွန့်ရီ (တ/ဥက္ကလာ ၀၉-၇၁၁၆၄၆၁၄)
- လုံခြုံနွေးထွေး စိတ်အေးချမ်းမှုရ...
ဒေါ်ပိုးမိုမို့ကျော် (ချောက် ၀၉-၂၅၀၁၈၁၉၁၂)
- အထူးကောင်းတဲ့ အဖွဲ့ပါ။
ဒေါ်ခင်မြင့်မေ (ကမာရွတ် ၀၉-၇၉၄၅၇၅၀၁၆)

ဖြိုးလင်းကျော်
၂၀-၃-၂၀၁၉ ၀၉-၂၅၀၀၁၉၉၄၂
- ကုသိုလ်များ ရရှိပွားများခဲ့ရပါသည်။
ဦးအေးရို (တ/ဥက္ကလာ ၀၉-၅၁၀၀၉၇၂)
- နောင်လည်း ခင်နန္ဒာနှင့်ဘဲ ထပ်သွားချင်ပါတယ်။ ဒေါ်ထိုက်ထိုက်အောင်
(မြောက်ဒဂုံ ၀၉-၂၅၁၁၅၆၀၉၅)
- ဗုဒ္ဓဂယာဆိုရင် ခင်နန္ဒာနဲ့သွားကြပါရန်။
ဒေါ်လှစိန် (ဒလ ၀၉-၂၅၁၅၁၆၇၂၂)
- စေတနာမှာ ခင်နန္ဒာ။
ဒေါ်ချို (မန္တလေး ၀၉-၄၀၂၅၈၁၁၅၁)
- ဦးဆောင်မှုမှာ ခင်နန္ဒာ။
ဗိုကုမာရီ (မန္တလေး ၀၉၆-၂၅၉၀၄၆၈၈၆)
- အမြဲကောင်းပါစေ။
ဦးခင်မောင်လှ (ကြံခင်း ၀၉-၇၉၈၁၄၄၁၄၈)
- အားလုံးကောင်းပါသည်။ မအိမွန်ကျော် (တောင်တွင်းကြီး ၀၉-၉၆၉၁၇၇၀၈၉)
- အလွန့်အလွန် စိတ်ချမ်းသာပါသည်။
ဦးအောင်သိန်းမြင့် (မြောက်ဒဂုံ ၀၉-၂၅၁၁၅၆၀၉၅)

ဖင်အောင်ထွေး
၂၃-၃-၂၀၁၉ ၀၉-၄၄၈၀၁၁၇၄၆
- နောင်ဒီ့ထက်တိုးတက်နိုင်ပါစေ။
ဦးကုန္ဒာစာရ (ပဲခူး ၀၉-၇၇၉၉၇၄၄၂၉၆)
- နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓဂယာဘုရားဖူးသွားချင်ပါသည်။
ဦးဥက္ကံသ (တိုက်ကြီး ၀၉-၄၅၀၀၁၉၈၁၉)
- အလွန်ပျော်စရာကောင်းလှပါသည်။
ဦးဝရဉာဏ (မန္တလေး ၀၉-၂၀၅၉၅၅၂)
- စိတ်ချမ်းသာကြရပါတယ်ရှင်။
ဒေါ်မြင့်ဆွေ (ဖျာပုံ ၀၉-၇၈၁၀၁၈၁၄၄)
- သားနှင့်သမီးကို နောင်နှစ်တွေမှာ ထည့်ပါမည်။ ဒေါ်ခင်ရီ (မြင်းခြံ ၀၉-၉၆၂၂၄၉၉၁၉)
- နောင်နှစ်မှာလည်း မိသားစုလိုက်သွားချင်ပါသည်။
ဒေါ်ရင်မေ (မန္တလေး ၀၉-၇၈၈၆၈၀၂၆၁)
- ဆေးဝါးကုသပေးပြီး မိဘသဖွယ်ပြုစုပါသည်။
ဒေါ်မုမုမြင့် (ပျဉ်းမနား ၀၉-၅၀၉၁၄၇၁၁၉)
- ခင်နန္ဒာရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်။
ဒေါ်တင်တင်ခိုင် (မိုးကုတ် ၀၉-၄၀၂၅၆၁၁၄၆)


## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မိုး/ဇလ